# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

သူတော် သူမြတ် သူကောင်းသည်
ကိုယ့်အတွက်ပင်ဖြစ်ဖြစ်
သူ့အတွက်ပင်ဖြစ်ဖြစ်
သားမြေးရဖို့ မတ ကောင်း။
စီးပွားဖြစ်ဖို့ မတ ကောင်း။
တိုင်းပြည်ရဖို့ မတ ကောင်း
အဓမ္မပြု မကောင်းမှုဖြင့်
ကိုယ်ကြီးပွားဖို့ မတ ကောင်း …….။
ဓမ္မပဒ၊ ပဏ္ဍိတဝဂ်-၈၄၊
(မြန်မာပြန်-မင်းသုဝဏ်)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၃)

# နယ်စပ်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် မောင်တော(ကညင်ချောင်း) ကုန်သွယ်ရေးဇုန် ရင်းနှီးမြှုပ်နှံမှု စတင်နိုင်ပြီ

**ရန်ကုန် မေ ၂၄**

နယ်စပ်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ရခိုင်ပြည်နယ် မောင်တော(ကညင်ချောင်း)ကုန်သွယ်ရေးဇုန်သည် ယခုလက်ရှိအခြေအနေတွင် ရာခိုင်နှုန်းအားဖြင့် ၉၀ ကျော် ပြီးစီးနေပြီဖြစ်၍ နိုင်ငံတစ်ဝန်း စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုစတင်နိုင်ပြီဖြစ်ကြောင်း မောင်တော နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

"ယခုလက်ရှိအခြေအနေအရ ကျွန်တော်တို့ မောင်တော(ကညင်ချောင်း) ကုန်သွယ်ရေးဇုန်ဟာ အရင်အစိုးရအစပျိုးမှုနဲ့ လက်ရှိ မောင်တောဒေသ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ကြိုးပမ်းလုပ်ဆောင်မှုကြောင့် တော်တော်လေး ပြီးမြောက်အောင်မြင်နေပါပြီ။ ပြောရရင် လုပ်ငန်းတွေတော်တော်များများ ပြီးစီးနေပြီလို့ပြောရမှာပါ။ ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၉၀ ရာခိုင်နှုန်းလောက်တော့ ပြီးနေပါပြီ။ လက်ရှိအနေအထားအရ ဒေသခံစီးပွားရေးလုပ်ငန်းရှင် ၂၀ က လာရောက်ရင်းနှီးမြှုပ်နှံထားပေမယ့် အခြေအနေအရ

■ **သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

ဒေသခံတွေကို ဆက်ပြီးလက်မခံတော့ပါဘူး။ အနည်းအကျဉ်းလောက်ပဲ ထပ်မံလက်ခံဖို့ရှိပါတယ်။ အခြားနိုင်ငံတစ်ဝန်းက စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ထားပါတယ်"ဟု ယနေ့နံနက် ၉ နာရီတွင် UMFCCI ၌ ပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ●

# ပြည်သူများ အပန်းဖြေနိုင်ရန် ကျုံးတောင်ဘက်ခြမ်းတွင် အခမဲ့ဥယျာဉ်တစ်ခုတည်ဆောက်မည်

**မန္တလေး မေ ၂၄**

မန္တလေးမြို့လယ်ဖြစ်သော ကျုံးမြို့ရိုးတောင်ဘက်ခြမ်း မြို့ရိုးနှင့် ကျုံးအကြားတွင် အများပြည်သူ အနားယူအပန်းဖြေနိုင်စေရန်အတွက် အခမဲ့ဥယျာဉ်တစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

"မြို့လယ်ကောင်မှာ ပြည်သူတွေ အပန်းဖြေအနားယူဖို့ ဥယျာဉ်မရှိသေးလို့ နိုင်ငံတကာအဆင့်မီအောင် တည်ဆောက်ဖို့ အစီအစဉ်ရှိတယ်။ နန်းမြို့ရိုး၊ ကျုံးအလှနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကို မထိခိုက်စေဘဲ ပြည်သူတွေ အပန်းဖြေဖို့နဲ့ အားကစားလေ့ကျင့်ဖို့လုပ်ပေးမှာပါ။ ရက် ၁၀၀ စီမံချက်ထဲမှာပါဝင်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄






**ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ**

၂၄-၄-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၈ ဒသမ ၀ |
| ရန်ကုန်မြို့ | ၉ ဒသမ ၉ |
| မန္တလေးမြို့ | ၁၁ နှင့်အထက် |

**မြန်မာနိုင်ငံ၏ အသက်သွေးကြော လယ်ယာကဏ္ဍ**

သင်္ဂဟ၏ ဆောင်းပါး စာ ➤ ၆

**တူရကီရှိ ဆီးရီးယားဒုက္ခသည်များအတွက် အီးယူ ယူရိုတစ်သန်းကူညီမည်**

စာ ➤ ၁၀



# ခရမ်းလွန်ရောင်ခြည်နှင့် သနပ်ခါး

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်နေကြောင်း မီဒီယာများမှတစ်ဆင့် သတိပေးလျက်ရှိသည်။ နေပူထဲမှာ မသွားမဖြစ် သွားကြရမည့်သူများ၊ နေရောင်အောက်တွင် မလုပ်မဖြစ်အလုပ်လုပ်ကြရမည့်သူများ သတိပြုဖွယ်အခြေအနေဖြစ်သည်။

မြေကမ္ဘာနှင့် မိုင်ပေါင်း ၉၃ သန်းခန့် အကွာအဝေးရှိ နေမှ ထုတ်လွှတ်လိုက်သည့် နေရောင်ခြည်တွင်ပါဝင်သော ရောင်စဉ်ခုနစ်မျိုးကို လူတို့မျက်စိဖြင့် မြင်နိုင်သည်။ အလင်းလှိုင်း အလျား နာနိုမီတာ ၄၀၀ မှ ၇၆၀ အတွင်းရှိသော ခရမ်း၊ မဲနယ်၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီ တို့ကိုသာမြင်နိုင်ပြီး နာနိုမီတာ ၄၀၀ အောက်ရှိ ခရမ်းလွန်ရောင်ခြည် ( **Ultra Violet Rays**) နှင့် နာနိုမီတာ ၇၆၀ အထက်ရှိ အနီအောက်ရောင်ခြည် (**Infrared Rays**)တို့ကိုမူ လူတို့မျက်စိနှင့် မြင်နိုင်ခြင်းမရှိ။ နေရောင်ခြည်တွင်ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် (**UV rays**) ၏ ၉၈ ဒသမ ၇ ရာခိုင်နှုန်းကို ကမ္ဘာ့လေထုလွှာက စုပ်ယူထားလိုက်ပြီး ၂ ဒသမ ၃ ရာခိုင်နှုန်းသာ မြေပြင်ပေါ်ကျရောက်လာခဲ့ရာ ယင်းမှလူတို့အတွက် ကောင်းကျိုး၊ ဆိုးကျိုးတို့ ရရှိနိုင်သည်။

အတန်အသင့်သော နေရောင်ခြည်၏ ခရမ်းလွန်ရောင်ခြည်သည် လူသားတို့ခန္ဓာကိုယ် ကြွက်သားများနှင့် အရိုးများသန်မာရေးအတွက် ဗီတာမင်-ဒီ ကို အကျိုးပြုနိုင်ပြီး အချို့သောအရေပြားရောဂါများ ကုသမှုတွင်လည်း အထောက်အကူပြုနိုင်သည်။ လွန်ကဲသောခရမ်းလွန်ရောင်ခြည်က လူသားတို့ကို နေလောင်ခြင်း၊ အိုမင်းရင့်ရော်စေခြင်း၊ မျက်စိထိခိုက်စေခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း စသည့် အန္တရာယ်များ ကျရောက်နိုင်ခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (**UV Index**) များ သတ်မှတ်ကာ သတိပေးချက် ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

**UV Index** အလိုက် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များမှာ-

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း(၃ အောက်)- နေပူထဲတွင် အကာအကွယ်မဲ့ သွားလာသည့်တိုင်အောင် အန္တရာယ်မရှိနိုင်ပါ။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း(၃ နှင့် ၆ ကြား)- ထီး၊ ဦးထုပ် အကာအကွယ်ဖြင့်သာ နေပူထဲသို့သွားလာသင့်သည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (၆ နှင့် ၉ ကြား)- အရေပြား၊ မျက်စိတို့ကို နေရောင်ခြည်နှင့်တိုက်ရိုက် မထိတွေ့စေသင့်ပေ။ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ ကာကွယ်ဝတ်ဆင်ပြီးမှ နေပူထဲသွားလာသင့်သည်။ နေရောင်ဒဏ်ခံ လိမ်းဆေးများ လိမ်းသင့်သည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း(၁၀ မှ ၁၁ ထိ)- နေရောင်နှင့် ထိတွေ့ချိန်ကြာမြင့်ပါက အရေပြားနှင့် မျက်စိကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်လာနိုင်သည်။ တတ်နိုင်သမျှ အရိပ်ထဲတွင်နေသင့်ပြီး မလွှဲမရှောင်သာ နေပူထဲသွားရမည်ဆိုပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ အင်္ကျီလက်ရှည်၊ ထဘီ၊ လုံချည်၊ ဘောင်းဘီရှည်၊ ဂါဝန်ရှည် တို့ကိုသာ ဝတ်ဆင်သင့်သည်။ နေရောင်ဒဏ်ခံ အဆင့်မြင့်လိမ်းဆေးများ လိမ်းသင့်သည်။

နေရောင်ဒဏ်ခံ လိမ်းဆေးဟုဆိုရာတွင် လိမ်းဆေးအများစုမှာ ခန္ဓာကိုယ်အရေပြားအတွင်း ခရမ်းလွန်ရောင်ခြည် ဖောက်ထွင်းဝင်ခြင်းကို ကာကွယ်နိုင်စွမ်းမရှိဘဲ စုပ်ယူနိုင်စွမ်းသာရှိခြင်းဖြစ်သည်။ မြန်မာ့မြေပေါ်တွင်ပေါက်ရောက်သော သနပ်ခါးကမူ ခရမ်းလွန်ရောင်ခြည် အရေပြားအတွင်း ဖောက်ထွင်းဝင်ရောက်မလာအောင် ကာကွယ်ပေးနိုင်စွမ်းရှိသည့် အကောင်းဆုံးသော သဘာဝလက်ဆောင်ဖြစ်သည်ဟု သုတေသီတစ်ဦးက အကြံပြုထားပါကြောင်း။ ။




## ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ကျောက်ဖြူ မေ ၂၄**

နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်လျက်ရှိနေသည့် ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု ဝတ်ဆံကျေးရွာသို့ မေ ၂၃ ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်လျက် သောက်သုံးရေ ဂါလန် ၅၀၀ အား ဒေသခံပြည်သူများထံသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၂၅၃ အိမ်နှင့် လူဦးရေ ၉၆၀ ရှိပြီး မြို့နှင့် (၆/၀) မိုင်ကျော် အကွာအဝေးတွင်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မန္တလေးကျုံးပတ်လည်တွင် LED မီးတိုင်များ တိုးချဲ့တပ်ဆင်မည်

**မန္တလေး မေ ၂၄**

မန္တလေးကျုံးမြို့ရိုးပတ်လည်ရှိ လျှောက်လမ်းများတွင် မှုခင်းကျဆင်းစေရန်နှင့် အများအမြင်မသင့်လျော်သော မလျော်ကန်သည့်အပြုအမူများ မရှိစေရန်အတွက် LED မီးများ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ကျုံးဘေးမှာ ညနေပိုင်းနဲ့ ညပိုင်းတွေမှာ ဒုစရိုက်မှုတွေ ကင်းစင်အောင်နဲ့ မဖွယ်မရာတွေ မပြုလုပ်နိုင်အောင် မီးတိုင်များတိုးချဲ့တပ်ဆင်မှာဖြစ်ပါတယ်။

"ဒီလိုလုပ်ဆောင်ခြင်းဖြင့် ညပိုင်းမှာ ယာဉ်အန္တရာယ်လည်းကင်းရှင်းစွာ သွားလာနိုင်ပြီး အပန်းဖြေသူတွေလည်း စိတ်ချစွာ လာရောက်နိုင်မှာ ဖြစ်ပါတယ်" ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်က ပြောသည်။

ထို့ပြင် ကျုံးပတ်လည်ရှိ လျှောက်လမ်းပလက်ဖောင်းများကို ညီညာပြေပြစ်မှုရှိစေရန် ပြုပြင်သွားမည်ဖြစ်ပြီး ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၅ လမ်းရှိ မီးတိုင်များတွင် LED မီးဆိုင်းများကို ဗွိုပုံသဏ္ဌာန်ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

မူလက ၈၀-ဝပ် LED လမ်းမီးတိုင် တစ်တိုင်လျှင် မီးတစ်ပွင့်နှုန်း တပ်ဆင်ထားရာမှ LED မီးလုံးနှစ်ပွင့်စီ ဖြည့်စွက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့တော်စည်ပင်သာယာ၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လျှပ်စစ်ဌာနခွဲမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသည့် ကျုံးပတ်လည်ရှိ မီးတိုင်များတွင်လည်း ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၈.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၈၉ |
| တရုတ် | တစ်ယွမ် | ၁၈၀.၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# တစ်ပါးသူကို မထိခိုက်စေခြင်းသော အဓိကဟူသော အခြေခံမှုနှင့် ဥပဒေပြုမှု

**KMA**

လွတ်လပ်မှုအယူအဆသည် သမိုင်းစဉ်တစ်လျှောက် လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်သောအကြောင်းအရာများအနက် အငြင်းပွားဖွယ်အဖြစ်ဆုံး အကြောင်းအရာတစ်ရပ်ဖြစ်သည်။ လွတ်လပ်မှုအပေါ် ရှုထောင့်အသီးသီးနှင့် နိုင်ငံတော်၏ဥပဒေနှင့်ညီသောဆောင်ရွက်ချက်များနှင့် လူမှုရေးဆောင်ရွက်ချက်များအပေါ် အကန့်အသတ်ထားရှိမှုများနှင့်ပတ်သက်၍ အတောမသတ်သော ငြင်းခုံဆွေးနွေးမှုများရှိခဲ့ပြီး ဖြစ်သည်။ လွတ်လပ်မှု၏ အခြေခံအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မိမိဆန္ဒအလျောက် တွေးခေါ်နိုင်စွမ်း သို့မဟုတ် ပြုမူနိုင်စွမ်း ဖြစ်သည်။ တစ်နည်းဆိုသော် လွတ်လပ်မှုဟူသည် ပြည်သူများအနေဖြင့် ပြောဆိုခွင့်၊ ပြုမူခွင့်နှင့် မလိုလားအပ်သော ပြင်ပအကန့်အသတ်များမပါဘဲ ပျော်ရွှင်မှုကို ရှာဖွေလိုက်စားခွင့်ဖြစ်သည်။

ဤနေရာ၌ လော့ခ်၏အမြင်မှာ အစိုးရသည် တစ်ဦးချင်း၏အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်တို့ ရှိစေရေးကို ဆောင်ရွက်သင့်သည်ဟုဆိုသော်လည်း ရှုံးဆိုးကမူ ပြည်သူတို့ကို လွတ်လပ်စေရမည်ဟု ဆိုသည်။ အိုင်ဆာဟာဘာလင်၏အဆိုအရမူ လွတ်လပ်မှုအသွင် သဏ္ဌာန်နှစ်ခုရှိသည်။ ယင်းတို့မှာ အပြုသဘောဆောင်သောလွတ်လပ်မှုနှင့် အနုတ်လက္ခဏာဆောင်သော လွတ်လပ်မှုတို့ဖြစ်သည်။ အနုတ်လက္ခဏာဆောင်သောလွတ်လပ်မှုအား လူတစ်ဦး၏လုပ်ဆောင်နိုင်စွမ်းအပေါ် ပြင်ပမှ ချုပ်ချယ်မှု သို့မဟုတ် ကန့်သတ်မှုများမှကင်းလွတ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး အပြုသဘောဆောင်သော လွတ်လပ်မှုအား လွတ်လပ်ခွင့်ကိုအပ်နှင်းခြင်းဟု သရုပ်ဖော်ကြသည်။ သို့ဖြစ်၍ အစိုးရဟူသည် ၎င်း၏ပန်းတိုင်ကိုအရောက်လှမ်းရန်အလို့ငှာ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်များနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်ဝန်ဆောင်မှုများကို ပေးမည်ဟူ၍ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းလုံခြုံပြီး ကြီးပွားချမ်းသာသော အသိုက်အဝန်းတစ်ခုကို ထူထောင်ရန်အလို့ငှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် လွတ်လပ်မှုတို့ ထွန်းကားစေရန်အလို့ငှာ ဥပဒေများနှင့် စည်းမျဉ်း/စည်းကမ်းဥပဒေများကိုလည်း ပြဋ္ဌာန်းသင့်သည်ဟူ၍ ဖြစ်သည်။

လွတ်လပ်မှုဆိုင်ရာ လက်ရှိအယူအဆများနှင့် ဝိရောဓိဖြစ်သည့် အယူအဆတစ်ရပ်ကို ဂျွန်စတူးဝပ်မင်းလ်က ဖော်ထုတ်သည်မှာမူ လူဟူသည် ၎င်း၏ ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်အပေါ် အစိုးရပြီး အချုပ်အခြာပိုင်စိုးသည်ဟူ၏။ တစ်ပါးသူကို မထိခိုက်စေခြင်းသော အဓိကဟူသော အခြေခံမှုအရ လူတစ်ဦးသည် ၎င်း၏ဆောင်ရွက်ချက်များက သူတစ်ပါးကို မထိခိုက်သရွေ့ နှစ်သက်ရာကို လုပ်ဆောင်နိုင်သည်။

ဤနေရာ၌ လူ့အဖွဲ့အစည်းတစ်ရပ်ရှိ ပြည်သူများအား ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်နာကျင်စေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်နာကျင်စေခြင်းနှစ်ခုစလုံးကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်နာကျင်စေခြင်းဆိုသည်မှာ တစ်စုံတစ်ဦးအား ကန်ကျောက်ခြင်း၊ ထိုးနှက်ခြင်း၊ ပါးရိုက်ခြင်း သို့မဟုတ် တခြားသော မည်သည့်နည်းဖြင့်မဆို ကိုယ်ထိလက်ရောက်စော်ကားခြင်းကို ဆိုလိုသည်။

စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်နာကျင်စေခြင်းဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ပြုမူမှုများကြောင့် စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအနှောင့်အယှက်ဖြစ်စေခြင်းကို ဆိုလိုသည်။

မည်သို့ဆိုစေ တစ်ပါးသူကို မထိခိုက်စေခြင်းသော အဓိကဟူသော အခြေခံမှုက မည်သို့သော အပြုအမူသည် ထိခိုက်စေသည်ဟု တိကျစွာဖော်ပြမထားခြင်းဖြစ်သည်။ တစ်ဖန် မိမိကိုယ်သာ ထိခိုက်သော အပြုအမူဟူသည်မှာလည်း သူတစ်ပါးကို ထိခိုက်နိုင်ပေသေးသည်။ အဘယ်မည်သော အပြုအမူက သူတစ်ပါးကို ထိခိုက်ပြီး အဘယ်မည်သောအပြုအမူက သူတစ်ပါးကို မထိခိုက်ပါဟု ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြား သတ်မှတ်ထားခြင်းလည်း မရှိပြန်ပေ။

သို့ဖြစ်ရာ တစ်ပါးသူကို မထိခိုက်စေခြင်းသော အဓိကဟူသော အခြေခံမှုသည် သူတစ်ပါးကို မထိခိုက်သော အမှုကိစ္စဖြစ်ရပ်များတွင် အကျုံးဝင်ဆက်တိုင်နိုင်သော်လည်း ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းကို ဖန်တီးရရှိရန်အတွက် ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့်မူ အကျုံးဝင်ဆက်တိုင်ခြင်းမရှိပါကြောင်း။ ။



အကောင်အထည်ဖော်လုပ်ဆောင်နေသည့် မောင်တော(ကညင်ချောင်း)ကုန်သွယ်ရေးဇုန်ကို တွေ့ရစဉ် ဓာတ်ပုံ-မင်းထက်

● **ရွှေဖုံးမှ**

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နယ်စပ်ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အခြားကုန်သွယ်မှုနှင့် သက်ဆိုင်သည့်အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအပြီးတွင် မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။ မောင်တော(ကညင်ချောင်း)ကုန်သွယ်ရေးဇုန်ကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက် ယခင်အစိုးရလက်ထက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခင် အစိုးရအနေဖြင့် ၎င်းကုန်သွယ်ရေးဇုန် အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ပေါင်းခြောက်ထောင် ကူညီထောက်ပံ့ခဲ့သည်။ အဆိုပါ ငွေကျပ်သိန်းပေါင်းခြောက်ထောင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ငွေကျပ်သိန်းလေးထောင် စုစုပေါင်းငွေကျပ်သိန်းပေါင်းတစ်သောင်းတို့ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိအခြေအနေတွင် လုပ်ငန်းပြီးစီးမှုအနေဖြင့် ရာခိုင်နှုန်း ၉၀ ကျော်ပြီးစီးနေပြီး လာမည့် မေလကုန်ပိုင်းတွင် ယခင်သတ်မှတ်လျာထားချက်လုပ်ငန်းများအားလုံး ပြီးစီးသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင် အစိုးရအနေနဲ့ကတော့ ဒီမောင်တော(ကညင်ချောင်း)ကုန်သွယ်ရေးဇုန်အတွက် ငွေကျပ်သိန်းပေါင်းခြောက်ထောင်ကျော် ကူညီထောက်ပံ့ခဲ့ပါတယ်။ အခုလက်ရှိအစိုးရသစ်အနေနဲ့ မောင်တော(ကညင်ချောင်း) ကုန်သွယ်ရေးဇုန်အတွက် နောက်ထပ်ငွေကျပ်သိန်းပေါင်းတစ်သောင်းကျော်၊ သိန်းပေါင်းတစ်သောင်းခွဲလောက် ထပ်မံအကုန်အကျခံ လုပ်ဆောင်လိုက်မယ်ဆိုရင် ဒီဒေသက အရင်ကထက်တော်တော်လေးကို ဖွံ့ဖြိုးတိုးတက်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နဲ့လည်း ကုန်သွယ်မှုလမ်းကြောင်းသင့်နေတာဖြစ်တယ်။ ဒါကြောင့် ဒါကိုကျွန်တော့်အနေနဲ့ ဒီကနေ့ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံတဲ့အခါမှာ အထူးအလေးပေးပြီး တင်ပြခဲ့တာဖြစ်တယ်" ဟု ဦးအောင်မြင့်သိန်းက ထပ်မံရှင်းပြခဲ့သည်။

မောင်တော (ကညင်ချောင်း) ကုန်သွယ်ရေးဇုန်သည် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မိုင် ၅၀ ခန့် ကွာဝေးပြီး မောင်တောမြို့နှင့် နှစ်မိုင်ဝန်းကျင်သာ ဝေးသည်။ မောင်တော (ကညင်ချောင်း) ကုန်သွယ်ရေးဇုန် အကျယ်အဝန်းမှာ ဧကအားဖြင့် ၄၉ ဒသမ ၆၇ ဧက ကျယ်ဝန်းပြီး လက်ရှိကုန်သွယ်မှုအနေဖြင့် ရေထွက်ပစ္စည်းများကို အများဆုံးကုန်သွယ်မှု လုပ်ဆောင်ပေးနေသည့် ဇုန်တစ်ခုဖြစ်သည်။ သို့သော် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စားသောက်ခန်း၊ ဈေးဆိုင်ခန်းများလည်း လျာထားတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❄ **ရွှေဖုံးမှ**

ဥယျာဉ်ထဲတွင် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ အလှမြက်ခင်းများစိုက်ပျိုးခြင်းဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥယျာဉ်ထဲတွင် မိုးလွတ်ရေလွတ် အပန်းဖြေနိုင်မည့် အဆောက်အအုံများ ပါဝင်မည်ဖြစ်ပြီး သစ်ပင်၊ ပန်းပင်များလှူဒါန်းမည့်သူများလည်းရှိကြောင်း သိရသည်။

"မြို့တော်နေ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်အောင်၊ ညနေပိုင်းမှာလည်း အပန်းဖြေနိုင်အောင် အချိန်ကန့်သတ်ပြီး ဖွင့်ပေးမယ်။ ဥယျာဉ်ပိတ်ချိန်ကတော့ နွေနဲ့ဆောင်းအချိန်ကွာခြားမှုရှိနိုင်တယ်။ ဥယျာဉ်နဲ့သင့်တော်မယ့် ပန်းပင်၊ သစ်ပင်တွေစိုက်မယ်။ သစ်ပင်အကြီးတွေဆိုရင် အပင်လိုက် ရွှေ့ပြောင်း စိုက်လို့ရတယ်" ဟု မြို့တော်ဝန်က ဆက်လက်ပြောသည်။

ဥယျာဉ် တည်ဆောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သို့တင်ပြကာ သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ အများပြည်သူအနားယူနိုင်သည့် ဥယျာဉ်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရပြီး ပြင်ပအလှူရှင်၊ လုပ်ငန်းရှင်များနှင့် မြို့တော်စည်ပင်သာယာရေးတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒေသမျိုးရင်းသစ်ပင်နဲ့ အရိပ်ကသစ်ပင်ကြီးတွေ၊ ပန်းစင်တွေ၊ ရေကန်ငယ်နဲ့မြက်ခင်းတွေ၊ ရေကြည်၊ ရေရှင်ချောင်းလေးတွေထားပေးပါ။ ကလေးတွေအတွက် သစ်ပင်နဲ့ သဘာဝရေမြေကို ထိတွေ့ချစ်ခင်တတ်ပါစေ။ ဥယျာဉ်ထဲမှာ မန္တလေးနဲ့ သက်ဆိုင်တဲ့၊ နိုင်ငံရေး၊ အမျိုးသားရေးနဲ့ သက်ဆိုင်တဲ့ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုသုခုမ အကျော်အမော်တွေရဲ့ ပုံတူပန်းပုနဲ့ အတ္ထုပ္ပတ္တိတွေထားရှိပြီး အနုပညာပြပွဲများ ခင်းကျင်းပြသနိုင်သည့် နေရာတွေ ပါဝင်သင့်တယ်" ဟု စာရေးဆရာ ဆူးငှက်က ပြောသည်။

၁၉၅၈ ခုနှစ် ဝန်းကျင်က မန်းသီတာဥယျာဉ်ဟု ကျုံးတောင်ဘက် မြို့ရိုးနှင့်ကျုံးအကြား တည်ဆောက်ခဲ့ရာ ဥယျာဉ်အတွင်း စိုက်ထူထားသည့် ကျောက်စာအရ အောင်မာယ စစ်ဆင်ရေးဆင်နွှဲရာတွင် ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲကာလကတည်းက ကျော်ကြားခဲ့သောဗိုလ်အာဋ္ဌာဝကကိုဖမ်းဆီးနိုင်သည့်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ ချီးမြှင့်သည့်ဆုငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

❀ *ကျောဖုံးမှ*

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပါသည်။ အချို့ဒေသများတွင် လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်ခဲ့သည်။

လက်ရှိမိုးလေဝသအခြေအနေများအရ နေ့အပူချိန်များတိုးနေမှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် လေဖိအားလျော့နည်းလျက်ရှိပြီး အိန္ဒိယနိုင်ငံ မြောက်ပိုင်း(ဟိမဝန္တာဒေသ)မှ လေအေးများတိုးဝင်နေသည်။ အဆိုပါဖြစ်စဉ်သည် လေထုမငြိမ်မသက်မှုများကို ဖြစ်ပေါ်စေပြီး မိုးတိမ်တောင်များဖြစ်ပေါ်မှု အားကောင်းစေပါသည်။ မိုးတိမ်တောင်များဖြစ်ပေါ်မှုသည် အပူဆုံးအချိန်ဖြစ်သည့် မွန်းလွဲ/ညနေပိုင်းတို့တွင် ပိုမိုအဖြစ်များပြီး ပိုမိုအားကောင်းလာသည်။ အထူးသဖြင့် အဆိုပါဖြစ်စဉ်များသည် မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်သည့် (စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်)တို့တွင် မိုးကြိုကာလဖြစ်သော ဧပြီလနှင့် မေလများတွင်ဖြစ်ပေါ်လေ့ရှိသည်။ မိုးတိမ်တောင်များဖြစ်ပေါ်သည့်နေရာတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်လာနိုင်ပါသဖြင့် ပြည်သူများအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ထူးခြားမိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်ထားပါသည်။

**ဒေါက်တာဟာရင်နိုင်တီယမ်း**
**ညွှန်ကြားရေးမှူးချုပ်**

# မြစ်ကြီးနားတွင် ဧရာဝတီမြစ်ရေမြင့်တက်မှု ပုံမှန်အတိုင်းသာရှိ

**မြစ်ကြီးနား ဧပြီ ၂၄**

မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် မိုးများရွာသွန်းမှုကြောင့် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ရေသည် ၂၀၁၆ ခုနှစ်တွင် ရောက်ရှိခဲ့သည့် အနိမ့်ဆုံးရေအမှတ် ၁၃၁ စင်တီမီတာ ရှိခဲ့ရာမှ ဧပြီ ၂၃ ရက်တွင် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၇၄၆ စင်တီမီတာအထိ မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၇၀၈ စင်တီမီတာရှိနေပြီး ပုံမှန်အတိုင်းသာရှိကြောင်း နေပြည်တော် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေသည် ဧပြီ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် ၅၅၆ စင်တီမီတာ၊ မွန်းတည့် ၁၂ နာရီတွင် ၅၀၇ စင်တီမီတာ၊ ညနေ ၆ နာရီခွဲတွင် ၇၁၀ စင်တီမီတာ၊ ဧပြီ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ၇၄၆ စင်တီမီတာ၊ မွန်းတည့် ၁၂ နာရီတွင် ၇၁၈ စင်တီမီတာ၊ ညနေ ၆ နာရီခွဲတွင် ၇၀၈ စင်တီမီတာ၊ ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲတွင် ၇၀၈ စင်တီမီတာ၊ မွန်းတည့် ၁၂ နာရီတွင် ၇၃၃ စင်တီမီတာ၊ ညနေ ၆ နာရီခွဲတွင် ၇၉၉ စင်တီမီတာအထိ ဆက်လက်ပြီး မြင့်တက်လျက်ရှိကြောင်း ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

"မြစ်ကြီးနားမြို့ရဲ့ စိုးရိမ်ရေအမှတ်ဟာ စင်တီမီတာ ၁၂၀၀ သတ်မှတ်ထားပါတယ်။ မြစ်ကြီးနားမြို့ရဲ့ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်မှုမှာ ပထမအကြိမ် ၁၉၇၆ ခုနှစ်တွင် ၁၄၁၁ စင်တီမီတာ၊ ဒုတိယအကြိမ် ၁၉၇၇ ခုနှစ်တွင် ၁၃၄၁ စင်တီမီတာ၊ တတိယအကြိမ် ၂၀၀၄ ခုနှစ်တွင် ၁၄၀၈ စင်တီမီတာအထိ သုံးကြိမ်တိုင် မြင့်တက်ခဲ့ဖူးပါတယ်။ အခုမြင့်တက်နေတဲ့ မြစ်ကြီးနားမြို့ရဲ့ ဧရာဝတီမြစ်ရေဟာ ဘာမှ စိုးရိမ်စရာအခြေအနေ မရှိပါဘူး၊ အခုဟာ မိုးကြိုကာလရောက်ခါနီးဖြစ်တဲ့အတွက် မြစ်ရေတက်လိုက်ကျလိုက် ပုံမှန်အတိုင်းသာ ဆက်လက်တည်ရှိနေပါမယ်" လို့ ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာ့စီးပွားရေး ပို့ကုန်သွင်းကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေး

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် ဧပြီ ၂၄

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်( UMFCCI ) တွင် ဧပြီ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာတွေ့ဆုံဆွေးနွေးခဲ့ကြသည်။** (ယာပုံ)



ဆွေးနွေးပွဲပထမနေ့တွင် လာမည့်ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ထုတ်ကုန် သုံးဆတိုးမြှင့်၍ တင်ပို့နိုင်ရန်၊ နယ်စပ်မှ တရားမဝင်ကုန်သွယ်ခြင်းများအား တားဆီးနိုင်မည့် နည်းလမ်းများရှာဖွေရန်၊ သွင်းကုန်များတွင် စားသုံးသူကာကွယ်ရေးအရ ကုန်ပစ္စည်းအညွှန်းအား မြန်မာစာ(သို့မဟုတ်)အင်္ဂလိပ်စာဖြင့် ရေးသားဆောင်ရွက်ရန်၊ ပို့ကုန်/သွင်းကုန် လိုင်စင်ကိစ္စရပ်များအား ဥပဒေဆိုင်ရာကိစ္စရပ်များဖြင့် ညှိနှိုင်းရန်စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် စက်မှုဇုန်များ တည်ဆောက်မှုကို စနစ်တကျလုပ်ဆောင်ရန်၊ ပို့ကုန်မြှင့်တင်နိုင်ရေး ပိုမိုဆောင်ရွက်ရန်လိုသော်လည်း သွင်းကုန်ကဏ္ဍအတွက်ပါ စဉ်းစားအဖြေရှာရန်၊ စက်မှုဇုန်များ၏ စီမံခန့်ခွဲမှုပိုကောင်းစေရန် ဒေသဆိုင်ရာအာဏာပိုင်များအား လုပ်ကိုင်ခွင့်ပိုပေးနိုင်ရန်၊ လယ်ယာနှင့်စက်မှုကိုအခြေခံ၍ ကုန်သည်/စက်မှုအသင်းချုပ်မှ ညီနောင်အသင်းများအား Capacity ပြည့်လာစေရေး လုပ်ဆောင်သွားရန်နှင့် ပို့ကုန်တိုးတက်ရေးအတွက် စက်မှုဇုန်များအပေါ် အလေးထားရန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက နယ်စပ်ကုန်သွယ်ရေးအသင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးရှိ ကုန်စည်ဒိုင်များ၊ ကုန်သည်စက်မှုအသင်းများမှ ဆွေးနွေးတင်ပြသည့် တင်ပြချက်များနှင့် အကြံဉာဏ်များကို ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ညှိနှိုင်းသွားမည်ဟု ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထုတ်ကုန်သုံးဆမြှင့်တင်နိုင်ရန်နှင့် နယ်စပ်မှ တရားမဝင် ကုန်သွယ်ခြင်းများအား တားဆီးနိုင်မည့် နည်းလမ်းများအပေါ် ဆွေးနွေးခဲ့သော လုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်များကို မြန်မာ့သတင်းစဉ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။



ဦးသောင်းစုငြိမ်း (အယ်ဒီတာချုပ် 7 Day Daily)

တရားမဝင်ကုန်သွယ်မှုကို တားမြစ်ဖို့ အရေးကြီးတယ်ဆိုတဲ့ ခံယူချက်ကို ဝန်ကြီး ပြောသွားတာတွေ့ရတယ်။ နည်းပညာပိုင်းကိုသုံးပြီး ဒါကို ဘယ်လိုလုပ်ကြမလဲလို့ စဉ်းစားကြည့်တဲ့အခါမှာ ကမ္ဘာ့ဘဏ်ကနေ ထုတ်ပြန်ထားတဲ့ အညွှန်းကိန်းတစ်ခုရှိပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍရဲ့စွမ်းအား ဘယ်လောက်ရှိသလဲဆိုတာကို တိုင်းထားတဲ့ဟာပါ။ နိုင်ငံပေါင်း ၁၆၀ မှာ မြန်မာနိုင်ငံက အဆင့် ၁၄၅ ဖြစ်နေပါတယ်။ အာဆီယံဒေသတွင်းမှာ နောက်ဆုံးမှာရှိနေတယ်။ ဒါကြောင့် အဆင့် ၁၄၅ ဖြစ်နေတော့ လုပ်စရာလေးတွေ တော်တော်လေးရှိနေတယ်လို့ မြင်ပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားက ၈၃ ရှိတယ်။ ထိုင်းနိုင်ငံက အဆင့် ၃၅ ပါ။ ကမ္ဘာမှာ တော်တော်မြင့်တဲ့ အထဲမှာပါတယ်။ ဒါကြောင့်လည်း သူ့နိုင်ငံက စက်မှုဇုန်တွေ ဖွံ့ဖြိုးတယ်။ စီးပွားရေးနဲ့ ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတယ်။

ကျွန်တော်တို့ လုပ်ကြရမှာက ဝန်ကြီးပြောသလို အကြံပေး Consultant တွေခေါ်ပြီး လုပ်ရမှာတွေရှိတယ်။ ပြည်တွင်းမှာလည်း တတ်နိုင်သမျှ ကိုယ့်ရဲ့ ပုဂ္ဂလိက ကဏ္ဍထဲက လူတွေနဲ့ ထိတွေ့ပြီးတော့ ဝိုင်းပြီး အဖြေရှာနိုင်ဖို့ အကြံပြုတင်ပြလိုပါတယ်။ အဲ့ဒီအတွက်ကို ဒီလို အညွှန်းကိန်းလိုဟာတွေကို သေချာဖတ်ရှုလေ့လာပြီး ပညာရှင်တွေနဲ့ တိုင်ပင်။ ပြည်တွင်းက လူတွေကိုလည်း ဘယ်လိုလုပ်လို့ ရနိုင်မလဲဆိုတာကို အဖြေထုတ်လို့ ရနိုင်အောင် ဝန်ကြီးတို့က ဦးဆောင်ပြီး အလုပ်အဖွဲ့ဖွဲ့ပြီး ဌာနဆိုင်ရာအသီးသီးနဲ့ ကျွန်တော်တို့တွေ ပါဝင်ပြီး နည်းပညာကို ဘယ်လိုသုံးမလဲဆိုတာ ဝိုင်းလုပ်နိုင်ရင် အဆင်ပြေမယ် ထင်ပါတယ်။

ကမ္ဘာပေါ်မှာတွေ့တာက တရားမဝင်ကုန်သွယ်မှုကို တားဆီးရာမှာ နည်းပညာကဏ္ဍက အရေးပါတဲ့ ကဏ္ဍက ပါပါတယ်။ နည်းပညာသုံးစွဲမှုသာ ရဲစခန်းနဲ့ ကုန်သွယ်မှုဇုန်တွေရှေ့က မဖြတ်ဘဲ တောတွေ၊ တောင်တွေထဲက ဖြတ်သွားတဲ့လမ်းကြောင်းတွေကို ကျွန်တော်တို့ တားဆီးနိုင်မယ်။

အာဖရိကမှာ သစ်တောပြုန်းတီးရေးကို ကာကွယ်တဲ့အနေနဲ့ တောတွေ တောင်တွေထဲမှာ မိုဘိုင်းဖုန်းအဟောင်းတွေကိုအသုံးပြုပြီး Censing လုပ်ပါတယ်။ သာမန်မဟုတ်တဲ့ လွှစက်သံတွေလိုမျိုး ထွက်လာတာနဲ့ ရဲက ချက်ချင်းသိပြီး အရေးယူလို့ရတယ်။ ကုန်တင်ကားတွေလည်း တရားဝင်လမ်းကြောင်းတွေမဖြတ်ဘဲ မှောင်ခိုလမ်းကြောင်းကနေ သွားတာတွေကို နည်းပညာသုံးပြီး ရှာဖွေနိုင်တယ်။



ဒေါက်တာစိုးထွန်း (မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း)

အွန်လိုင်းစနစ်ကအတုလို ဖြစ်နေတယ်။ အမြန်လုပ်ချင်လို့ အဂတိလိုက်စားမှု ပေါ်လာတာပါ။ ဒါကြောင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်အောင် လုပ်ပေးစေချင်တယ်။ အွန်လိုင်းကဏ္ဍဟာ တကယ့်အစစ်ဖြစ်လာစေချင်တယ်။ ဆန်တို့ ပြောင်းတို့ မြန်မာက တရုတ်ကို တင်ပို့ရင် တရားဝင်သွားတယ်။ တရုတ်ဘက်မှာက တရားမဝင်တင်သွင်းရတာဖြစ်နေတယ်။ တရုတ်နဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ တရုတ်ဘက်က ဖမ်းဆီးရင် စပါးဈေးကျတယ်။ စပါးဈေး ရုတ်တရက်ကျရင် ငွေကြေးလည်ပတ်မှုက block ဖြစ်သွားမယ်။ (၁၀၅) မိုင် ကုန်သွယ်မှုစခန်းက ခုထိ ဘာမှ မဖွံ့ဖြိုးသေးဘူး။ ဒါဟာ စဉ်းစားစရာဖြစ်နေတယ်။ ထုတ်ကုန်သုံးဆတိုးမယ်ဆိုရင် ဆိပ်ကမ်းက ဖြေရှင်းနိုင်မလား။ ဝန်ထမ်းတွေကရော သုံးဆ အလုပ်လုပ်နိုင်မလား။ လက်နဲ့ လုပ်နေရတာဆိုတော့ သုံးဆတိုးလာရင် ကျွန်တော်တို့ အဆင်သင့်ဖြစ်ပြီလား။ အွန်လိုင်းစနစ် ပီပြင်လာဖို့လိုတယ်။



ဒေါက်တာတိုးနန္ဒာတင် (ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ)

မြန်မာနိုင်ငံမှာ အမြင့်ဆုံး ငါးထုတ်နိုင်ခဲ့တာဟာ ၁၉၈၀ မှာ ၁ ဒသမ ၅ မီလီယံမက်ထရစ်တန်ဖြစ်ပါတယ်။ မနှစ်က သုတေသနလုပ်တဲ့အခါမှာ ရတဲ့တန်ချိန်ဟာ တစ်သိန်းကျော်ပဲရှိပါတယ်။ ဒါဟာရေသယံဇာတက မြန်မာနိုင်ငံမှာ ၁၀ ရာခိုင်နှုန်းပဲ ကျန်တော့တယ်ဆိုတဲ့ သဘောပဲ။ ၁၀ ရာခိုင်နှုန်းပဲကျန်တဲ့ သယံဇာတကို ပရမ်းပတာ ဆက်ထုတ်မယ်ဆိုရင် အခုသကြင်္န်ကာလမှာ ငါးမြစ်ချင်းဈေးနှုန်း တစ်သောင်းအထိ တက်ခဲ့ပါတယ်။ တစ်ထောင့် ရှစ်ရာ၊ နှစ်ထောင်ပဲရှိတဲ့ ငါးမြစ်ချင်းဟာ တစ်သောင်းအထိ တက်ခဲ့တယ်ဆိုတော့ ဒါဟာ ငါးရှားလာတာကို ပြပါတယ်။ လွန်ခဲ့တဲ့နှစ်က ဘော်စတွန် Seafood Fair ကို ကျွန်မတို့ တင်ပို့သူတွေသွားတယ်။ ဒီမှာ အမေရိက တစ်နံတစ်လျားမှာ တီလားပီးယားဆိုတဲ့ ငါးကို အကုန်စားတယ်။ အခု USA နဲ့ ကျွန်မတို့ ဆက်ဆံရေးကောင်းနေတော့ တီလားပီးယားကို Export လုပ်နိုင်ရင် အလွန်ကောင်းမှာပဲ၊ ဘာလို့လဲဆိုတော့ USA က တရုတ်နိုင်ငံကနေ တန်ချောက်သိန်း နှစ်စဉ်ဝယ်တယ်။ မြန်မာကတစ်နိုင်ငံလုံးအပြည့် ထုတ်လုပ်ရင်တောင် တန်ချိန် တစ်သိန်းရဖို့ မလွယ်ပါဘူး။ တန်ခြောက်သိန်း ဝယ်လိုအား ရှိနေတယ်ဆိုတော့ မြန်မာနိုင်ငံက USA ရဲ့ လိုအပ်တဲ့ ပမာဏကို တင်သွင်းနိုင်မယ်ဆိုရင် မွေးတဲ့သူတွေလည်း အဆင်ပြေမယ်။ တီလားပီးယားက မွေးလို့ လွယ်ပါတယ်။ ခြောက်လပဲ ကြာပါတယ်။

မြန်မာနိုင်ငံမှာ ငါးရှားတယ်။ ဘာလို့ ငါးရှားသလဲဆိုတော့ ကျွန်မတို့ မွေးနေတဲ့ ငါးကြင်း၊ ငါးမြစ်ချင်းက နှစ်နှစ်၊ နှစ်နှစ်ခွဲလောက် မွေးရတယ်။ အိမ်နီးချင်းနိုင်ငံတွေက လေးလခွဲ၊ ငါးလပဲမွေးရတဲ့ သက်တမ်းတိုငါးတွေ မွေးကြတယ်။ တခြားနိုင်ငံတွေက တစ်နှစ်ကို နှစ်ကြိမ်ထုတ်ယူနေချိန်မှာ မြန်မာက တစ်ခါ ငါးထုတ်ယူနိုင်ဖို့ နှစ်နှစ်လောက်ကြာနေတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ငါးမွေးနေတဲ့စနစ်ကို ပြောင်းသင့်တယ်လို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ကျွန်မ ပညာရှင်တစ်ယောက်အနေနဲ့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မွေးမြူရေးငါးကို rootstocks တွေလိုတယ်။ ဒီ rootstocks တွေရမှ ကျွန်မတို့ သားပေါက်ထုတ်နိုင်မယ်။ ထိုင်းကိုသွားပြီး rootstocks သွားဝယ်လို့မရဘူး။ သူတို့က သူတို့ ထုတ်ထားတဲ့ ငါးသားပေါက်ကိုပဲ ရောင်းတယ်။ ဒါကြောင့် rootstocks ရဖို့ ဝန်ကြီးဌာနက အစိုးရချင်း လက်မှတ်ထိုးပြီးမှ ဒါကိုသွင်းနိုင်မယ်။

ဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့တွေဟာ တစ်သားတည်းဖြစ်ဖို့လိုတယ်။ ဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့တွေ ကွာဟနေတဲ့ အခါမှာ Export က ကျသွားတယ်။ အခု ကျွန်မတို့ နိုင်ငံမှာ GAP လို့ခေါ်တဲ့ Factory တစ်ခုမှ မရှိဘူး။ ဒါဟာ Export အတွက် အရေးကြီးပါတယ်။ ကျွန်မတို့ လုပ်ချင်ပါတယ်။ လုပ်မယ့်သူတွေလည်းရှိတယ်။ ဒါကြောင့် ကျွန်မတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက ပူးပေါင်းပါဝင်ပေးပါလို့ ပြောချင်ပါတယ်။



ဦးကျော်သူ (အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ်)

ပို့ကုန်တိုးမြှင့်ရင် ကုန်ထုတ်စွမ်းအား တိုးမြှင့်ဖို့လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံက ကုန်ကြမ်းပစ္စည်းရောင်းတဲ့အလုပ်ပဲ လုပ်ခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ အရည်အချင်း၊ နည်းပညာနဲ့ ထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ဖို့ တစ်ခါမှအားမပေးခဲ့ဖူးပါဘူး။

ဥပမာ မြန်မာနိုင်ငံသစ်လုပ်ငန်းက တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောကြီးကုန်သွားအောင် ထုတ်ယူပြီး နိုင်ငံခြားကိုတင်ပို့လိုက်တော့ ပြည်တွင်းမှာရှိတဲ့ ပရိဘောဂလုပ်ငန်းရှင်တွေဟာ ဒီနေ့အထိ ပရိဘောဂကို နိုင်ငံတကာအဆင့် ထုတ်လုပ်ပြီးရောင်းချနိုင်တဲ့ အခြေအနေရောက်မလာခဲ့ပါဘူး။ ဒ့ါအပြင် မြန်မာပြည်က အသိပညာရှင် အတတ်ပညာရှင်တွေဟာ သစ်လုံးဝယ်သွားတဲ့ နိုင်ငံကိုသွားပြီး ပန်းပုပညာနဲ့ လက်ခစားအဖြစ် သွားရောက်လုပ်ကိုင်စားသောက်ရတဲ့ အခြေအနေရောက်သွားတယ်။

ဒီနေ့အချိန်ကစပြီး ပြည်တွင်းထုတ်လုပ်သူတွေကို ကုန်ထုတ်စွမ်းအားတိုးတက်အောင် လုပ်နိုင်ဖို့ နိုင်ငံတော်က နည်းလမ်းနဲ့ အကူအညီတွေပေးဖို့ လိုအပ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ရှိနေတယ်။ လုပ်ငန်းရှင်ဖြစ်ဖို့ မြေတောင်မြှောက်ပေးစေချင်တယ်။ ဘဏ်အတိုးနှုန်းက များနေတယ်။ မြေတန်ဖိုးမြင့်နေတယ်။ လူငယ်တွေ လုပ်ငန်းရှင်ဖြစ်လာဖို့ မလွယ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေက ကျင့်သုံးနေတဲ့စနစ်တွေကို မျက်ကွယ်ပြုထားတယ်။ ပရိဘောဂလုပ်ငန်းဟာ အထည်ချုပ်လုပ်ငန်းလို အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်တဲ့ လုပ်ငန်းဖြစ်တယ်။ အခြေခံလူတန်းစားတွေကိုအလုပ်ပေးနိုင်တဲ့ လုပ်ငန်းတွေကိုပံ့ပိုးပေးဖို့ စဉ်းစားပေးစေချင်တယ်။

**ဦးမျိုးမင်းအောင်**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း**

ကျွန်တော်တို့အသင်းရုံးကို ရန်ကုန်နဲ့ မန္တလေးမှာ ထားရှိပေမယ့် နောင်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို တိုးချဲ့သွားဖို့ရှိပါတယ်။ လက်ရှိအသင်းမှာ အဖွဲ့ဝင်ရာဂဏန်းပဲရှိပါတယ်။ တစ်နိုင်ငံလုံးမှာ လက်လီဆိုင်ပေါင်း သုံးသိန်းကျော်ရှိနေပါတယ်။ အဓိကတင်ပြချင်တာက ငွေကြေးကိစ္စပါ။ လက်လီလုပ်ငန်းက မိသားစုဆိုင်လေးတွေနဲ့ လုပ်နေကြတာများပါတယ်။ အခုအချိန်မှာ ခေါင်းရွက် ဗျပ်ထိုးဈေးသည်တွေတောင် ချေးငွေရရှိနေပါပြီ။ လုပ်ငန်းကြီးတွေကလည်း ဘဏ်ချေးငွေရကြပါတယ်။ ဒါပေမယ့် လက်လီသမားတွေမှာ ချေးငွေရရှိဖို့မလွယ်ကူပါဘူး။ ဥပဒေစိုးမိုးမှုမှာ အခွန်ဥပဒေကို တင်ပြချင်တယ်။ အခွန်ဥပဒေဟာ တဖြည်းဖြည်းနဲ့တိကျလာတယ်။ ပွင့်လင်းလာတယ်။ အကောင်အထည်ဖော်ရာမှာလည်း မြန်ဆန်လာတယ်။ ဒါပေမယ့် လက်လီကဏ္ဍအတွက် အခွန်ဆောင်ရာမှာ အဆင်မပြေမှုတွေ၊ မမျှတမှုတွေရှိနေတယ်။ အရက်ဘီယာတင်သွင်းခွင့်မှာလည်း လက်လီသမားတွေ မရရှိပါဘူး။ အမြန်ဆုံး တင်သွင်းခွင့်ချပေးဖို့ တောင်းဆိုချင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လက်လီတွေက FDA ခွင့်ပြုချက်နဲ့ ရောင်းပါတယ်။ တချို့နေရာတွေမှာ FDA ရဲ့ အားနည်းချက်တွေရှိနေတယ်။ လူအင်အား မလုံလောက်ဘူးလို့ အကြောင်းပြတယ်။ FDA က ထောက်ခံထားလို့ ရောင်းချနေပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထုတ်ကုန်တစ်ခုခုဟာ ပြဿနာဖြစ်ရင် လက်လီလုပ်ငန်းရှင်တွေပဲ ထိခိုက်နေတယ်။ တကယ်ထုတ်လုပ် တင်သွင်းသူက တာဝန်ယူရမယ့်အပိုင်းဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိစ္စတွေမှာလည်း စီးပွား/ ကူးသန်းက ခွင့်မပြုပေမယ့် ဝန်ဆောင်မှုပုံစံနဲ့ ဝင်ရောက်ပြီး လက်လီဆောင်ရွက်နေတာတွေကိုလည်း ဥပဒေနဲ့အညီ ဖြစ်စေချင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏ (၄၅)ကြိမ်မြောက် သိက္ခာတော်ကံထပ် အလှူတော်မင်္ဂလာကျင်းပ

**ရန်ကုန် ဧပြီ ၂၄**
ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်တွင်း ပြည်ပ သာသနာပြု၊ ရှင် ၅၀၀၀ သာသနာပြု (နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆုရ) ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍိဗလ၏ (၄၅) ကြိမ်မြောက် သိက္ခာတော်ကံထပ် အလှူတော်မင်္ဂလာနှင့် သက်တော် ၅၀ ပြည့် ရွှေရတုဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာများ စုစုပေါင်းသံဃာတော် ၁၀၈ ပါးတို့ ကြွရောက်ကြပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူ ပူဇော်ခဲ့ကြပြီး ရွှေရတုဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားအား ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက မွေးနေ့ဆုတောင်းမေတ္တာပို့စကား လျှောက်ထားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာဆုတောင်းလွှာနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ မွေးနေ့ရှင်ဆရာတော် ဦးကုဏ္ဍိဗလက ဩဝါဒစကားမြွက်ကြားပြီး အလှူရှင်များက ဆရာတော်အား သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ မင်းကွန်းဆရာတော်ကြီး၏ ကောင်းမှုတော် ဂုံသီရိ မဟာဘေးမဲ့ကန်တော်ကြီး ပြန်လည်ဆယ်ယူနေသော လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ဝိသာခါတန်ဆောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ တည်းခိုနေထိုင်နိုင်ရေးအတွက် ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အခွန်ထမ်းပြည်သူများကို နိုင်ငံတော်တာဝန်ကျေပွန်သူအဖြစ် ဝန်ထမ်းများအနေဖြင့် အသိအမှတ်ပြု လေးစားဆက်ဆံရမည်ဖြစ်

**နေပြည်တော် ဧပြီ ၂၄**
အခွန်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ နှင့် အခွန်ဥပဒေတို့တွင် ရှင်းလင်းစွာ ထုတ်ပြန်ထားပါကြောင်း၊ ပြည်သူများသည် မိမိတို့ရရှိသော ဝင်ငွေမှ အခွန်ပေးဆောင်၍ နိုင်ငံတော်သို့ ပံ့ပိုးနေသောကြောင့် အခွန်ထမ်းပြည်သူများကို "နိုင်ငံ့တာဝန် ကျေပွန်သူ" အဖြစ် အသိအမှတ်ပြု လေးစားဆက်ဆံရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။ **(အောက်ဝဲပုံ)**




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Commercial Tax နှင့်ပတ်သက်၍ ငွေပေးပြေစာများတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် ဆိုင်များသို့ ညွှန်ကြားထားသော်လည်း အချို့မှာ လိုက်နာမှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အခွန်အခများသည် နိုင်ငံတော်၏ ဘဏ္ဍာသို့ အပြည့်အဝမရောက်ရှိဘဲ နစ်နာဆုံးရှုံးရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်ဘဏ္ဍာဖြင့် ဝယ်ယူထားသော စက်ပစ္စည်း၊ ပရိဘောဂနှင့် အဆောက်အအုံများကိုလည်း အဆင့်ဆင့် ထိန်းသိမ်းကြီးကြပ်ကွပ်ကဲရန် လိုကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် အဓိကအကျဆုံးဖြစ်သည့် စိတ်ဓာတ်ကို ဦးစွာပြုပြင်ပြောင်းလဲရန်လိုကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် အာမခံနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် တိုးတက်အောင် ဆောင်ရွက်ရာတွင် အစိုးရနှင့် ပြည်သူပူးပေါင်းမှသာ အောင်မြင်နိုင်မည်ဖြစ်၍ ပြည်သူ့အစိုးရဖြစ်သည့် မိမိတို့အစိုးရသည် ပြည်သူ့အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဧပြီ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တာချီလိတ်၌ ပြည်သူများလိုအပ်ချက်သိရှိရန် ကျေးရွာများသို့ ကွင်းဆင်းလေ့လာ

**တာချီလိတ် ဧပြီ ၂၄**
ဒေသဖွံ့ဖြိုးမှု အခြေအနေများနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေရသုံးဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်တို့က မိုင်းကိုးအုပ်စုရှိ ကျေးရွာများသို့ ဧပြီ ၂၃ ရက်၌ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းလေ့လာရာတွင် ဒေသခံပြည်သူများကလည်း ဒေသ ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍတွင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြား၌ နောက်ကျကျန်နေသော ကျေးလက်လမ်းများ၊ သောက်သုံးရေရရှိရေးကိစ္စ၊ လျှပ်စစ်မီးရရှိရေး လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ပြည်သူများ ပွင့်လင်းမြင်သာစွာဆွေးနွေးမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးမည်

**ရန်ကုန် ဧပြီ ၂၄**
ကမာရွတ်မြို့နယ်မှ ဝင်ရောက်ရွေးချယ်ခံခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁)ရပ်ကွက်အတွင်းရှိ အောင်ချမ်းသာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူများ သိသင့်သိထိုက်သော လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးတိုင်ကြားစာများ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်ဝင်းတို့က ပြည်သူများအနေဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးတင်ပြရန်နှင့် ပြည်သူများ၏ ဆွေးနွေးချက်များကို အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရပ်ကွက်အတွင်းရှိ ပြည်သူများက မိမိတို့မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ဒေသ၏အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ကမာရွတ်မြို့နယ်အတွင်း ဌာနဆိုင်ရာအဖွဲ့အစည်း ၁၉ ခုရှိကြောင်းနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ပြည်သူတို့၏အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## နေပြည်တော်နှင့် မန္တလေး နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် ဧပြီ ၂၄**
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် ရန်ကုန်မြို့၌ ၃၈ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၌ ၃၉ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့၌ ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။
**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ၏ အသက်သွေးကြော လယ်ယာကဏ္ဍ

**သင်္ဂဟ**

ဧပြီလ ၂၄ ရက်နေ့ ကြေးမုံသတင်းစာမှာ ကလေးအလုပ်သမားအကြောင်း ဆောင်းပါး ဖတ်ရပါတယ်။ မောင်လွင်ပြင်က "ကလေးအလုပ်သမား တစ်သန်းခွဲကျော်ရှိသည့်တိုင်းပြည် ရယ်မှာလား၊ ငိုမှာလား" ဆိုပြီး ရေးသားထားတာပါ။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရဲ့ ကလေးအလုပ်သမားက စုစုပေါင်းတစ်သန်း ငါးသိန်း လေးသောင်းကျော် ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ တရားဝင်စတင်အလုပ်လုပ်နိုင်တဲ့အရွယ်က ၁၈ နှစ်ဆိုတော့ ကလေးအလုပ်သမားဆိုတာ အသက် ၁၀ နှစ်ကနေ ၁၇ နှစ်အထိရှိတဲ့ ကလေးငယ် တွေကိုဆိုလိုတာပါ။ မထင်မှတ်ထားတဲ့အချက်က လယ်ယာကဏ္ဍမှာ အလုပ်လုပ်နေတဲ့ ကလေးအလုပ်သမားပေါင်းက ရှစ်သိန်းကျော်ရှိပါတယ်။ ပြောရရင် ကလေးအလုပ်သမားတွေရဲ့ တစ်ဝက်နီးပါးဟာ လယ်ယာကဏ္ဍမှာ အလုပ်လုပ်နေကြတာပါ။ ဒီ့ထက်ပိုဆိုးတာကတော့ ကလေးအလုပ်သမားတွေရဲ့ ငါးရာခိုင်နှုန်းလောက်ကပဲ မိသားစုအလုပ်တွေမှာ လုပ်ကိုင်နေတာပါ။ ပြောရရင် လယ်ယာကဏ္ဍမှာ လုပ်ကိုင်နေတဲ့ ကလေးအလုပ်သမား အားလုံးနီးပါးဟာ သူတစ်ပါးလုပ်ငန်းတွေမှာ အခစားလုပ်ကိုင်နေတာပါ။ ဒီနေရာမှာ မထင်မှတ်တဲ့ အချက်တစ်ချက်က ထင်းခနဲ ပေါ်လွင်လာပါတယ်။ လယ်ယာကဏ္ဍမှာ လယ်ယာအလုပ်သမားရှားပါးမှုဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လို့နေပေမယ့် ဒီလယ်ယာ အလုပ်သမားရှားပါးမှုကို ကလေးအလုပ်သမားတွေက ဝင်ရောက်ဖြေရှင်းပေးနေရတာက အခုမှပေါ်လွင်လာတာပါ။ ဒီအချက်အလက်တွေကို ပြီးခဲ့တဲ့ မတ်လ ၂၈ ရက်နေ့ကမှ ထုတ်ပြန်ခဲ့တာပါ။ ပြဿနာက လယ်ယာကဏ္ဍဆိုတာ မြန်မာနိုင်ငံမှာ တိုင်းပြည်ရဲ့လူဦးရေအများစု မှီခိုနေတဲ့စီးပွားရေးကဏ္ဍဖြစ်ပေမယ့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုရော၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပါ အနည်းဆုံးစီးပွားရေးကဏ္ဍဖြစ်နေတာပါ။ ဒါ့ကြောင့် ကျေးလက်ကလေးအလုပ်သမား ပြဿနာဖြေရှင်းဖို့ဆိုတာ အတော်ကြီးမလွယ်တဲ့ စိန်ခေါ်မှုဖြစ်နေပါတယ်။ ဒီ့ထက်ပိုဆိုးတာက ဒီတစ်သန်းငါးသိန်းကျော်ရှိတဲ့ ကျေးလက်ကလေးအလုပ်သမားတွေရဲ့ ပညာသင်ကြားခွင့် ဆုံးရှုံးနေတဲ့ ကိစ္စပါ။ မြို့ကြီးတွေမှာရှိတဲ့ ကလေးအလုပ်သမားတွေကို အလုပ်ချိန်ပြင်ပကသင်ကြားပေးတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေအကြောင်း ကြားဖူးပေမယ့် ကျေးလက်ကလေးအလုပ်သမားတွေကို သင်ကြားပေးတဲ့ အစီအစဉ်တွေကိုတော့ အခုအချိန်ထိမကြားရသေးပါဘူး။

အဆိုးဆုံးကတော့ မိသားစုဘဝ အသက်ရှင်ရပ်တည်ရေးအတွက် ကလေးတွေ အလုပ်လုပ်နေရတဲ့ဘဝအခြေအနေပါ။ ဒီကလေးငယ်တွေမှ အလုပ်မလုပ်ရင် သူတို့မိသားစုတွေရဲ့ဘဝဟာ ရှင်သန်ရပ်တည်နိုင်စွမ်းမရှိတာပါ။ မန္တလေးတောင်ခြေက ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ကျောင်းပြီးစက ဝင်လုပ်ဖူးပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ နေ့စဉ်သုံးလုပ်ငန်းဆိုင်ရာ ပစ္စည်းတွေကိုထိန်းသိမ်းပြီး လိုအပ်သလို ထုတ်ပေးရတဲ့စတိုဟာ အရေးကြီးပါတယ်။ ဒီစတိုကိုကိုင်တွယ်တဲ့ပုဂ္ဂိုလ်က ထိုင်းပုလိပ်အရာရှိဟောင်းဖြစ်ပြီး စတိုဝန်ထမ်းအားလုံးလိုလိုကို အမျိုးသမီးတွေ ပဲခန့်ထားပါတယ်။ ရှားရှားပါးပါး အမျိုးသားစတိုဝန်ထမ်းဆိုလို့ အသက် ၁၂ နှစ်အရွယ်မြန်မာကလေးအလုပ်သမားတစ်ယောက်ပဲရှိပါတယ်။ ဒီကလေးအလုပ်သမားလေးက အင်မတန် အားကိုးရပါတယ်။ ဘယ်ပစ္စည်းလိုတယ်ဆိုတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက လာပြောရင် ဘာပစ္စည်းအားပြောတာကို ချက်ချင်းသိပြီး စတိုရဲ့ဘယ်နေရာမှာ သိမ်းထားသလဲဆိုတာကို ချက်ချင်းသိပါတယ်။ ဒီကလေးအလုပ်သမားရဲ့ အမေရော အဖေကပါ ဒီဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အလုပ်လုပ်နေကြတာပါ။ ပြောလိုတာက ဒီကလေးအလုပ်သမားလေးရဲ့ လုပ်အားခက သူတို့မိသားစုရှင်သန်ရပ်တည်ရေးအတွက် အင်မတန်အရေးပါပါတယ်။ ကံဆိုးချင်တော့ ဒီဆောက်လုပ်ရေးလုပ်ငန်းခွင်ရဲ့ ကလေးအလုပ်သမားတွေအကြောင်းကို နိုင်ငံခြားမဂ္ဂဇင်းတစ်ခုက ရေးသားတင်ပြတော့ ဒီကလေးငယ်ရဲ့ ဓာတ်ပုံဟာ မဂ္ဂဇင်းမှာ ပါသွားပါတယ်။ ရလဒ်ကတော့ ဆောက်လုပ်ရေးကုမ္ပဏီက ဒီကလေးငယ်ကိုမလွှဲသာမရှောင်သာ အလုပ်ဖြုတ်လိုက်ရတာပါ။ ပြောလိုတာက ကလေးအလုပ်သမားကိစ္စဆိုတာ အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စဖြစ်ပေမယ့် မိသားစုရဲ့ စားဝတ်နေရေးပြဿနာကို ပူးတွဲမဖြေရှင်းပေးနိုင်ဘူးဆိုရင်တော့ ခုတ်ရာတခြား ရှရာတခြားဖြစ်နေမှာပါ။ မြန်မာနိုင်ငံရဲ့ နက်ရှိုင်းတဲ့ပြဿနာက ကလေးအလုပ်သမားတွေရဲ့ တစ်ဝက်နီးပါးဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဝင်အလုပ်လုပ်နေရပြီး အခုအချိန်အထိ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ကိုင်တွယ်ဖြေရှင်းပေးမယ့် မူဝါဒတစ်ရပ် တိတိကျကျ ခိုင်ခိုင်မာမာ မရှိသေးတာပါ။ အရင်ဆုံး လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ပြီးရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ ပြည့်ပြည့်စုံစုံရအောင် ကောက်ယူစုစည်းရပါမယ်။ နောက်ဆုံးအဆင့်ကတော့ လယ်ယာကဏ္ဍဆိုင်ရာ ရေရှည် မဟာဗျူဟာတစ်ရပ်ချမှတ်နိုင်ဖို့ ကြိုးပမ်းရပါမယ်။ လိုရင်းချုပ်ပြောရရင်တော့ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးလိုတယ်ဆိုရင် အခုပဲ လယ်ယာကဏ္ဍရဲ့ လိုအပ်ချက်တွေကို ပထမဦးစားပေးပြီး ကိုင်တွယ်ဖို့ လိုအပ်နေတယ်ဆိုတာပါပဲ။ ။

**မြန်မာနိုင်ငံရဲ့ နက်ရှိုင်းတဲ့ပြဿနာက ကလေးအလုပ်သမားတွေရဲ့ တစ်ဝက်နီးပါးဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဝင်အလုပ်လုပ်နေရပြီး အခုအချိန်အထိ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ကိုင်တွယ်ဖြေရှင်းပေးမယ့် မူဝါဒတစ်ရပ် တိတိကျကျ ခိုင်ခိုင်မာမာ မရှိသေးတာပါ။**

# မြဝတီမြို့၌ ၁၀ နှစ်ခန့်ကြာ ပြသနိုင်ခြင်းမရှိသည့် မြဝတ်ရည်ရုပ်ရှင်ရုံအား သွန်းရွှေစင် အဆင့်မြင့် ရုပ်ရှင်ရုံအဖြစ် ပြန်လည်ပြသနိုင်ပြီဖြစ်



**မြဝတီ ဧပြီ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် နှစ်ပေါင်း ၁၀ နှစ်နီးပါးခန့်ကြာ ပြသနိုင်ခြင်းမရှိသည့် မြဝတ်ရည်ရုပ်ရှင်ရုံအား သွန်းရွှေစင်အဆင့်မြင့် ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ပြီး ပြန်လည်ပြသနိုင်ပြီဖြစ်ကြောင်း သိရသည်။

သွန်းရွှေစင် အဆင့်မြင့် ရုပ်ရှင်ရုံဖွင့်ပွဲကို ယနေ့ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အဆိုပါရုပ်ရှင်ရုံ၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဖေဦးတို့က ရုပ်ရှင်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ အဆိုပါ ရုပ်ရှင်ရုံတွင် လူ ၃၀၀ ခန့် ကြည့်ရှုနိုင်ပြီး အအေးခန်းအဆင့်မြင့် ဒီဂျစ်တယ်စနစ်ဖြစ်ကာ နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ည ၇ နာရီ နှစ်ကြိမ် ပြသပေးမည်ဖြစ်သည်။ ရုံဝင်ခ ငွေကျပ် ၁၅၀၀၊ ၂၀၀၀ နှင့် ၂၅၀၀ တို့ဖြင့် ဧပြီ ၂၄ ရက်မှစတင် ကြည့်ရှုနိုင်ပြီဖြစ်သည်။

ယခင်က မြဝတ်ရည်ရုပ်ရှင်ရုံကို ၁၉၇၆ ခုနှစ်ခန့်ကစတင်ကာ နှစ်ပေါင်း ၃၀ နီးပါးခန့် ပြသနိုင်ခဲ့ပြီး နှစ်ပေါင်း ၁၀ နှစ်ခန့်နီးပါးကြာ ရပ်နားထားခဲ့ကာ ယခုမှအဆင့်မြှင့်တင်ပြီး ပြန်လည်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နေပြည်တော် ဓနသိဒ္ဓိရပ်ကွက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်တွင် ယနေ့ည ၇ နာရီ၌ ကျောင်းတိုက် ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ဒီဃနိကာယ ဝိဒူ ဆရာတော် ဦးစာရိတ္တာထံမှ ဩဝါဒခံယူကာ အောင်ပန်းမြိုင်လူမှုကူညီရေးအသင်း (နေပြည်တော်)နှင့် ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက် စာပေမြတ်နိုးသူများအဖွဲ့တို့က ဦးဆောင်ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ကျင်းပသည်။



ဟောပြောပွဲတွင် နိုင်ငံကျော် စာရေးဆရာကြီးများ ဖြစ်ကြသည့် ဆရာကြီး မနုဿကျော်ဝင်း၊ ဆရာကြီး လယ်တွင်းသားစောချစ်၊ ဆရာမကြီး ဒေါ်သန်းမြင့်အောင်၊ ဆရာကြီး မောင်ငြိမ်းသူ (ကြို့ပင်ကောက်)တို့နှင့်အတူ စာပေချစ်မြတ်နိုးသူ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင် ဒေသခံပြည်သူ ၆၀၀ ခန့်တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဆရာမကြီး ဒေါ်သန်းမြင့်အောင်က **"လောကကိုအလှဆင်ပါ"**ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီးမနုဿကျော်ဝင်းက **"ဒို့ဘိုးဘွားအမွေစစ်မို့"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကြီး လယ်တွင်းသားစောချစ်က **"ဘဝမှစာ၊ စာမှ ဘဝ"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကြီး မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က **"စကားလက်ဆောင်၊ စာလက်ဆောင်"**ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# အနာဂတ်မန္တလေးဟာ သင့်အတွက်သာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)က ကြီးမှူး၍ "အနာဂတ်မန္တလေးဟာ သင့်အတွက်သာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံကြီး၌ ဧပြီ ၃၀ ရက် နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ဒေါ်တင်မိုးလွင်၊ ဦးအောင်ချစ်ခင်၊ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)၊ ဦးကျော်မင်း(စိန်နှင့်မြ)၊ UD ဦးခင်မောင်ဝင်း၊ ဒေါက်တာထွန်းထွန်းအောင်တို့က ဆွေးနွေးကြမည်ဖြစ်ပြီး စာရေးဆရာ၊ သတင်းစာဆရာ ဦးကျော်ရင်မြင့်က ဆွေးနွေးကြမည့်သူများကို မေးခွန်းများ မေးမြန်းပေးမည်ဖြစ်သည်။

ဆွေးနွေးပွဲကို စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး ဆိုင်ကယ်၊ တီဗွီ၊ ရေခဲသေတ္တာများကို ကံစမ်းမဲအဖြစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဧပြီ ၂၈ ရက်ထိ စာရင်းပေးသွင်းနိုင်ကာ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၆၉၃၂၆၊ ၀၂-၆၉၃၁၁၊ ၀၉-၂၁၅၁၀၆၃၊ ၀၉-၂၅၆၃၇၇၃၀၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရေစကြိုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသော ကျေးရွာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်

**နေပြည်တော် မေ ၂၄**
မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ်ရှိ ငတရော်ကျေးရွာနှင့် နေရင်းကျေးရွာတို့၌ မေ ၂၁ ရက် ညပိုင်းက လေပြင်းတိုက်ခတ်ပြီး ငတရော်ကျေးရွာတွင် ထူပါရုံကျောင်း အာရုံခံတန်ဆောင်း၊ ရှာဦးစေတီတော်နှင့် အုတ်တံတိုင်းများ ပြိုလဲပျက်စီးခဲ့ပြီး လူနေအိမ် ၆၁ လုံး အမိုးအကာများ ပျက်စီးခဲ့ကာ နေရင်းကျေးရွာတွင် ဆောက်လုပ်ဆဲစာသင်ကျောင်းနှင့် လူနေအိမ် ၆၇ လုံး အမိုးအကာများ ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျေးရွာများတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပျက်အစီးများကို ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ဆေးကုသမှုများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပြီး **(အပေါ်ပုံ)** အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာများသို့ သွားရောက်၍ ပျက်စီးမှုအခြေအနေများနှင့် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုကာ ဒေသခံများကို အားပေးစကားပြောကြားပြီး အမိုးသွပ်များ ပေးအပ်လှူဒါန်းသည်။

လေပြင်းဒဏ်သင့်ခဲ့သော ဒေသများမှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ မြေနုကျွန်းများဖြစ်ပြီး နှစ်စဉ်သင်္ကြန်ကာလအပြီး၌ လေပြင်းတိုက်ခတ်လေ့ရှိသော်လည်း ယခုကဲ့သို့ ပြင်းထန်မှုမရှိခဲ့ကြောင်း နှစ်စဉ်မိုးရာသီတွင် မြစ်ရေတက်လေ့ရှိသဖြင့် ယင်းဒေသ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းမှူးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ ပေါင်းစပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ပုသိမ်ခရိုင်အတွင်း ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေး

**ရွှေသောင်ယံ မေ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်၌ မေ ၂၄ ရက်က ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်အလုံး ၅၅၀ ကို ပြည်သူများအား ထုတ်ဝေပေးခဲ့ကြောင်း သိရသည်။

ဆေးစိမ်ခြင်ထောင်များကို အသုံးမပြုမီ ၂၄ နာရီ ထောင်ထားပြီးမှ အသုံးပြုကြရန် စသည့် အသုံးပြုပုံ၊ အသုံးပြုနည်းနှင့် ဆေးစိမ်ခြင်ထောင် အသုံးပြုခြင်းဖြင့် ကာကွယ်နိုင်သည့် ရောဂါများအကြောင်း ရှင်းလင်းပြောကြားကာ အိမ်ထောင်တစ်စုလျှင် မိသားစုသုံးယောက်ကို ခြင်ထောင်တစ်လုံးစီနှင့် မိသားစုငါးယောက်အထက်ကို ခြင်ထောင်နှစ်လုံးစီထုတ်ပေးခဲ့ပြီး ပိုလျှံခြင်ထောင်များကို မိသားစုအနည်းအများအလိုက် ထပ်မံဝေမျှပေးသွားမည်ဟု သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# မြစ်သားမြို့ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မြစ်သား မေ ၂၄**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မေ ၂၄ ရက် နံနက် ၁၁ နာရီက လေဘေးသင့်ဒေသခံပြည်သူများအား လာရောက်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြိုလဲပျက်စီးသွားသည့် ကနဦးစာရင်းပေါက် အိမ်အလုံး ၅၀ အတွက် တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၂၅ သိန်း၊ အဝတ်အစား၊ ဆပ်ပြာ၊ Family Kit ဂျပ်ဖာ ၁၀ ဖာနှင့် သွပ်အချပ်ရေ ၂၀၀၀ ထောက်ပံ့ပေးအပ်ပြီး ရသင့်ရထိုက်သည့်သူများရရှိအောင် ရွာတွင် ချန်နေပြီး စီမံခန့်ခွဲပေးရန် တာဝန်ရှိသူတစ်ဦးအား တာဝန်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့နယ်ရှိ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သောကျေးရွာအတွက် အိမ်အမိုးသွပ်များထောက်ပံ့

**နေပြည်တော် မေ ၂၄**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မေ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မိုးသီးများကြွေကျခဲ့ရာ တောင်ကျချောင်းရေများကျဆင်းကာ လူသေဆုံးမှု၊ ပျောက်ဆုံးမှုနှင့် လူနေအိမ်အချို့ ပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ အမိုးသွပ်များ ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်မှုနှင့် တောင်ကျချောင်းရေကျဆင်းမှုတို့ကြောင့် စဉ့်ကိုင်မြို့နယ် ကံကြီးကျေးရွာတွင် လူနေအိမ် ၃၂၂ လုံးနှင့် အလယ်တန်းကျောင်းတစ်ကျောင်း အမိုးအကာများပျက်စီးခဲ့ပြီး ကျွဲ၊ နွား၊တိရစ္ဆာန်စုစုပေါင်း ၅၅ ကောင် သေဆုံးခဲ့ကြောင်း၊ ကျောက်ဆည်မြို့နယ် ရေသရောက်ကျေးရွာတွင် တောင်ကျချောင်းရေကြောင့် ဒေသခံလေးဦးသေဆုံးခဲ့ပြီး ကလေးငယ်နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ် ၁၆၀ တို့ အမိုးအကာများ ပျက်စီးခဲ့ကာ နွား၊ ဆိတ်၊ ဝက် စသည့် တိရစ္ဆာန်စုစုပေါင်း ၂၇၅ ကောင် သေဆုံးခဲ့ကြောင်း၊ ချောင်းဆုံကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင်လည်း လူနေအိမ် ၁၃၄ လုံး အမိုးအကာများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်ခဲ့သည့် ကျေးရွာများသို့ ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာများတွင် တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များကလည်း စားသောက်ဖွယ်ရာများ **(ယာပုံ)** ဖြန့်ဝေလှူဒါန်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များအတွက် အမိုးသွပ်ပြားအချပ် ၁၈၅၀ နှင့် သွပ်ရိုက်သံများကို တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် ပေးပို့လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# သောက်သုံးရေရရှိရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် မေ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မေ ၂၃ ရက် နံနက်ပိုင်းက သောက်သုံးရေ အလွန်လိုအပ်လျက်ရှိသော ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ မြေရင့်ကျေးရွာနှင့် ပေါက်မြို့နယ်အတွင်းရှိ တာချောင်းကျေးရွာများသို့ သွားရောက်၍ ဝန်ကြီးဌာနမှ ထောက်ပံ့သည့် မြေရင့်ကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ စင်မြှင့်ရေစင် ဆောက်လုပ်ရန် ငွေကျပ် ၃ ဒသမ ၈ သန်းအားလည်း ကောင်း၊ တာချောင်းကျေးရွာတွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်ဆောက်လုပ်ရန် ငွေကျပ် ၁ ဒသမ ၈၅ သန်းနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။ ဆွေးနွေးဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ နီးစပ်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပြည်သူအားလုံး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ လေဘေးသင့်ကျေးရွာများသို့ သွားရောက်ကြည့်ရှု၍ သာပေါင်းကျေးရွာရှိ ပျက်စီးနေအိမ် လေးလုံး ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေကျပ် နှစ်သိန်းအား ပေးအပ်ခဲ့ပြီး ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကာ စာရင်းကျန်ရှိသည့် ပျက်စီးနေအိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေ ဆက်လက်ထောက်ပံ့ပေးနိုင်ရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အသုံးပြုရန် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ သွပ် အချပ် ၁၀၀၀၀ အား တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးအပ်ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသည်။

မေ ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ် အတွင်းရှိ လေဘေးသင့်ကျေးရွာများသို့ သွားရောက်ကြည့်ရှုပြီး ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။ ယင်းနောက် စဉ့်ကိုင်မြို့နယ် ကန်ကြီးရွာ လေဘေးပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ သွပ် အချပ် ၃၀၀၀၊ မိုးကာလိပ်များနှင့် ပြိုကျနေအိမ် သုံးလုံးအတွက် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၅ သိန်းအားလည်းကောင်း၊ ကျောက်ဆည်မြို့နယ် ရေသရောက်ရွာ လေဘေးပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ သွပ်အချပ် ၂၀၀၀၊ မိုးကာလိပ်များနှင့် သေဆုံးသူ ခြောက်ဦးအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းအားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး သေဆုံးသူများ၏ မိသားစုဝင်များအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ရွာခိုင်ကြီးရဲစခန်းသို့ရောက်ရှိပြီး ရဲစခန်းအတွင်း ပျက်စီးသွားသော ရဲဝန်ထမ်းမိသားစုအိမ်ရာများအတွက် ယာယီအသုံးပြုနိုင်ရန် မိုးကာတဲနှင့် မိုးကာလိပ်များအားလည်းကောင်း၊ ယာယီဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေး အသင့်တပ်ဆင်အသုံးပြုနိုင်သော သံဖရိန်အဆောက်အအုံ သုံးလုံးအားလည်းကောင်း ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ရွာခိုင်ကြီးကျေးရွာ ရွာသူရွာသားများအား ဓမ္မာရုံ၌ တွေ့ဆုံ၍ လေဘေးပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ သွပ်အချပ်ရေ ၂၀၀၀ အားလည်းကောင်း၊ ရွာခိုင်ကြီးကျေးရွာ လေဘေးပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၂၅ သိန်း၊ မိုးကာလိပ်များနှင့် Family Kit များအားလည်းကောင်း ထောက်ပံ့ပေးအပ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အသိ၊ သတိဖြင့် ဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ၁၀ သိန်းကျော်တန်ဖိုးရှိ စာအုပ်စာပေများ လှူဒါန်း

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီ စာကြည့်တိုက်သို့ စာအုပ်စာပေ အလှူရှင် ဦးအောင်ကိုကိုဦး-ဒေါ်တင်မိုးအေး၊ ဦးတင်ထွန်းအောင်-ဒေါ်မာလာမြင့် မိသားစုတို့က တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ရှိ သုတရသ စာအုပ်စာပေများကို မေ ၂၄ ရက် နံနက် ၉ နာရီက လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လေဘေးသင့်ပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံအားပေး

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသီးများနှင့်အတူ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် မြို့နယ်အချို့တွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် မေ ၂၃ ရက် ညနေပိုင်းက သွားရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် အဝတ်အထည်၊ စောင်၊ အိုးခွက်ပန်းကန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေဘိုခရိုင် ရေဦးမြို့နယ် သံသည်ကျေးရွာ၊ ဝက်လက်မြို့နယ် ရွှေညောင်တော်ကျေးရွာနှင့် သပြေသာကျေးရွာ၊ ဒီပဲယင်းမြို့နယ် မင်းဆွေနှစ်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်ရှိ တလိုင်းကျေးရွာ၊ ကျောင်းဖြူကျေးရွာ၊ မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာတို့သို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေးပြီး ဆန်နှင့်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဘူးသီးတောင် မေ ၂၄**

ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ် နယ်စပ်တွင် မြန်မာ့တပ်မတော်နှင့် AA အဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် ဘူးသီးတောင်မြို့နယ်နှင့် ၂၅ မိုင်အကွာ စေတောင်ကျေးရွာ သက်ရက်ပြင်အုပ်စု အလယ်ချောင်း(ခမီး)ရွာ၊ ကညင်ချောင်းအုပ်စု မင်းလှကိုင်းကျေးရွာများသို့ ရောက်ရှိနေသော တိုက်ပွဲရှောင် ပြည်သူများအား မေ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တို့သည် တိုက်ပွဲရှောင်ပြည်သူများ ယာယီခိုလှုံနေထိုင်သည့် စေတောင်(အလက-ခွဲ)သို့သွားရောက်ပြီး တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ စားဝတ်နေရေးအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားခဲ့သည်။

ထို့အတူ မေ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သရက်ပြင်အုပ်စု အလယ်ချောင်း(ခမီး)ရွာသို့ သွားရောက်ခဲ့ပြီး တိုက်ပွဲရှောင် အိမ်ထောင်စု ၁၉ စု၊ အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၄၀ တို့နှင့် စေတောင်ကျေးရွာရှိ တိုက်ပွဲရှောင် အိမ်ထောင်စု ၅၉ စု၊ လူဦးရေ အမျိုးသား ၁၆၂ ဦး၊ အမျိုးသမီး ၉၅ ဦး ပေါင်း ၂၅၅ ဦးတို့အား မောင်တောခရိုင်နှင့် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ၊ ကော်ဖီထုပ်၊ ခေါက်ဆွဲ ခြောက်ထုပ်နှင့် ဆေးသေတ္တာတို့အား ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** ဘူးသီးတောင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ပြီး သောက်သုံးရေ၊ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းကာ စေတောင် (အလက-ခွဲ)တွင် ယာယီဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လေပြင်းများ တိုက်ခတ်သဖြင့် စာသင်ကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုဖြစ်

**အင်းတော်**

ဧပြီ ၂၄ ရက် နံနက် ၂ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ လူနေအိမ်များ၊ စာသင်ကျောင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

"ကျွန်မအသက် ၄၀ ရှိပြီ၊ ဒီညတိုက်တဲ့လေလောက် တစ်ခါမှမကြုံဖူးဘူး၊ ကြောက်လွန်းလို့ ဘယ်ပြေးလို့ပြေးရမှန်းလည်းမသိ၊ အိမ်ခေါင်မိုးက လေတိုက်လို့ကျွတ်ထွက်ကုန်တာနဲ့ နောက်ဖေးက စပါးတိုက်ထဲဝင်ပြီးဝပ်နေရတယ်"ဟု မအူကုန်းကျေးရွာမှ ဒေသခံတစ်ဦးက လေပြင်းတိုက်ခတ်စဉ် အတွေ့အကြုံကို ပြောပြသည်။



**အင်းတော်မြို့၌ လေပြင်းတိုက်ခတ်၍ နေအိမ်ပျက်စီးနေသည်ကို တွေ့ရစဉ်**

လေပြင်း တိုက်ခတ်မှုကြောင့် အင်းတော်မြို့နယ်အတွင်းရှိ ဂျုံးဂျုံးဂျကျေးရွာတွင် ကျေးလက်ဆေးပေးခန်းဝင်း အတွင်းရှိ လူနေအိမ်တစ်လုံး၊ ကျေးရွာအတွင်းရှိ လူနေအိမ် ၁၂ လုံးနှင့် စပါးတိုက်နှစ်ခု၊ မအူကုန်းကျေးရွာရှိ အမကကျောင်း အပါအဝင် လူနေအိမ် အလုံး ၂၀ခန့်၊ သောင်မြင်းကျေးရွာ၌ အမကကျောင်းတစ်ကျောင်း အပါအဝင် လူနေအိမ်နှစ်လုံး၊ စပါးတိုက်နှစ်ခု၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတို့ အမိုးများလေလန်၍ ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောရွာများသို့ တာဝန်ရှိသူများသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဖောင်းပြင်**

ဖောင်းပြင်မြို့နယ်တွင် ဧပြီ ၂၃ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်း၊ မြို့နယ်တောင်ဘက်ပိုင်း ကျေးရွာအုပ်စုများတွင် လက်သီးဆုပ်အရွယ်ခန့် မိုးသီးများကျခြင်းတို့ကြောင့် မိုင်းချောင်းအုပ်စု မိုင်းချောင်းကျေးရွာ၌ နေအိမ် အလုံး ၅၀ အိမ်ခေါင်မိုးသွပ်များ ပေါက်ခြင်း ကပ္ပိကျေးရွာ၌ နေအိမ် ၆၅ လုံးနှင့် အမက(ခွဲ)စာသင်ကျောင်း ခေါင်မိုးပေါက်ပြဲ အမိုးလန်ခြင်းဖြစ်ပေါ်ခဲ့သည်။

ထို့အပြင်ခုံသာကျေးရွာတွင် အိမ်ပြိုလဲငါးလုံး အမိုးလန် အလုံး ၂၀ စုစုပေါင်း နေအိမ် ၂၅ လုံးနှင့် စာသင်ကျောင်း အမိုးလန်ခြင်း၊ ရွာသာကျေးရွာ၌ နေအိမ်သုံးလုံး အမိုးလန်ပြီး နေအိမ် ၁၃ လုံး အိမ်ခေါင်သွပ်မိုးများ ပေါက်ပြဲခြင်းတို့ဖြစ်ပွားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား တာဝန်ရှိသူများက ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မြောက်ဦး**

ဧပြီ ၂၄ ရက် နံနက် ၇ နာရီခွဲက မြောက်ဦးမြို့နယ် သံချောင်းသစ်ကျေးရွာနှင့် မောင်ရှိကန်ကျေးရွာတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ ပြိုလဲခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ အမက ကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့်နေအိမ် ၄၂ လုံးခန့်ပျက်စီးခဲ့ပြီး လူတစ်ဦးသွပ်ပြားရှ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ကျေးရွာများတွင် အမှတ် (၃၁) လုံခြုံရေးတပ်ဖွဲ့မှ တပ်ရင်းမှူးဦးဆောင်သည့် အဖွဲ့ဝင် ၃၀ ၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က လိုအပ်သည်များကို ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အရေးပေါ် ဆေးပေးခန်းငယ်တစ်ခုကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မြတ်ဝေ**

**မြစ်သား**

လေတိုက်နှုန်း တစ်နာရီ ၅၅ မိုင်နှုန်း၊ မိုးရေချိန် ၀ ဒသမ ၉၀ လက်မဖြင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ဧပြီ ၂၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က မိုးကြီးလေကြီး မိုးသီးများကျရောက်ခဲ့ရာ ဒေသခံများ ပျက်စီးဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ရသည်။

မိုးကြီးလေကြီး မိုးသီးများ ကျရောက်၍ မြို့နယ်အတွင်း ရပ်ကွက် ကျေးရွာ အုပ်စု ၈၈ အုပ်စုအနက် ၃၇ အုပ်စု ၉၄ ရွာ အတွင်းတွင် သစ်ပင်ကြီးများ အမြစ်မှ ကျွတ်ထွက်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ ကျိုးကျလွင့်စဉ်ခြင်း၊ မီးတိုင်များ၊ ဖုန်းတိုင်များ လဲခြင်းအပြင် ဒေသခံပြည်သူများ၏ အဆောက်အအုံအမိုးများလန်ခြင်း၊ ပြိုကျပျက်စီးခြင်း၊ သစ်ပင်လဲပြီး အိမ်ပေါ်ပိ၍ လူတစ်ဦးဒဏ်ရာရကာ နွားတစ်ကောင်သေဆုံးခြင်း၊ သရက်ခြံ၊ သဘော်ခြံ၊ ငှက်ပျောခြံများမှ အသီးများပျက်စီးဆုံးရှုံးခြင်းနှင့် ပဲတီစိမ်း၊ ငရုတ်၊ နှမ်းခင်း၊ ဝါခင်းများ ဧကပေါင်း ၂၇၀၀ ခန့် ထိခိုက်ပျက်စီးခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ U-ပုံစံ ပေ ၁၅၀၊ ပေ ၁၃၀၊ ၁၉ပေရှိ အဆောက်အအုံမှာလည်း အမိုးများလန်ကာ လွင့်စဉ်သွားပြီး သုတေသန စိုက်ခင်းများလည်း ပျက်စီးဆုံးရှုံးသွားသည်။ ဌာနဆိုင်ရာအဆောက်အအုံလေးလုံး အမိုးအကာလန်၊ တစ်လုံးပြိုကျ၊ စာသင်ကျောင်းပေါင်း ၃၉ ကျောင်းအမိုးလန်၊ လူနေအိမ်ပေါင်း ၁၈၈၈ လုံး အမိုးအကာလန်၊ ၂၅၀ ပြိုကျ၊ ဘုန်းကြီးကျောင်း ၄၁ကျောင်း အမိုးအကာလန်၊ ခြောက်ကျောင်း ပြိုကျ၊ ဘုရားစေတီတော် ၁၅ ဆူ ပျက်စီး၊ တိရစ္ဆာန်ခြောက်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကမ္ဘာ့းတဲရွာ၌ ဧပြီ ၂၃ ရက် ညနေ ၆ နာရီက လေပြင်းများတိုက်ခတ်သဖြင့် ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ စာသင်ဆောင် နှစ်ဆောင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကမ္ဘာ့းတဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၏ (၆၀×၃၀)ပေ နံကပ် သွပ်မိုးကျောင်းဆောင်မှ (၁၀×၁၀) ပေပတ်လည် စာသင်ခန်းနှစ်ခန်းရှိ သွပ်ချပ် ၂၂ ချပ်၊ ရှစ်ပေ မြားတန်း ၂၃ ချောင်း၊ (၄/၁)ခွဲ ဒိုင်း ၁၂ ပေ ရှစ်ချောင်းနှင့် ခေါင်အုပ်သွပ် ၂၄ ပေတို့ လေလန် ပျက်စီးခဲ့ကြောင်းသိရသည်။ "လေကတစ်နေကုန်ကြမ်းပြီး တိုက်နေတာ၊ အခုလည်း တိုက်နေတာပဲ။ ရွာထဲကအိမ်တွေနဲ့ တခြားအဆောက်အအုံတွေတော့ ပျက်စီးတာမရှိပါဘူး။ ဒီကျောင်းဆောင်က စာသင်ခန်းနှစ်ခန်းပဲ မြားတန်းကနေ အမိုးတွေလန်ပြီး သွပ်ချပ်တွေလေထဲပါကုန်တာပါ။ လူတွေဘာတွေတော့ ထိခိုက်မိတာဘာမှ မရှိပါဘူး"ဟု ကမ္ဘာ့းတဲကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးဦးကျော်မောင်က ပြောသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာစာသင်ကျောင်းမှ စာသင်ဆောင် နှစ်ဆောင်သာ အမိုးများပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်၊ သာသနိကအဆောက်အအုံ၊ လူနှင့် တိရစ္ဆာန်များထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှင်းလင်းဆောင်ရွက်

**ကျောက်တစ်လုံးကြီး ဧပြီ ၂၄**

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကျောက်တစ်လုံးကြီးမြို့နယ်၌ ဧပြီ ၂၂ ရက် ညပိုင်းက လေပြင်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ မွေတော်ကက္ကူ ရွှေဟောင်းစေတီတော်အချို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ကက္ကူဘုရားဝင်းအတွင်း စေတီ ၁၇၀၀ ကျော်မှာ လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအချို့ဖြစ်ပွားခဲ့ရာ အချို့စေတီများမှာ သစ်ပင်များကျိုးကျပိမိခြင်း၊ ထီးတော်များ မြေခခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။



မွေတော်ကက္ကူဘုရား ပရိဝုဏ်အတွင်းရှိ အာသောက ဆုတောင်းပြည့်စေတီတော် ထီးတော်မြေခခဲ့ပြီး ဖောင်တော်ဆိပ်စေတီတော်ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ပြုတ်ကျခဲ့သည်။ ဘုရားဝင်းအတွင်းရှိ ဈေးဆိုင်တန်းများ၊ လူနေအိမ်များ သွပ်မိုးလန်ခြင်း၊ ဓာတ်တိုင်များလဲပြိုခြင်း၊ ထရန်စဖော်မာများ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ပျက်စီးသွားသော နေရာများသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးစီးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူ လေပြင်းတိုက်ခတ်မှုကြောင့် ဘော်ဆိုင်းဒေသတွင် လူနေ အိမ် ၁၁၈ လုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ၊ ရွာငံမြို့နယ်များတွင် လူနေအိမ်အချို့ ပျက်စီးဆုံးရှုံးခဲ့သည်။

မွေတော်ကက္ကူဘုရားဝင်း ပျက်စီးမှုများကို ပြည်နယ်ရဲတပ်ဖွဲ့ရဲမှူးချုပ် အောင်အောင်က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်ဖြင့် ရင်ပြင်တော်အတွင်း ရှင်းလင်းဖယ်ရှားဆောင်ရွက်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်မျိုးနိုင်**

## လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်

၂၄-၄-၂၀၁၆

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ တောင်-အနောက်တောင်ဘက်မှ လေပြင်းများ တိုက်ခတ်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်း တိုက်ခတ်စဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**



# တူရကီရှိ ဆီးရီးယားဒုက္ခသည်များအတွက် အီးယူ ယူရိုတစ်သန်းကူညီမည်

**အန်ကာရာ ဧပြီ ၂၄**

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် ယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ ဘီလီယံ) ကို ဇူလိုင်လတွင် ပြုလုပ်ရန်စီစဉ်ထားသော တူရကီရှိ ဆီးရီးယားဒုက္ခသည်များ ဘဝအခြေမြင့်မားရေး စီမံကိန်းအတွက် အသုံးပြုမည်ဖြစ်ကြောင်း အီးယူ ဒုတိယအကြီးအကဲ ဖရန်စ်တင်မ်မာမင်န်က စနေနေ့တွင် ပြောကြားခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် အီးယူထိပ်တန်းခေါင်းဆောင်များသည် တူရကီ-ဆီးရီးယားနယ်စပ်အနီး ဆီးရီးယားဒုက္ခသည်စခန်းများကို လာရောက်လည်ပတ်ခဲ့ပြီး တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူနှင့် ဥရောပသို့ စီးဝင်လာသည့် ဒုက္ခသည်များအရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် ချန်ဂျန်ဒေသ ဘေးအန္တရာယ်ကင်းဝေးစေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆီးရီးယားဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုက္ခသည်များစခန်းသို့ လာရောက်လည်ပတ်ပြီးနောက် အိန်ဂျလာမာကယ်က ပြောကြားခဲ့သည်။

အီးယူကောင်စီ ဥက္ကဋ္ဌဒေါနယ်တက်ခ်နှင့်အတူ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် အီးယူ ဒုတိယအကြီးအကဲ တင်မ်မာမင်န်တို့က တူရကီရှိ ဆီးရီးယားဒုက္ခသည်များအတွက် အီးယူအကူအညီပေးရေးအစီအစဉ်များကို စတင်ခဲ့သည်။

ဂျာမနီဝန်ကြီးချုပ်က ဂါဇီယန်တပ်ရှိ ဒုက္ခသည်စခန်းများတွင်နေထိုင်သူ ဆီးရီးယားဒုက္ခသည် ၃၇၀၀၀၀ ကျော်အတွက် အရေးအကြီးဆုံးကိစ္စမှာ ပညာရေးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဂျာမနီနိုင်ငံအနေဖြင့် ဆီးရီးယားအပစ်ရပ်စဲရေး ကြိုးစားမှုတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အီးယူကောင်စီဥက္ကဋ္ဌ ဒေါနယ်တက်ခ်က တရားမဝင်ရွှေ့ပြောင်းအခြေချမှုများကို တရားဝင်ဖြစ်အောင်ကြိုးစားဆောင်ရွက်နေကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# စစ်ရေးဆိုင်ရာ ကြိုးစားအားထုတ်မှုတစ်ခုတည်းဖြင့် ဆီးရီးယားပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ဟု အိုဘားမားပြော



**ဝါရှင်တန် ဧပြီ ၂၄**

အမေရိကန်သမ္မတဘားရက်အိုဘားမားက အမေရိကန်မြေပြင်တပ်ဖွဲ့များကို ဆီးရီးယားတွင်တပ်ဖြန့်ချထားရန် ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ပေ။ စစ်ရေးဆိုင်ရာ ကြိုးစားအားထုတ်မှုတစ်ခုတည်းဖြင့် ယင်းနိုင်ငံ၏ပြဿနာရပ်များကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသို့မဟုတ် ဂရိတ် ဗြိတိန်အနေဖြင့် အာဆတ်အစိုးရကို ဖြုတ်ချနိုင်ရန် ဆီးရီးယားသို့ မြေပြင်တပ်ဖွဲ့များ စေလွှတ်ခြင်းသည် မှားယွင်းသော လုပ်ရပ်ဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်သမ္မတက ၎င်းတာဝန်ထမ်းဆောင်ရန် ကျန်ရှိသောကိုးလအတွင်းအိုင်အက်စ်အကြမ်းဖက်သောင်းကျန်းသူများကို အမြစ်ပြတ် ချေမှုန်းနိုင်မည်ဟု မထင်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ၎င်းတို့၏နယ်ပယ်များကို တဖြည်းဖြည်းကျဉ်းမြောင်းလာအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက ဆက်လက်ပြောကြားခဲ့သည်။ အင်္ဂလန်သို့ သုံးရက်ကြာသွားရောက်လည်ပတ်ခဲ့သော ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆီးရီးယားသည် ယိုယွင်းပျက်စီးနေသောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။

ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်လွယ်ကူရိုးရှင်းသော အဖြေရှာမတွေ့သေးကြောင်း ၎င်းကပြောကြားခဲ့သည်။ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက အိုင်အက်စ်သောင်းကျန်းသူများရှိရာ ဆီးရီးယားရှိ ရက်ကွာကဲ့သို့သော နေရာများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်ပြီး တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ပါတီပေါင်းစုံအဖွဲ့များကို နိုင်ငံရေးဖိအားများပေးကာ နိုင်ငံရေးနည်းဖြင့်အဖြေရှာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းမှာ ခက်ခဲကြောင်း အိုဘားမားအနေဖြင့် ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားသည် နိုင်ငံရေးကူးပြောင်းမှုလိုအပ်လျက်ရှိပြီး နိုင်ငံတကာပူးပေါင်းပါဝင်မှုမရှိလျှင် ပိုမို၍ခက်ခဲမှုများတွေ့နိုင်ကာ ယင်းပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# ဆီးရီးယားနိုင်ငံ အသေခံဗုံးဖောက်ခွဲမှု သူပုန်ထိပ်တန်းခေါင်းဆောင်တစ်ဦး သေဆုံး

**ဒမတ်စကတ် ဧပြီ ၂၄**

စနေနေ့က ဆီးရီးယားအနောက်မြောက်ပိုင်းဒေသ အီတလစ်ရှိ ဂျီဟတ်အုပ်စုများနေထိုင်ရာနေရာတွင် အသေခံဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ သူပုန်ထိပ်တန်းတပ်မှူးတစ်ဦး သေဆုံးခဲ့ပြီး အခြားတိုက်ခိုက်ရေးသမားသုံးဦး သေဆုံးခဲ့ကြောင်း စောင့်ကြည့်ရေးအဖွဲ့များက ပြောခဲ့သည်။

အသေခံဗုံးဖောက်ခွဲရေးသမားသည် အီတလစ်ကျေးလက်ဒေသမြို့လေးဖြစ်သော ဘင်နစ်ရှ်တွင် ၎င်းကိုယ်တိုင် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဗုံးဖောက်ခွဲခဲ့ခြင်းကြောင့် အာရာအယ်လ်ရှန် အယ်အစ္စလာမ်မီရာ့ လှုပ်ရှားမှု အကြီးအကဲ ထိပ်တန်းတပ်မှူး မာဂျက်ဟူစိန်ဆာဒီ သေဆုံးခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက ပြောခဲ့သည်။

အသေခံဗုံးဖောက်ခွဲမှုကြောင့် သေဆုံးဒဏ်ရာရရှိသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီရတ်တွင် နိုင်ငံရေးအင်အားစုနှစ်စု ပဋိပက္ခဖြစ်ပွား လူရှစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဧပြီ ၂၄**

အီရတ်မြောက်ပိုင်းတွင် စနေနေ့က ကာ့ဒ်တပ်ဖွဲ့များနှင့် ရှီးယိုက်တပ်ဖွဲ့များ ပဋိပက္ခဖြစ်ပွားကြရာ အနည်းဆုံးလူရှစ်ဦး သေဆုံးခဲ့ပြီး ဘဂ္ဂဒက်နှင့်ကာရာကက်မြို့ဟောင်းသို့ ဆက်သွယ်ထားသော မဟာဗျူဟာလမ်းကိုလည်း ဖြတ်တောက်ထားကြောင်း လုံခြုံရေးတပ်ဖွဲ့များနှင့် ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

မြို့တော်မြောက်ဘက် ၁၇၅ ကီလိုမီတာအကွာရှိ တက်ဇ်ခါမတူတွင် အကြမ်းဖက်မှုများသည် လက်နက်ကိုင်အုပ်စုများအကြား တစ်လနီးပါးကြာအောင်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ပြိုင်ဘက်နိုင်ငံရေးအင်အားစုနှစ်စုသည် ဒေသဆိုင်ရာရုံးချုပ်အနီးတွင် စနေနေ့က လက်နက်များဖြင့် အပြန်အလှန်ပစ်ခတ်ကြပြီးနောက် ယင်းပစ်ခတ်မှုသည် တနင်္ဂနွေနံနက်ထိတိုင်အောင် ဆက်လက်ဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရင်းမြစ်က ပြောသည်။

**(ရိုက်တာ)**

# ဝီလီယံရှိတ်စပီးယား သေဆုံးမှု နှစ် ၄၀၀ ပြည့် အထိမ်းအမှတ်ကျင်းပ

**စထရပ်ဖို့ဒ် အပွန် အဗွန် (ဗြိတိန်) ဧပြီ ၂၄**

ဗြိတိသျှနာမည်ကျော်ပြဇာတ်ရေးဆရာကြီး ဝီလီယံရှိတ်စပီးယားသေဆုံးမှု နှစ် ၄၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ကမ္ဘာတစ်ဝန်းရှိ လူထောင်ပေါင်းများစွာသည် ၎င်း၏မွေးရပ်မြေတွင် စနေနေ့က စုရုံးခဲ့ကြပြီး ၎င်းကို အလေးအမြတ်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဧပြီ ၂၄ ရက်က ဖော်ပြခဲ့သည်။

ယင်းအခမ်းအနားသို့ စုစုပေါင်း လူ ၁၀၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ အခမ်းအနားသို့ တက်ရောက်လာသူများက ရှိတ်စပီးယားမျက်နှာဖုံးကိုစွပ်ကာ ၎င်းကိုသတိတရရှိကြောင်း ပြသခဲ့ကြသည်။

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်အငြင်းပွားမှုအပေါ် တရုတ်နှင့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုတို့ သဘောတူညီမှုရရှိ

**ဗီယင်ကျန်း ဧပြီ ၂၄**

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုအပေါ် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့် သဘောတူလိုက်ပြီဖြစ်ကြောင်း၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့အကြား ဆက်ဆံရေးကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရုံးက တနင်္ဂနွေနေ့တွင် ပြောသည်။

အာဆီယံ ၁၀ နိုင်ငံအနက် လေးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့သည် တရုတ်နှင့်အတူ တောင်တရုတ်ပင်လယ်၏ အစိတ်အပိုင်းများကိုပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိရာ အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဘက် တရုတ်နိုင်ငံက ယင်းပင်လယ်ကို တစ်ခုလုံးပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့်အတူ သဘောတူညီမှုရထားပြီဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက စနေနေ့တွင် လာအိုမြို့တော်ဗီယင်ကျန်း၌ သတင်းထောက်များအား ပြောသည်။

တောင်တရုတ်ပင်လယ်ပြဿနာသည် တရုတ်-အာဆီယံအငြင်းပွားမှုမဟုတ်ကြောင်း၊ တရုတ်-အာဆီယံဆက်ဆံရေးကို ထိခိုက်မည်မဟုတ်ကြောင်း အဆိုပါဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြသည်။

**(ရိုက်တာ)**



# အမေရိကန်ကို ခြိမ်းခြောက်လာသော မြောက်ကိုရီးယားဒုံးကျည်အန္တရာယ်

**တင်လင်းအောင်**

**မြောက်ကိုရီးယားသည် စနေနေ့က နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးကျည်ကို အရှေ့မြောက်ဘက်ကမ်းလွန်ရှိ ရေငုပ်သင်္ဘောတစ်စင်းပေါ်မှ ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဌာနအရာရှိများက ပြောကြားခဲ့သည်။ စစ်ဘက်ဆိုင်ရာ အင်အားချဲ့ထွင်မှုပြုလုပ်ရန် မြောက်ကိုရီးယား၏ နောက်ဆုံးလုပ်ဆောင်ချက်အနေဖြင့် ထိုသို့ပြုလုပ်လိုက်ခြင်းက အိမ်နီးချင်းနိုင်ငံများနှင့် အမေရိကန်ကို ဖိအားတစ်ရပ်ဖြစ်စေခဲ့သည်။**



တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားသည် ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို အချိန်မရွေး ပြုလုပ်နိုင်ကြောင်း မှတ်ချက်ပြုခဲ့ပြီး ယင်းစမ်းသပ်မှုကို အလုပ်သမားပါတီညီလာခံ မကျင်းပမီ လာမည့်လတွင် ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ၎င်း၏နျူကလီးယားနည်းပညာနှင့် ဒုံးလက်နက်ဆိုင်ရာ တိုးတက်မှုများအပေါ် အာရုံစိုက်နေပြီး ၎င်း၏လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို မကြာသေးမီကပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် နျူကလီးယားထိပ်ဖူးများနှင့်ပတ်သက်ပြီး မျှော်လင့်မထားနိုင်လောက်သော အချက်အလက်များ ထုတ်ပြန်ခဲ့သည်။

ထို့အပြင် မြောက်အမေရိက လေတပ်ကာကွယ်ရေးဌာန၊ ကိုရီးယားရှိ အမေရိကန်တပ်များဆိုင်ရာအကြီးအကဲ၊ ပစိဖိတ်ဒေသကြီးဆိုင်ရာ အမေရိကန်တပ်မှူးများက မြောက်ကိုရီးယားတွင် အမေရိကန်ပြည်ထောင်စုကို ချိန်ရွယ်ထားနိုင်လောက်သော နျူကလီးယားဒုံးလက်နက်များရှိသည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။

စနေနေ့က ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်လိုက်သောဒုံးကျည်ကို မြောက်ကိုရီးယားကမ်းခြေမြို့ဖြစ်သော ဆင်ပိုမြို့အနီးမှ ပစ်လွှတ်လိုက်ခြင်းဖြစ်ပြီး မည်သည့်နေရာသို့ ကျရောက်ကြောင်း ခိုင်မာသောသတင်းရင်းမြစ်များက မဖော်ပြသော်လည်း မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောပေါ်မှ အောင်မြင်စွာဒုံးကျည်ပစ်လွှတ်စမ်းသပ်နိုင်ခြင်းက အမေရိကန်နှင့် အိမ်နီးချင်းနိုင်ငံများအတွက် စိုးရိမ်စရာကိစ္စတစ်ရပ် ဖြစ်လာခဲ့ပြီး ၎င်း၏ရန်သူများကို အံ့သြမှုဖြစ်စေခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ စနေနေ့က စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်သည် ကီလိုမီတာ ၃၀ (၁၉မိုင်) ထိ ရောက်ရှိနိုင်ပြီး တကယ့်အကွာအဝေးအားဖြင့် ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်လျှင် အနည်းဆုံး ကီလိုမီတာ ၃၀၀ (၁၈၆မိုင်) အထိ ရောက်ရှိနိုင်ကြောင်း တောင်ကိုရီးယားလက်ထောက်ကာကွယ်ရေးဦးစီးချုပ်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ မြောက်ကိုရီးယား၏ ဒီဇင်ဘာ ၂၅ ရက်က စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်သည် နည်းပညာချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့ဟန်ရှိကြောင်း တောင်ကိုရီးယားလက်ထောက်ကာကွယ်ရေးဦးစီးချုပ်က ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တောင်ကိုရီးယား၏ သတင်းထုတ်ပြန်ချက်အပေါ် မှတ်ချက်တစ်စုံတစ်ရာ ချမှတ်ခြင်းမရှိသေးပေ။ သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောပေါ်မှ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးကျည်ပစ်လွှတ်လိုက်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ရာရောက်ခဲ့သည်။

ဒေသတွင်းမတည်မငြိမ်ဖြစ်စေသည့် ဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန် မြောက်ကိုရီးယားကို အမေရိကန်နိုင်ငံအနေဖြင့် တိုက်တွန်းလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည့်အတောအတွင်း မြောက်ကိုရီးယားသည် မကြာသေးမီက ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများကို အတော်များများ ပြုလုပ်ခဲ့သည်။

> ■ မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောပေါ်မှ အောင်မြင်စွာ ဒုံးကျည်ပစ်လွှတ်စမ်းသပ်နိုင်ခြင်းက အမေရိကန်နှင့် အိမ်နီးချင်းနိုင်ငံများအတွက် စိုးရိမ်စရာကိစ္စတစ်ရပ် ဖြစ်လာခဲ့ပြီး ၎င်း၏ရန်သူများကို အံ့သြမှုဖြစ်စေခဲ့
>
> ■ တိုးတက်လာသော မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနည်းပညာက ဝါရှင်တန်နှင့် ၎င်း၏ရန်သူများကို တိုက်ရိုက်ခြိမ်းခြောက်နိုင်တော့မည်

မြောက်ကိုရီးယားအနေဖြင့် ထိုသို့ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများ ပြုလုပ်ခြင်းသည် ကျူးကျော်ရန်စမှုများကို ကာကွယ်ရန်ဖြစ်ကြောင်း သိရသော်လည်း ၎င်း၏နျူကလီးယားစမ်းသပ်မှုများအတွက် တင်းကျပ်သော နိုင်ငံတကာပိတ်ဆို့မှု၊ ဟန့်တားမှုများအပေါ် ဒေါသထွက်ရာရောက်ကြောင်းလည်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားသည် ရေငုပ်သင်္ဘောပေါ်မှ ဒုံးကျည်အမြောက်အမြားပစ်လွှတ်ခြင်းနည်းပညာကို ရရှိပိုင်ဆိုင်ပြီးနောက် ယင်းနည်းပညာအပေါ် တိုးတက်မှုများရှိအောင် ပြုလုပ်နေကြောင်း တောင်ကိုရီးယားကျွမ်းကျင်ပညာရှင်များက ပြောခဲ့သည်။ တိုးတက်လာသော မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနည်းပညာက ဝါရှင်တန်နှင့် ၎င်း၏ရန်သူများကို တိုက်ရိုက်ခြိမ်းခြောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မည်သို့ဆိုစေ မြောက်ကိုရီးယား၏ ဒုံးကျည်အမြောက်အမြား စမ်းသပ်ပစ်လွှတ်ခြင်းသည် လာမည့်လတွင် ကျင်းပမည်ဖြစ်သော အဓိကအာဏာရပါတီညီလာခံနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိနိုင်ကြောင်း၊ လက်ရှိကင်ဂျုံအန်း၏ အာဏာပိုင်ဆိုင်မှုနှင့်လည်း သက်ဆိုင်နေကြောင်း သိရသည်။ ထို့အပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စစ်ရေးဆိုင်ရာနယ်ပယ်ချဲ့ထွင်မှုတိုးမြှင့်ပြုလုပ်ခြင်းသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ၃၆ နှစ်အတွင်း ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်သော အလုပ်သမားပါတီညီလာခံမတိုင်မီ စီးပွားရေးဆိုင်ရာအောင်မြင်မှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်းလည်းသိရသည်။

**Ref: Time**

# အီကွေဒေါလျှင် သေဆုံးသူ ၆၄၆ ဦးအထိမြင့်တက်လာ

**ကွီတို ဧပြီ ၂၄**

အင်အားပြင်းလျှင်တစ်ခု အီကွေဒေါတွင် လှုပ်ခတ်ခဲ့ရာ သေဆုံးသူ ၆၄၆ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၂၄ ရက်က ဖော်ပြခဲ့သည်။ သမ္မတ ရာဖေးလ်ကော်ရီယာက အလွန်ခက်ခဲသော အခြေအနေတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး “ နာကျင်မှုက ရင်နဲ့မမျှအောင်ပါဘဲ” ဟုပြောခဲ့သည်။

စနေနေ့က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ကော်ရီယာက အီကွေဒေါသည် “ဝမ်းနည်းစရာနေ့ရက်များကို တွေ့မြင်နေရကြောင်း” ပြောခဲ့သည်။ အီကွေဒေါနိုင်ငံအနေဖြင့် ငလျင်ဒဏ်ကြောင့် ၁၉၄၉ ခုနှစ်တွင် လူပေါင်း ၅၀၀၀ ကျော်သေဆုံးခဲ့ချိန်နောက်ပိုင်း ယခုပထမဆုံးအကြိမ်အဖြစ် ဝမ်းနည်းစရာကိစ္စကြီးကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



**ဧပြီ ၁၆ ရက်က ရစ်ချ်စတာစကေး ၇ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အီကွေဒေါမြောက်ပိုင်းကမ်းရိုးတန်းဒေသများတွင် ပျက်စီးသွားသောအဆောက်အအုံများကို တွေ့ရစဉ်။**

အင်အား ၇ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု အီကွေဒေါမြောက်ပိုင်းကမ်းရိုးတန်းဒေသကို ဧပြီ ၁၆ရက်က ဦးတည်လှုပ်ခတ်ခဲ့ရာ သေဆုံးသူများရှိသည့်အနက် ၁၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၅၈ ဦးမှာ ဆက်လက်ပျောက်ဆုံးနေဆဲဖြစ်သည်။ ငလျင်ဒဏ်ကြောင့် အဓိကအားဖြင့် ကမ်းရိုးတန်းဒေသများတွင် အိုးအိမ်အဆောက်အအုံပေါင်း ၇၀၀၀ ကျော်ပျက်စီးခဲ့သည်။ လူပေါင်း ၂၆၀၀၀ ကျော်မှာလည်းဒုက္ခသည် ခိုလှုံရေးစခန်းများတွင် ခိုလှုံနေကြရသည်။ အချို့အိမ်ထောင်စုများမှာ အိုးအိမ်အပြင်တွင် ခက်ခဲစွာနေထိုင်နေရသည်။

တာဝန်ရှိသူအရာရှိများက အစားအစာများ၊ ရေနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို ဝေငှပေးလျက်ရှိသည်။ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ် ၇၀၀ ထက်မနည်း လှုပ်ခတ်ခဲ့ကြောင်း၊ ယင်းငလျင်ငယ်များထဲတွင် သောကြာနေ့ညက လှုပ်ခတ်ခဲ့သောငလျင်မှာ အင်အား ၄ ဒသမ ၈ အဆင့်လောက်ထိရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းတွင် မီးလောင်



**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်)ရပ်ကွက် သိမ်ဖြူလမ်းအမှတ် ၁၄၉/၁၅၁ ရှိ ပီတိဆေးခန်းမှစတင်၍ မီးလောင်မှု ဧပြီ ၂၄ ရက် ညနေ ၆ နာရီက ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

မီးမှာ ပီတိဆေးခန်းထပ်ခိုးမှ စတင်လောင်ရခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

မီးလောင်ရခြင်းအကြောင်းနှင့် ဆေးခန်းပိုင်ရှင်အား စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

မီးမှာ ဆေးခန်းမှတစ်ဆင့် ညာဘက်ရှိ ရွှေပြည်ဦးစားသောက်ဆိုင်သို့ ကူးစက်ပြီး ထပ်မံ၍ ညာဘက်ရှိ အထပ်မြင့်တိုက်ခန်းအချို့ဆီသို့ ကူးစက်လောင်ကျွမ်းမှုရှိကြောင်း သိရသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသော်ဒါက "မီးသတင်းကို ညနေ ၆ နာရီ ၁၀ မိနစ်မှာ ကျွန်တော်တို့ စရပါတယ်။ မီးသတ်ကားလာရောက်မှု အဆင့်ကတော့ သုံးဖြစ်ပါတယ်။ လောင်နေတဲ့မီးအားကို ည ၇ နာရီမှာ ထိန်းနိုင်ခဲ့ပြီး ည ၇ နာရီ ၁၀ မိနစ်မှာ စိတ်ချရတဲ့အထိ ငြိမ်းသတ်ပေးနိုင်ခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

သိမ်ဖြူလမ်း၌နေသူ ဦးတင်ဦးက "ဆေးခန်းကနေ စလောင်ပြီး စားသောက်ဆိုင်ကို ကူးတာပါ၊ မီးလောင်ပြီးနောက်ပိုင်း ပေါက်ကွဲမှုတွေပါ ကြားလာရပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေ စွန့်စွန့်စားစား တက်ရောက် ငြိမ်းသတ်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ဆိုသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ အောက်မြန်မာပြည် မီးသတ်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး ဦးဆောင်သော ကွပ်ကဲမှုယာဉ်ကိုးစီး၊ မီးငြိမ်းသတ်ရေးယာဉ် ၃၈ စီး အထောက်အကူပြု ယာဉ် ၁၉ စီးနှင့်အတူ သန္ဓေမီးသတ် ၂၇၀ ကျော်၊ အရန်မီးသတ် ၁၀၀ ကျော်၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၂၀ ကျော် ခန့်က လာရောက်ငြိမ်းသတ်ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

# ဒဂုံမြောက်ပိုင်း သစ်တောစိုက်ခင်းအတွင်း မြက်ခြောက်များအပေါ် စွန့်ပစ်မီးမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၁၆)ရပ်ကွက် ဇေယျာဝဏ်လမ်းမကြီးဘေးရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန ၃၉ ဧက စိုက်ခင်းတွင် ဧပြီ၂၄ ရက် မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ပြင်အတွင်းရှိ မီးငြိမ်းသတ်မှုကို စီမံကွပ်ကဲနေသောဒဂုံမြို့သစ်မြောက်ပိုင်း မီးသတ်စခန်းတာဝန်ခံ ဦးထိန်လင်းကပြောကြားရာတွင် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် စိုက်ကွင်းတာဝန်ခံက မီးလောင်နေသည်ဟု ဖုန်းဆက်အကြောင်းကြားသဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ မှစ၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး မီးခိုးမွန်၍ ဆေးရုံပို့လိုက်ရသည်မှလွဲ၍ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ သစ်တောစိုက်ခင်းအတွင်းရှိ ယခင်ငါးကန်အဟောင်းနေရာမှ မြက်ခြောက်များ မီးလောင်ခြင်းကြောင့် ဆုံးရှုံးမှုတန်ဖိုးမရှိကြောင်းနှင့် မီးလောင်ကျွမ်းခဲ့သည့်ဧရိယာမှာ ဧက ၂၀ခန့် ဖြစ်ကြောင်းသိရသည်။



မီးလောင်မှု ဖြစ်ပွားပုံမှာ ဇေယျာဝဏ်လမ်းနှင့် ရှင်ထွေးညို လမ်းထောင့်ရှိ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်ပုံမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း ဧပြီ ၂၁ ရက်ကလည်း ယခုမီးလောင်သည့်နေရာ၌ပင် မီးတစ်ခါလောင်ခဲ့ကြောင်း၊ ယခုမီးလောင်သည့်နေရာသည် နေအိမ်များမှစွန့်ပစ်အမှိုက်များအပြင် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသော အလေအလွင့်အမှိုက်များစွာစုပုံနေ၍ အမှိုက်ပုံကြီးဖြစ်နေပြီး စည်းကမ်းမဲ့စွန့်ပစ်သော ဆေးလိပ်မီးကြောင့် မီးစတင်လောင်ကျွမ်းခဲ့သည်ဟု ခန့်မှန်းရကြောင်း ၁၆ ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ပြောပြချက်အရ သိရသည်။

**ကျော်ကျော်(ဗန်းမော်)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၄**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက်က ဖားကန့်မြို့နယ် နမ့်ဖြစ်ကျေးရွာ ဥရုချောင်း နံဘေးတွင် မောင်မောင်တိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်သုံးခွက်(အလေး ချိန် ၃၉ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး နမ့်ဖြစ်ကျေးရွာ ရပ်ကွက်(၃)ရှိ ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်ကိုးခွက် (အလေးချိန် ၁၀၈ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ စုစုပေါင်း ဘိန်းဖြူ ၁၄၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ တို့ကို သိမ်းဆည်းရမိသည်။

**ကိုရဲ**

# အရက်အတူသောက်ပြီး စကားများ ရိုက်မှုဖြစ်

**နေပြည်တော် ဧပြီ ၂၄**

ဧပြီ ၂၀ ရက် နံနက် ၁ နာရီခန့်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)ရဲစခန်းပိုင် သုခသိဒ္ဓိရပ်ကွက် ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရေး အလုပ်သမားတဲစု V-4 လမ်းအနီးတွင် လူတစ်ဦးလဲကျနေကြောင်း သတင်းအရ ဒုရဲအုပ်ဖုန်းမြင့်အောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးအလုပ်သမားတဲစု V-4 လမ်းဘေး၌ ဒေါ်သန္တာ (၃၈ နှစ်)က ဈေးဆိုင်တဲအနီးတွင် အမည်မသိအမျိုးသား အသက် ၂၀ ကျော်ခန့် လူငယ်တစ်ဦးမှာ ဦးခေါင်း နောက်စေ့တွင် ပေါက်ပြဲဒဏ်ရာတစ်ချက်နှင့် သတိလစ်လဲကျနေကြောင်း ပြောသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၁ နာရီခန့်တွင် ဒဏ်ရာရရှိသူ အမည်မသိ လူငယ်နှင့် လုပ်ဖော်ကိုင်ဖက်အလုပ်သမား ဇော်ထွန်း၊ သောင်းဌေးတို့သုံးဦး ခွေးသားချက်၍ အရက်တစ်လုံးဝယ်ကာ အတူသောက်စားကြရာ အမည်မသိလူငယ်နှင့် ဇော်ထွန်းတို့ စကားများကြပြီး အမည်မသိလူငယ်က လက်သီးနှင့် ထိုးကြိတ်ရန်ပြုသဖြင့် ဇော်ထွန်းက အနီးရှိ အရှည်ငါးပေခန့်ဝါးလုံးတိုကို ကောက်ယူ၍ ရိုက်နှက်ခဲ့သည့်အတွက် အမည်မသိလူငယ်၏ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာတစ်ချက်(စိုးရိမ်ရ) ရရှိခဲ့ကြောင်းသိရှိရသည်။

ပြစ်မှုကျူးလွန်သူ ဇော်ထွန်းကို ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဖမ်းဆီးနိုင်ခဲ့ကာ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်

**ငရုတ်ကောင်း ဧပြီ ၂၃**

ငရုတ်ကောင်းမြို့ တင်းချောင်းကျေးရွာအုပ်စု ငရုတ်ကောင်းတောင်ကျေးရွာအနီး ပုသိမ် - မော်တင် ကားလမ်း၌ ဧပြီ ၂၂ ရက် ည ၁၀ နာရီခန့်က မော်တင်မှ ပုသိမ်သို့ယာဉ်မောင်း ချစ်မင်းဦး မောင်းနှင်လာသော ဖောကားနှင့် ပုသိမ်မှ မော်တင်သို့ ရန်နောင်မောင်းနှင်လာသော ကင်ဘိုဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သဖြင့် ရန်နောင်တွင် ဒဏ်ရာရရှိပြီး ပုသိမ်မြို့ဆေးရုံသို့ တင်ပို့စဉ်သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငရုတ်ကောင်းမြို့ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**



# မြောက်ဥက္ကလာပ အင်ကြင်းမြိုင်တည်းခိုခန်း(၁) တတိယထပ်မီးလောင်

**ရန်ကုန် မေ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သုဓမ္မာမလမ်းပေါ်ရှိ အင်ကြင်းမြိုင် တည်းခိုခန်း(၁) တတိယထပ် အခန်းအမှတ်-၆ တွင် လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲပြီး မေ ၂၄ ရက် နံနက် ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၂၀၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ အထောက်အကူပြုယာဉ် သုံးစီးဖြင့် ငြိမ်းသတ်ခဲ့ရာမွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ အင်ကြင်းမြိုင်တည်းခိုခန်း(၁) မန်နေဂျာ ဦးစိုးမင်းအား ဝေဘာဂီနယ်မြေအပိုင်ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ထွန်းဝင်း**





# ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်

**ညောင်လေးပင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ထော်နွတ်ကျေးရွာအနီးတွင် မေ ၂၄ ရက် နံနက်ပိုင်းက ကုန်တင်နောက်တွဲယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၀၆/၅) နှင့် (၁၀၆/၆) အကြား ထော်နွတ်ကျေးရွာအနီးတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း နိုင်စိုးဝင်း (၂၄ နှစ်) ကျောက်ဆည်မြို့ မန္တလေးတိုင်း ဒေသကြီးနေသူ မောင်းနှင်လာသော 4J/--- နစ်ဆန်းကုန်တင်နောက်တွဲယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏အရှေ့ဘက် လမ်းမပေါ်သို့ တိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် နိုင်စိုးဝင်းမှာ (မစိုးရိမ်)ဒဏ်ရာရရှိပြီး ပိန်းဇလုပ်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ နိုင်စိုးဝင်းအား ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဗိုလ်တထောင်ဘုရား မီးပွိုင့်၌ ယာဉ်ငယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**ရန်ကုန် မေ ၂၄**

ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းပေါ် ဗိုလ်တထောင်ဘုရားအနီးရှိ မီးပွိုင့်တွင် မေ ၂၄ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က ဘုရားလမ်းအတိုင်း (တောင်မှမြောက်သို့ ဦးတည်) ဖြတ်မောင်းလာသော Probox အဖြူရောင် YGN 2E/---- အငှားယာဉ်ငယ်နှင့် ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင် YGN-2I/----ယာဉ်ငယ်တို့ မီးပွိုင့်ကို ဖြတ်လုမောင်းရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် အငှားယာဉ်၏ ဦးခေါင်းရှေ့ပိုင်း ကျိုးပဲ့ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

# ကျောက်ဖြူမြို့နယ်၌ ခြေပုပ်လက်ပုပ်ရောဂါဖြင့် နွား ၃၃ ကောင်သေဆုံး

**ကျောက်ဖြူ မေ ၂၄**

ကျောက်ဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စု၏ ကျေးရွာနှစ်ရွာတွင် BQ ရောဂါဖြင့် နွားကောင်ရေ ၃၃ ကောင် သေဆုံးမှုဖြစ်ပွားခဲ့သည်။ သတင်းအရ မြို့နယ်ဒေသဆိုင်ရာများက တိ/မွေးကုဌာနအား သွားရောက်စစ်ဆေးကုသရန်ညွှန်ကြားသဖြင့် သဲချောင်းကျေးရွာအုပ်စုသို့ မေ ၂၂ ရက်တွင် တိ/မွေးကုဌာနမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကာပီချောင်းကျေးရွာတွင် သေဆုံးသည့် နွားကောင်ရေ ၂၈ ကောင်နှင့် သဲချောင်းကျေးရွာတွင် သေဆုံးသည့် နွားကောင်ရေ ငါးကောင် စုစုပေါင်း ၃၃ ကောင် သေဆုံးနေကြောင်း သိရသည်။ သေဆုံးသည့်နွားများ၏ လက္ခဏာများကိုစစ်ဆေးရာ ခြေပုပ်လက်ပုပ် (BQ-Black Quater) နာဖြစ်ကြောင်း သိရှိရသည်။

ကျေးရွာသူ ကျေးရွာသားများက သေဆုံးသည့်နွားများကို မြေမမြှုပ်ဘဲ ကွင်းပြင်များတွင် စည်းကမ်းမဲ့စွာ လွှင့်ပစ်ထားသဖြင့် ရောဂါများကူးစက်မှု မြန်ဆန်သောကြောင့် နွားများ သေဆုံးကြရကြောင်း သိရသည်။ ယခုအခါ ထပ်မံသေဆုံးမှု မရှိစေရေးအတွက် ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**စောမိုးကျော်**


## မိဘအမည်မှန်

ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့၊ အထက၊ အဋ္ဌမတန်းမှ မဝိုင်းသုဏ်ချစ်၏ မိဘအမည်မှန်မှာ ဦးစိန်မင်းဦး ၅/ငဇန(နိုင်)၀၅၆၅၈၉၊ ဒေါ်မိုးသီတာခိုင် ၁၃/သပန(နိုင်)၀၄၄၀၉၇ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8097၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7267၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၄)မှ ခုံအမှတ် ရမ/၁၁၀၇ဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ မောင်ဖြိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းမိုလ်(ခ)ဦးဆန်းဝင်းဘို ၈/ရစက(နိုင်)၁၁၄၈၁၉ ဖြစ်ပါကြောင်း။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၁/၂၀၁၆-၂၀၁၇)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရရှိသော ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂-၅-၂၀၁၆ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၄-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့
**တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၅-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်**
**လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂ ၇၀၁၅၃**

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်
## စီးပွားရေးလုပ်ရန်နေရာကောင်း

လေးလမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ စက်မှုဇုန်အနီး၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ်မျက်နှာစာ 110', sqft 6324 ခြံစည်းရိုးခတ်ပြီး၊ ဘဏ်ဖွင့်လိုသူများ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။

**ကျပ်သိန်း(၃၅၀၀)**

**ဆက်သွယ်ရန်ဖုန်း** - 09-5178979, 09-420301091, 09-43022828

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို...
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး..
ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။




SH မြင့်သူထက် YU
အာဆီယံပညာသင်ဆုအထောက်အကူပြု
အင်္ဂလိပ်စာ ➤ SH.Myint Thu Htet.YU
သင်္ချာ ➤ ဦးတိုးအောင် ပါမောက္ခ(ငြိမ်း)
သိပ္ပံ ➤ ဒေါ်စန်းစန်းမြင့် တွဲ/ပါမောက္ခ(ငြိမ်း)
၂၉-၄-၂၀၁၆ စမည် လက်ခံပြီ

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမည်

❊ *ကျော်ဖုံးမှ*

AFC Cup ပြိုင်ပွဲတွင် နောက်ဆုံးသုံးပွဲ ဆက်တိုက်နိုင်ပွဲပျောက်ထားသော ရန်ကုန်အသင်းအနေဖြင့် ယခုကစားရမည့် တောင်တရုတ်အသင်းနှင့်ပွဲတွင် အရေးပါလာခဲ့ပြီး အဝေးကွင်း၌ မနိုင်ရင်တောင်မှ ရှုံး၍မရသည့် အနေအထားမျိုး ဖြစ်သွားသည်။ ရန်ကုန်၊ တောင်တရုတ်အသင်းတို့နှင့် အပြိုင် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိနေသည့် မာဇီယာအသင်းသည်လည်း အုပ်စုထိပ်ဆုံးမှ မိုဟန်ဘောဂန်အသင်းနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး အနိုင်ရရှိရန်လိုအပ်နေသလို မိုဟန်ဘောဂန်အသင်းသည် သရေတစ်မှတ်ရယူနိုင်ရုံဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် သေချာသွားမည်ဖြစ်သည်။

ဧရာဝတီအသင်းပါဝင်သော အုပ်စု (H)တွင် လက်ရှိချန်ပီယံ ဂျိုဟိုဒါရူးလ်(မလေးရှား)အသင်းက လေးပွဲစလုံးအနိုင်ရရှိကာ ၁၂ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။ ဘင်ဂါလူရူး(အိန္ဒိယ)အသင်းက ခြောက်မှတ်၊ ဧရာဝတီ(မြန်မာ)နှင့် လာအိုတိုယိုတာ (လာအို)အသင်းတို့က သုံးမှတ်စီ ရရှိထားသည်။ ဧရာဝတီအသင်းမှာ အဝေးကွင်းပွဲစဉ်များတွင် နိုင်ပွဲမရခြင်း၊ နောက်တစ်ဆင့်တက်ရေး တစ်နေရာအတွက် အဓိကပြိုင်ဘက်ဖြစ်သည့် ဘင်ဂါလူရူးအသင်းကို နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့ခြင်းကြောင့် အခွင့်အရေးနည်းပါးလျက်ရှိသည်။ AFC Cup ပြိုင်ပွဲတွင် နောက်တစ်ဆင့်တက်ရေး ရမှတ်တူနေပါက နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု စည်းမျဉ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ ဧရာဝတီအသင်းအတွက် ဘင်ဂါလူရူးအသင်းကို နှစ်ကျော့စလုံးရှုံးထားခြင်းမှာ အဓိကထိုးနှက်ချက်ဖြစ်နေသည်။ ဧရာဝတီအသင်းသည် ကိုယ်တိုင်ရလဒ်ကောင်းရန် လိုအပ်နေသလို ဘင်ဂါလူရူးအသင်းသာ လာအိုတိုယိုတာအသင်းကို အိမ်ကွင်းတွင် အနိုင်ရခဲ့ပါက အုပ်စုအဆင့်မှ ထွက်ခွာရတော့မည်ဖြစ်ပြီး ဘင်ဂါလူရူးအသင်း နိုင်ပွဲပျောက်ဆုံးမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ပထမအကျော့တွင် ဧရာဝတီက ဂျိုဟိုဒါရူးလ်ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားပြီး ရန်ကုန်က တောင်တရုတ်ကိုအိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ဧရာဝတီအသင်းတွင် အမာခံကစားသမားများဖြစ်သည့် ကွင်းလယ်လူမင်းမင်းသူနှင့် နောက်ခံလူ ဖြိုးကိုကိုသိန်းတို့ ပွဲပယ်ခံထားရပြီး နိုင်ငံခြားသားများ အစုံအလင်ပါဝင်နိုင်မည်ဖြစ်သည်။ အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည့် ရန်ကုန်အသင်းတွင် ဒဏ်ရာကြောင့် ကာလရှည်နားနေရသူများမှလွဲ၍ လူစုံပါဝင်နိုင်မည်ဖြစ်သည်။ ၂၀၁၃ AFC Cup ပြိုင်ပွဲမှစ၍ နှစ်စဉ်အနည်းဆုံး တစ်သင်း ရှုံး/ထွက်အဆင့်သို့ တက်ရောက်နေသည့် အစဉ်အလာကို မြန်မာကလပ်အသင်းများ ထိန်းသိမ်းနိုင်ရန် လိုအပ်နေသည်။



**ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်းတို့ ပထမအကျော့ တွေ့ဆုံခဲ့စဉ်**
(ဓာတ်ပုံ-ဖိုးသော်ဇင်)

✪ *ကျော်ဖုံးမှ*

ကြေးတံဆိပ်တို့ ရယူနိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတစ်ခု၊ ကြေးလေးခုဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့်ခြောက်နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး မလေးရှားအသင်းက ရွှေ ၁၃ ခု၊ ငွေရှစ်ခု၊ ကြေးရှစ်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သည်။ အိမ်ရှင် ထိုင်းအသင်းက ရွှေ ၁၀ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၅ ခုဖြင့် ဒုတိယ၊ ဗီယက်နမ်အသင်းက ရွှေ ခြောက်ခု၊ ငွေ ၁၁ ခု၊ ကြေးသုံးခုဖြင့် တတိယနေရာတို့တွင် ရပ်တည်နိုင်ခဲ့သည်။

**ဖိုးသော်ဇင်**

❖ *ကျော်ဖုံးမှ*

ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်၊ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျရိန်လစ်စင့်မ်ဆတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်နိုင်ငံ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများက စက်ဘီးစီးပွဲတော်ကို ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါ အထိမ်းအမှတ် အခမ်းအနားကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးချစ်ကြည်မှုနှင့် ကုန်သွယ်မှုများ ဖွံ့ဖြိုးကာ ကျောင်းသားလူငယ်များနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ခိုင်မြဲလာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## တန်းဆင်းဇုန်အတွင်းမှ ဆန်းဒါးလန်းတို့ အာဆင်နယ်ကို သရေကစား

ပရီမီယာပွဲစဉ် (၃၅)အဖြစ် တန်းဆင်းဇုန်အတွင်းမှ ရုန်းကန်နေရသည့် ဆန်းဒါးလန်းနှင့် ဇယားထိပ်ပိုင်းမှ အာဆင်နယ်တို့ ဧပြီ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ရာ ဂိုးမရှိသရေဖြင့် တစ်မှတ်စီခွဲယူခဲ့သည်။

ဆန်းဒါးလန်းသည် ဒီဖိုးကို အထောင်တိုက်စစ်ဖြင့် အာဆင်နယ်ကို တစ်ချိန်လုံး ထိုးဖောက် တိုက်စစ်ဆင်ခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းမယူနိုင်ခဲ့ပေ။ အာဆင်နယ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရရှိရေးအတွက် ဂိုးရရှိရန် အပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ဘဲ ပွဲပြီးချိန်ထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

**သီဟ**

**လာလီဂါပွဲစဉ် (၃၅)**

| | | |
|---|---|---|
| အက်သလက်တီကို | ၁-၀ | မာလာဂါ |
| ဘာစီလိုနာ | ၆-၀ | စပို့တင်းဂီဂျွန် |
| အီဘာ | ၁-၁ | ဒီပို့တီဗို |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၁)**

| | | |
|---|---|---|
| ရှော်ကေး | ၂-၃ | လေဗာကူဆင် |
| ဂလာဘတ် | ၃-၁ | ဟော်ဖန်ဟိန်း |

# မြန်မာ့ရုပ်မြင်သံကြား
## News Channel

**၂၅-၄-၂၀၁၆(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | - ပြည်သူတို့ရဲ့စကားသံများ |
| ၇း၅၀ | - **မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှု** |
| ၉း၃၅ | - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၉း၄၅ | - Colour of ASEAN (2) (Philippines & Indonesia) |
| ၁၁း၃၅ | - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၃း၅၀ | - ဂီတတံခါးလေးဖွင့်ပါဦး |

**ညပိုင်း**

| | |
|---|---|
| ၁၆ း၃၅ | - အဝေးသင်တက္ကသိုလ် ပညာပေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာ အထူးပြု) (ဒဿနိကဗေဒ) |
| ၁၉ း၁၅ | - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း-၆) |
| ၂၀း၀၀ | - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေထီးဆောင်းမိသားစု** (အပိုင်း-၆) |
| | - ပြည်သူ့ဒီတီ **After Me** (ပထမပိုင်း) (နေဆန်း၊ ထက်နိုင်၊ သူရဇ္ဇ၊ လွင်ဘုန်းအောင်၊ ကျော်ရကြည်) (ဒါရိုက်တာ-မိုးဇော်ကို) |

မှတ်ချက်။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင် ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်(၃၂-D)နေ
ဦးမောင်မောင်သောင်း(ဦးစီးအရာရှိ-ငြိမ်း) အကောက်ခွန်ဦးစီးဌာန - ဒေါ်သီတာယဉ်
တို့၏သားကြီး

**ဗိုလ်ကြီးစွမ်းပြည့်ထက်**

**B.Sc(D.S.A), M.Sc (Physics) Ph.D (Thesis)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ၄ဝါလမ်း၊ ခြံအမှတ်(H-6)နေ
ဖေယျကျော်ထင် ဗိုလ်ချုပ်သိုးထိန်း(ငြိမ်း) - ပါမောက္ခဒေါ်ဝင်းတင်(ငြိမ်း)
တို့၏သမီးကြီး

**မမေသန္တာတင်**

**B.C.Sc**

**ဦးစီးအရာရှိ အကောက်ခွန်ဦးစီးဌာန**

တို့၏ ၂၃-၄-၂၀၁၆ရက်(စနေနေ့)တွင် Novotel Yangon Max Hotel (Yangon Ballroom) ၌ ကျင်းပပြုလုပ်သော လက်ထပ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် အောင်မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဖေယျကျော်ထင် ဗိုလ်ချုပ်ကြီးသူရသက်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ဝေမာမာထွန်း၊ လက်ထပ်မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း (ငြိမ်း)နှင့်ဇနီးဒေါ်နိုင်နိုင်မော်၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မခြူးဟေမာန်သွန်း၊ အောင်မင်္ဂလာစံပယ်ပန်းကုံး ဆက်ကမ်းပေးပါသော မသက်သက်လှဲ့ဦး၊ လက်ထပ်လက်စွပ်ဆက်ကမ်းပေးပါသော ဒေါက်တာမေနန္ဒာတင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးရဲမာန်အောင်နှင့် ဗိုလ်ကြီးဖွဲ့ကိုကို၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မဝေမွန်အောင် (ဒု-အကောက်ခွန်မှူး)နှင့် မဆုလတ်စိုးမင်း(ဦးစီးအရာရှိ-အကောက်ခွန်)၊ ဆံပင်/မိတ်ကပ်အလှပြင် မေဦး၊ မင်္ဂလာဝတ်စုံ Wedding Palace ၊ ဓာတ်ပုံ/ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးသော Forever၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ Hotel Manager နှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာရှိကြီးများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့မွှန်များ ပေးပို့ချီးမြှင့်ကြသူများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးစွမ်းပြည့်ထက်-မမေသန္တာတင်**

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး-မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိအခြေခံပညာမူလတန်းဆင့် ကျောင်းသားကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ (အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်လေ့ကျင့်ခန်းစာအုပ်ဒါဇင်
(က) (၂၃၂၀၀၇)ဒါဇင်
(ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၃၀-၄-၂၀၁၆ ရက် (စနေနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ၂၅-၄-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၈၈၉၊ ၂၂၉၉၈၊ ၂၂၈၁၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၄-၂၀၁၆ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃) နေပြည်တော်၊ ပုဗ္ဗသီရိမြို့၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၈၈၇၇ အစား ပ-၃၃၈၇၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကလေးနာမည်ပေး ဆရာကြီးရာစာဇော်ဝင်း**
(LL.B.) နှင့် ...
01-394727, 01-399426 09-73009994-
အမှတ်(၁၀၉)(၉၄)လမ်း၊ မြေညီထပ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ က/၂ လမ်း၊ အမှတ်(၁၀၂)နေ ဦးမြင့်အေး ၁၂/အစန(နိုင်)၀၃၇၃၁၄ က အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြို့သစ်-က)၊ မြေကွက်အမှတ်(၁၅၆) ဧရိယာအလျားပေ၄၀×အနံပေ၆၀ရှိ မြေကွက်နှင့် က/၂ လမ်း၊ အမှတ်(၁၀၂) ခေါ်တွင်သော မြေနှင့်အိမ်တို့မှာ ကျွန်တော်ဦးမြင့်အေး ဂရန်အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေဖြစ်၍ မြေပေါ်ရှိ ကန်ထရိုက်ခြောက်ထပ်တိုက်၏ ဝဲဘက်(ခေါင်းရင်း)မြေရှင်ရရှိသော အခန်းများမှာ ဦးမြင့်အေးသာ ပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်းခြင်း၊ ရောင်းချခွဲဝေပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ထားရှိခြင်း မရှိကြောင်းနှင့် ကျွန်ုပ်၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချပေါင်နှံ၊ ပေးကမ်းခြင်းမပြုရန် အသိပေးကြေညာလိုက်ပါသည်။ **ဦးမြင့်အေး ၁၂/အစန(နိုင်)၀၃၇၃၁၄**

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်အောင်မြတ်သူနှင့် ကျွန်မ မသန္တာဖြိုးတို့သည် ၂၀၁၆ခုနှစ် ဧပြီလ ၈ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရှိ လက်ထောက်ညွှန်ကြားရေးမှူးရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်အောင်မြတ်သူ-မသန္တာဖြိုး**

## အများသိစေရန်

ဒေါ်ခင်ခင်မြိုင် ၁၂/ကမတ(နိုင်)၀၅၂၄၆၆၏ လူမှုရေး၊ ငွေကြေးကိစ္စများနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များအားလုံးတို့နှင့်ပတ်သက်၍ သမီးဖြစ်သူများက လုံးဝဖြေရှင်းပေးမည်မဟုတ်ပါသဖြင့် သမီးဖြစ်သူများထံသို့ ဆက်သွယ်ပတ်သက်ခြင်းမပြုလုပ်ကြပါရန် သမီးကြီး မခင်သန္တာစိုးနှင့် သမီးငယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်အေး**
**LL.B,D.B.L,D.I.L.D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**

**မိဘအမည်မှန်**

ဘားအံမြို့နယ်၊ မိကရင်ရွာ အထက(ခွဲ)မှ စတုတ္ထတန်းအောင်မြင်သော စောဟိန်းနိုင်စိုး၏ မိဘအမည်မှန်မှာ ဦးအေးထွန်း-ဒေါ်ခင်ထွေးပို ဖြစ်ပါသည်။ **ဦးအေးထွန်း-ဒေါ်ခင်ထွေးပို**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၇၇၈၆၆ HONDA WAVE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းထွေး ၁၃/ကတန(နိုင်)၁၂၃၀၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ (ကျိုင်းတုံမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2L/1783၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး၊ (ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၅၉၅၊ မြေကွက်တည်နေရာအမှတ် ၅၉၅၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးလှစော (CF-086905) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှစောထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၁၈၃/၂၁-၁၀-၂၀၀၄ ဖြင့် ဦးကျော်စိုး ၁၂/ဗတထ (နိုင်) ၀၁၈၀၉၆၊ ဒေါ်လွင်လွင်ဦး ၁၂/အစန (နိုင်) ၀၉၀၅၁၅တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တစ်ဖန်ဦးကျော်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်လွင်လွင်ဦးမှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ ခင်ပွန်းသေစာရင်းနှင့်ပုံစံ(၁၀)တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# သောက်သုံးရေရှားပါးမှုကို ကြိုတင်ကာကွယ်ရန် ရေကန်များတူးဖော်မည်

**ဒလ ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှုများကို ကြိုတင်ကာကွယ်ရန် ရေရှည်လုပ်ငန်းစဉ်တစ်ခုအဖြစ် သောက်သုံးရေကန်များကို တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်တွင် သောက်ရေကန်များ အသစ်တူးဖော်ရန်အတွက် ကျေးရွာနေပြည်သူများက မိမိတို့ပိုင်ဆိုင်သည့် လယ်မြေအချို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ လှူဒါန်းပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စာချုပ်ချုပ်ဆိုလက်ခံရယူ၍ ရေကန်တူးဖော်မည်ဖြစ်ရာ တူးဖော်ပြီးစီးပါက အများပိုင်အဖြစ် ကျေးရွာများသို့ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ဒလမြို့နယ်အတွင်း ရေကန်အသစ်လေးကန်နှင့် ကန်အဟောင်းလေးကန်ကို တူးဖော်သွားမည်ဖြစ်ပြီး ရေကန်များကို မုဒ္ဒံမောင်မောင်ကုမ္ပဏီက တာဝန်ယူတူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် ကြာဖြူကန်ကျေးရွာ၌ သောက်သုံးရေကန်တစ်ခုကို မုဒ္ဒံမောင်မောင်ကုမ္ပဏီက တာဝန်ယူ၍ ဧပြီ ၂၃ ရက်က စတင်တူးဖော်နေပြီဖြစ်ရာ အဆိုပါရေကန်ကို ကြာဖြူကန်ကျေးရွာ၊ ကျူတောရိုးကျေးရွာ၊ ညောင်ချောင်းကျေးရွာ၊ မင်းရွာ၊ ဆိပ်ကြီးကျေးရွာနှင့် ကွဲလူးအိုင်ကျေးရွာများမှ ပြည်သူများက စုပေါင်းလှူဒါန်းသော လယ်မြေများနေရာတွင် တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။ ကြာဖြူကန်ကျေးရွာ ရေကန်သစ်တူးဖော်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာအေးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့သည်။

**မောင်ယဉ်ဦး(ဒလ)**





# ပုသိမ်ကြီးမြို့နယ်အတွင်း ဆည်တော်ကြီးရေမြောင်းများ၌ အပူရှောင်ရေချိုးသူများနှင့် စည်ကားလျက်ရှိ

**ပုသိမ်ကြီး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာ၊ ရေထွက်ကျေးရွာ၊ ရေကြည်ကျေးရွာ၊ ရှင်တော်ကုန်းကျေးရွာ၊ အိုင်ကြီးကျေးရွာများရှိ ဆည်တော်ကြီးရေမြောင်းများ၌ ညပိုင်းအချိန်များတွင် အပူရှောင်ရင်း ရေချိုး၊ ရေစိမ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မန္တလေးမြို့ပေါ်တွင် နေထိုင်သူများသည် အပူဒဏ်သက်သာရန်အတွက် အဆိုပါ ဆည်တော်ကြီးရေမြောင်းများသို့ ကားများ၊ ဆိုင်ကယ်များဖြင့် လာရောက်ကာ ရေချိုးရေစိမ်ကြသည်။ လာရောက်ရေချိုးသူတစ်ဦးက မြို့ပေါ်တွင် အရိပ်မရှိဘဲ ကားငွေ့၊ ဆိုင်ကယ်ငွေ့များဖြင့် အလွန်ပူကြောင်း၊ ပုသိမ်ကြီးဘက်တွင်မူ လယ်ကွင်းများရှိကာ လေကောင်းလေသန့်လည်းရပြီး ဆည်တော်ကြီး မြောင်းများမှာလည်း အေးမြသဖြင့် အပူရှောင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောသည်။

ရေချိုးရန် လာရောက်ကြသူများသဖြင့် ဇီးချိုကုန်းကျေးရွာထိပ်ရှိ ချောင်းမကြီးရေဇလားထိပ်တွင် လာရောက်ရေချိုးသူများ အဆင်ပြေစေရန် ဘောကွင်းများကို တစ်နာရီ ကျပ်ငါးရာနှုန်းဖြင့် ငှားရမ်းပေးနေသည်ကိုလည်း တွေ့ရသည်။

ဇီးချိုကုန်းကျေးရွာမှ ပြည်သူတစ်ဦးက အပူရှောင်ရန် လာရောက်ကြသူများမှာ ညနေ ၅ နာရီနောက်ပိုင်းတွင် ရေချိုးကြကြောင်း၊ ရုံးပိတ်ရက်တွင် အများဆုံးလာရောက်ကြပြီး အများစုမှာ လူငယ်များနှင့် လူလတ်ပိုင်းအရွယ်များဖြစ်ကြောင်း ပြောသည်။

ယခုနှစ်နွေရာသီတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အပူချိန်များ မြင့်တက်လျက်ရှိရာ မန္တလေးမြို့တွင်လည်း ယခုရက်ပိုင်း အပူချိန်သည် ၄၃ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# မြစ်ကြီးနား-နမ္မတီး-တနိုင်း-နန်းယွန်း-ပန်ဆောင် ကားလမ်းအား B.O.T စနစ်ဖြင့် နိုင်လွန်ကတ္တရာလမ်းခင်းမည်

**သတင်းနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်**

မြစ်ကြီးနား-ပန်ဆောင်-လီဒိုကားလမ်း (နမ္မတီး-တနိုင်း-ရှင်ဗွေလမ်း)အပိုင်းသည် ဒုတိယကမ္ဘာစစ်မတိုင်ခင်က လှည်းလမ်းအဆင့်သာရှိခဲ့ပြီး ကားလမ်းမရှိပါ။ ၁၉၄၂ ခုနှစ်တွင် မဟာမိတ်တပ်များ အိန္ဒိယပြည်မှတစ်ဆင့် မြန်မာပြည်ထဲသို့ ဝင်ရောက်ခဲ့ပြီး ဆက်သွယ်သွားလာရေးကောင်းမွန်စေရန် စက်အား၊ ဒေသလူအင်အားများဖြင့် ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသောကြောင့် အမာခံလမ်းအဆင့်မှ မြေလမ်းအဆင့်သို့ ရောက်ရှိကာ ပျက်စီးခဲ့ရသည်။

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုစဉ်က နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ကချင်ပြည်နယ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၁၄-၃-၁၉၉၉ ရက်မှစ၍ နမ္မတီး-တနိုင်း ကားလမ်းစီမံကိန်းအထူးအဖွဲ့တစ်ဖွဲ့ဖွဲ့စည်း၍ တာဝန်ပေးဆောင်ရွက်ခဲ့သည်။

မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း မိုင်တိုင်အမှတ် (၀/၀) မြစ်ကြီးနားမှ မိုင်တိုင်အမှတ် (၁၁၉/၄) မှ (၁၇၇/၀) (တဂတ်ခ) အထိ ၅၇ မိုင် ၄ ဖာလုံကိုလည်း ၂၀-၅- ၂၀၁၀ ရက်မှစ၍ ယင်းကုမ္ပဏီမှပင် B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ အထိ ဖြစ်သည်။

ယခုအခါ အဆိုပါမြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင် ကားလမ်း ၂၂၈ မိုင်ကို မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးမြို့ရှိ ထိန်မိန် လမ်းဖောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ကို ၁၉-၁၁-၂၀၁၄ ရက်တွင် ခွင့်ပြုခဲ့ရာ အဆိုပါကုမ္ပဏီများက ယခုအခါလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဆောင်ရွက်လျက်ရှိနေသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် B.O.T စနစ်ဖြင့် ခြောက်နှစ်ကာလစီမံကိန်းအစား သုံးနှစ်အတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏ ပြင်ဆင်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီတို့ ညှိနှိုင်းပြီး ကချင်ပြည်နယ်အပိုင်း ၁၇၇ မိုင်အတွက် အဆိုပြုလွှာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၁-၁၂-၂၀၁၅ ရက်က တင်ပြဆောင်ရွက်လျက်ရှိသည်။

သုံးနှစ်စီမံကိန်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နမ္မတီးမှ လဝါးအထိ မိုင်၂၀ ကို အဆင့်မြင့်ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတား ခုနစ်စင်းကို ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

**သုံးနှစ်စီမံကိန်းအရ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နမ္မတီးမှ လဝါးအထိ မိုင် ၂၀ ကို အဆင့်မြင့်ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတားခုနစ်စင်းကို ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။**



မြစ်ကြီးနား–နမ္မတီး–တနိုင်း–နန်းယွန်း–ပန်ဆောင် လမ်းပိုင်းတွင် အဆင့်မြင့်နိုင်လွန်ကတ္တရာများခင်းရန် လမ်းသားများ မြှင့်တင်နေစဉ်

ယင်းကားလမ်းမကြီး ပြီးစီးသွားပါက တရုတ်ပြည်နယ်နှင့် အိန္ဒိယပြည်ကို ဆက်သွယ်ပေးမည့် အတိုဆုံးလမ်းကြောင်းဖြစ်ပြီး တရုတ်နိုင်ငံထွက်ကုန်များ၊ မြန်မာ့ဆန်စပါးသီးနှံများ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အထည်အလိပ်များ၊ စက်ယန္တရားများ၊ စားသောက်ကုန်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသို့လည်းကောင်း သယ်ယူပို့ဆောင်ပေးနိုင်တော့မည်ဖြစ်၍ ကားလမ်းဘေး တစ်လျှောက်ရှိ နမ္မတီး၊ စီဒီယန်း၊ လွယ်လီယန်း၊ ဒွန်ဘုံ၊ လဝါး၊ ဒွန်ဘန်၊ နောင်မီး၊ ဝရာဇွတ်၊ ရှုဒူဇွတ်၊ တိန် တောက်၊ နန့်ဖြန့်၊ ဘောင်ရာ၊ တနိုင်မြို့၊ မတော၊ တဂုံး၊ တမတ်၊ ခလုံ၊ ရှင်ဗွေယန်း စသည့် ကျေးရွာနှင့် မြို့နယ်တို့ရှိ တိုင်းရင်းသူ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်လာတော့မည်ဖြစ်သည်။ ။

# ကျွန်တော်နဲ့ ဟောပြောပွဲများ



ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ပြီးခဲ့တဲ့အပတ်က အတော်လေးပင်ပန်းသွားပါတယ်။ ဟောပြောပွဲလေးခုကို နှစ်ရက်ဆက်တိုက်လုပ်ခဲ့တယ်။ ခက်တာကဟောပြောပွဲကို ကြိုတင်စီစဉ်ထားပေမယ့် တစ်ခါတလေကျတော့ အခုလိုပဲစုပြုံပြီး လုပ်ရတာရှိတယ်။ ပထမပွဲက ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းမှာရှိတဲ့ မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းချုပ်မှာ စီစဉ်တဲ့သူတွေက လူငယ်တွေ။**

ခေါင်းစဉ်က လူငယ်နဲ့ စွန့်ထွင်ဦးစီးမှု။ ကျွန်တော့်အနေနဲ့ ဘယ်လိုမှငြင်းမရတဲ့ကိစ္စ။ လူငယ်တွေအတွက်ဆို ကျွန်တော်က တတ်နိုင်သလောက်လုပ်ပေးချင်တယ်။ အမှန်တော့ အနာဂတ်ကို သူတို့တစ်တွေနဲ့ရွေ့ရမှာ။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်လူဦးရေကများတယ်။ စီးပွားရေးအတွေးအခေါ်အရ လူငယ်လူဦးရေများတဲ့ကာလမှာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေတယ်။ ဒီအခွင့်အရေးဟာ အမြဲတမ်းမရနိုင်ဘူး။ ဒါကြောင့်လည်း ရတဲ့အချိန်မှာ ကိုယ့်နိုင်ငံအတွက်အကျိုးရှိအောင်လုပ်ရမှာ။ အခုဆိုရင် ဂျပန်နိုင်ငံတို့၊ ဥရောပနိုင်ငံတို့မှာ အသက်ကြီးတဲ့သူတွေများနေတာမို့ မှီခိုမှုနှုန်းဟာလည်း မြင့်မားနေတယ်။ ဒါကြောင့် အလုပ်လုပ်နိုင်တဲ့ လူနည်းစုဟာ အလုပ်မလုပ်နိုင်တော့တဲ့ မှီခိုသူ အများစုရဲ့ဝန်ကို ထမ်းနေရတာမို့ စီးပွားရေးဖွံ့ဖြိုးမှု လျော့ကျလာခဲ့တယ်။ အလုပ်လုပ်နိုင်တဲ့သူတွေ နည်းလာလို့ အခြားနိုင်ငံက လုပ်သားတွေကို ခေါ်ပြီးသုံးနေရတယ်။ ဒီဒုက္ခကို တစ်ချိန်ကျရင် ကြုံရမှာဖြစ်တယ်။ အခုအချိန်မှာတော့ အသက်ငယ်တဲ့ လူဦးရေကို အကျိုးရှိရှိအသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

လူငယ်တွေဟာ တက်ကြွတယ်။ ရဲရင့်တယ်။ ရိုးသားတယ်။ ဖြောင့်မတ်တယ်။ ဖြူစင်တယ်။ သူတို့ရဲ့အားကိုယူနိုင်ဖို့လိုအပ်တယ်။ အခုခေတ်လူငယ်တွေရဲ့ လောကအမြင်ဟာ အရင်ခေတ်ကလူတွေလို မဟုတ်တော့ဘူး။ သူတို့အားလုံးဟာ နည်းပညာနဲ့ ကြီးပြင်းလာကြသူတွေဖြစ်တယ်။ ကွန်ပျူတာကိုင်တတ်တယ်။ မိုဘိုင်းဖုန်းသုံးတယ်။ လူမှုရေးကွန်ရက်ကို ကျွမ်းကျင်တယ်။ သူတို့မှာ အစွဲတွေ အငြိုးတွေ မရှိကြဘူး။ အရာရာကို စမ်းသပ်ချင်တယ်။ ဒီအင်အားတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ပဲဖြစ်တယ်။ ဒါကို စိုးရိမ်ကြောက်ရွံ့လို့မရဘူး။ လူကြီးလုပ်တဲ့သူတွေက လူငယ်တွေကို နားလည်မှုပေးရမယ်။ လုပ်ခွင့်ပြုရမယ်။ လုပ်တဲ့အမှားနဲ့ မလုပ်တဲ့အမှားကို စဉ်းစားတဲ့အခါ လုပ်တဲ့အမှားကို လုပ်ခွင့်ရှိတယ်။ မိဘဆရာတွေဟာ မိမိရဲ့သားသမီး တပည့်သားချင်းတွေကို ကောင်းစားချင်လို့ ဆုံးမကြတယ်။ သွန်သင်ကြတယ်။ နည်းပြကြတယ်။ ဒါပေမယ့်အမှန်တော့ သူတို့ဘဝကို သူတို့ကိုယ်တိုင်ဖန်တီးခွင့်ရှိတယ်။ ဒါကြောင့် ကျွန်တော်က လူငယ်တွေကို ပေါ်လာတဲ့အခွင့်အရေးတွေကို မှန်ကန်တဲ့ရွေးချယ်မှုလုပ်ပြီး ပြုပြင်ပြောင်းလဲဖို့ တိုက်တွန်းခဲ့တယ်။

လုပ်တဲ့ပွဲက လူငယ်တွေကို စွန့်ဦးတီထွင်စေဖို့ ပြိုင်ပွဲကျင်းပတာ ဖြစ်တယ်။ ကျွန်တော့်ကို အားပေးစကားပြောဖို့ ဖိတ်ကြားလာတာမို့ ကျွန်တော်ကလက်ခံခဲ့တာ။ ကျွန်တော်ရွေးချယ်ခဲ့တဲ့ ခေါင်းစဉ်က "လူမှုစီးပွားလုပ်ငန်းများ"။ လူငယ်တွေကို စွန့်ဦးတီထွင်မှုနဲ့ပတ်သက်ပြီး အားပေးရာမှာ စီးပွားနယ်ပယ်တွင်သာမက၊ လူမှုရေးနယ်ပယ်အတွင်းမှာလည်း စွန့်ဦးတီထွင်ဖို့ အားပေးခဲ့တာပါ။

စွန့်ဦးတီထွင်မှုရဲ့အခြေခံဟာ စီးပွားရေးဖြစ်တယ်လို့ အများကယူဆကြတယ်။ အမှန်တော့ စွန့်ဦးတီထွင်မှုဟာ စီးပွားရေးလောကမှာတင်မက လူမှုရေးနယ်ပယ်မှာလည်း ရှိနိုင်တယ်။ နိုင်ငံရေးနယ်ပယ်မှာလည်းရှိနိုင်တယ်။ အဓိကတော့ စွန့်စားမှုရယ်၊ တီထွင်မှုရယ်၊ ဦးစီးမှုရယ် ဒီသုံးရပ်ကို ဆောင်ရွက်နိုင်ဖို့သာ ဖြစ်ပါတယ်။

လူမှုစီးပွားရေး လုပ်ငန်းဆိုတာက အခြေခံမတူတဲ့အချက်နှစ်ချက်ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ လူမှုရေးပြဿနာဆိုတာ နေရာတိုင်းမှာ ရှိပါတယ်။ ကျန်းမာရေး မကောင်းတာ၊ ပညာရေးအဆင့်အတန်းနိမ့်ကျတာ၊ အလုပ်လက်မဲ့များတာ၊ လူကုန်ကူးတာ၊ အာဟာရချို့တဲ့တာ ပုံစံအမျိုးမျိုးနဲ့ ဒီပြဿနာတွေကို ရင်ဆိုင်နေကြရတယ်။ ဒီပြဿနာတွေကို ဖြေရှင်းတဲ့အခါ ထုံးစံအရ တာဝန်ရှိတဲ့နိုင်ငံတော်က ဝန်ဆောင်မှုတွေပေးပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကလည်း တတ်အားသရွေ့ကူညီကြတယ်။ ဒါပေမယ့် ဒီချဉ်းကပ်မှုတွေဟာ မထိရောက်တာတွေ့ရတယ်။ ဒါကြောင့် လူမှုရေးပြဿနာကို လူမှုရေးနည်းနဲ့ ဖြေရှင်းလို့မထိရောက်တာပါ။ စီးပွားရေးနည်းနဲ့ဖြေရှင်းလာခဲ့ကြတယ်။ အကောင်းဆုံးဥပမာက ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆန်ဂလာဒက်(ချ်)ပြည်နယ်က နိုဘယ်ဆုရ ပါမောက္ခ ယူနစ် တည်ထောင်ခဲ့တဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေပဲဖြစ်တယ်။ သူတို့နိုင်ငံမှာ ကလေးငယ်တွေဟာ အာဟာရချို့တဲ့ကြတယ်။ ဒီလူမှုရေးပြဿနာကို ဆရာကြီးက လူမှုရေးနည်းနဲ့မဖြေရှင်းဘဲ စီးပွားရေးလုပ်ငန်းထူထောင်ခဲ့တယ်။ တည်ထောင်ခဲ့တဲ့ကုမ္ပဏီက ဒိန်ချဉ်ထုတ်လုပ်တဲ့လုပ်ငန်း။ ပြင်သစ်နိုင်ငံမှာရှိတဲ့ ကမ္ဘာကျော်ဒိန်ချဉ်ထုတ်လုပ်တဲ့ကုမ္ပဏီနဲ့ပေါင်းပြီး ဒိန်ချဉ်တွေထုတ်တယ်။ ကုန်ကြမ်းက သူ့နိုင်ငံက ထုတ်လုပ်တဲ့ နွားနို့တွေကို သုံးတယ်။ ဒါပေမယ့် ထူးခြားတာက ဒီ ဒိန်ချဉ်အထဲမှာ ကလေးတွေအတွက် အာဟာရဓာတ်တွေ ထည့်လိုက်တယ်။ ဒိန်ချဉ်စားတဲ့ကလေးတွေဟာ အာဟာရဓာတ်ကို ဆေးတွေကတစ်ဆင့် ရရှိခဲ့တယ်။ ဒိန်ချဉ်ကို အခမဲ့နဲ့ မဖြန့်ဝေဘဲ ရောင်းချတယ်။ တစ်နည်းပြောရင် စီးပွားရေးဆန်ဆန်လုပ်ခဲ့တယ်။ ဒါပေမယ့် ထူးခြားတာက ရရှိတဲ့အမြတ်ကို လုပ်ငန်းအတွင်း ပြန်လည်ရင်းနှီးခဲ့တယ်။ ဒါကြောင့် အမြတ်မယူဘဲ လုပ်ငန်းတွေကြီးထွားအောင် ဆောင်ရွက်တဲ့သဘောပါ။ ဒီလိုဆောင်ရွက်တာကို ဆရာကြီးက အလှူပေးတာနဲ့ နှိုင်းယှဉ်ခဲ့တယ်။ ငွေတစ်ကျပ်လှူလိုက်ရင် တစ်ကြိမ်သာလှူနိုင်ပြီး ဒီတစ်ကျပ်ကို လူမှုစီးပွားရေးလုပ်ငန်းမှာ ရင်းနှီးခဲ့ရင် အကြိမ်ကြိမ်လှူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဟောပြောပွဲမှာ လူငယ်တွေကို မိမိပတ်ဝန်းကျင်မှာကြုံနေတဲ့ လူမှုရေးပြဿနာတွေကို ဆန်းစစ်ပြီး စီးပွားရေးချဉ်းကပ်မှုနဲ့ ဖြေရှင်းပေးကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

> **ငွေတစ်ကျပ်လှူလိုက်ရင် တစ်ကြိမ်သာလှူနိုင်ပြီး ဒီတစ်ကျပ်ကို လူမှုစီးပွားရေးလုပ်ငန်းမှာ ရင်းနှီးခဲ့ရင် အကြိမ်ကြိမ်လှူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြိုင်ပွဲဝင်လူငယ်တွေကို မိမိပတ်ဝန်းကျင်မှာကြုံနေတဲ့ လူမှုရေးပြဿနာတွေကိုဆန်းစစ်ပြီး စီးပွားရေးချဉ်းကပ်မှုနဲ့ ဖြေရှင်းပေးကြပါလို့ တိုက်တွန်းခဲ့ပါတယ်။**

အမှန်တော့ လူမှုစီးပွားရေးလုပ်ငန်းတွေကို လူငယ်တွေသာမက လုပ်ငန်းရှင်ကြီး များအနေနဲ့လည်း စဉ်းစားသင့်ပါတယ်။ ပုံမှန်အားဖြင့် လုပ်ငန်းရှင်များအနေနဲ့ အလှူအတန်းလုပ်ဖို့သာ စဉ်းစားကြတာ။ လှူဒါန်းတာကို တာဝန်ကျေပွန်တယ်လို့ ထင်ကြတယ်။ အမှန်တော့ လှူရုံသက်သက်မဟုတ်ဘဲ လူမှုစီးပွားရေးအဖွဲ့အစည်းတွေ တည်ထောင်သင့်ပါတယ်။

ကျွန်တော်က ကုန်သည်ကြီးများအသင်းမှာဟောပြောပြီး ဆူးလေဘုရားလမ်းမှာရှိတဲ့ ရှန်ဂရီလာဟိုတယ်ကို သွားခဲ့တယ်။ အခမ်းအနားကျင်းပမယ့် ခန်းမကြီးထဲရောက်တော့ အစီစဉ်တွေက စနှင့်နေပြီ။ ကျွန်တော်ရောက်တဲ့အချိန်က စင်မြင့်ပေါ်မှာ အိန္ဒိယနိုင်ငံရဲ့ သံအမတ်ကြီးက မိန့်ခွန်းပြောနေပြီ။ ကျွန်တော်ခန်းမထဲဝင်လာတဲ့အချိန်မှ သူကတက်ရောက်လာတဲ့ တာဝန်ရှိသူတွေကို နှုတ်ဆက်ရင်း ပါမောက္ခဒေါက်တာ အောင်ထွန်းသက် မရောက်သေးဘူးလို့ ပြောရုံရှိသေး ကျွန်တော်က ခန်းမထဲဝင်ခဲ့တာ။ အခမ်းအနားကို ဒုတိယဝန်ကြီး(ငြိမ်း)ဒေါက်တာမောင်မောင်သိမ်း၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးတို့ တက်ရောက်ခဲ့ရတာ။ အခမ်းအနားအစမှာ သူတို့တတွေ ပွဲကြီးကမကထလုပ်တဲ့သူတွေနဲ့အတူ စင်မြင့်ပေါ်မှာ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြတာဖြစ်တယ်။ သံအမတ်ကြီး မိန့်ခွန်းပြောပြီးတော့ ကျွန်တော့်ကို မိန့်ခွန်းပြောဖို့ ဖိတ်ကြားခဲ့ပါတယ်။ အမှန်တော့ ဒီအခမ်းအနားကို ရန်ကုန်အခြေစိုက် အိန္ဒိယနိုင်ငံက သင်တန်းကျောင်းတစ်ခုနဲ့ နိုင်ငံတကာသင်တန်းကျောင်းနှစ်ခုတို့က ပူးပေါင်းပြီး ဆောင်ရွက်ကြတာ။ အိန္ဒိယနိုင်ငံ ကျောင်းအုပ်ကြီးက ကျွန်တော်နဲ့ မကြာခဏတွေ့ပြီး ဒီပွဲမှာမိန့်ခွန်းပြောဖို့ အကူအညီတောင်းခဲ့တာ။ ပညာရေးအဖွဲ့အစည်းဖြစ်တာမို့လည်း ကြည်ကြည်ဖြူဖြူနဲ့လက်ခံခဲ့ပါတယ်။ အခမ်းအနားက ဘဏ္ဍာရေးဆိုင်ရာသင်တန်းတွေအတွက် ဖြစ်ပေမယ့် ကျွန်တော်ကတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် သင်ယူခံယူမှုအကြောင်း တင်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးဟာ မနှစ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များကို လက်ခံခဲ့ကြပါတယ်။ ၂၀၀၀ ပြည့်နှစ်က ဖော်ထုတ်ခဲ့တဲ့ ရာစုနှစ်ရည်မှန်းချက်တွေရဲ့ သက်တမ်းဟာ ၁၅ နှစ် ဖြစ်တာမို့ ၂၀၁၅ မှာ ကုန်ဆုံးခဲ့ပါတယ်။ ဒါကြောင့်လည်း နောင် ၁၅ နှစ်အတွက် ထောင်စုနှစ်ရည်မှန်းချက်တွေကို အစားထိုးတဲ့အနေနဲ့ ယခင်က ဖော်ထုတ်ခဲ့တဲ့ ရည်မှန်းချက်ရှစ်ခုအစား ၂၀၃၀ အထိ အောင်မြင်အောင် ဆောင်ရွက်ရမယ့် စဉ်ဆက်မပြတ် ရည်မှန်းချက် ၁၇ ခုကို သတ်မှတ်ခဲ့ပါတယ်။

ဒီရည်မှန်းချက် ၁၇ ခုနှစ်ဟာ လူသားအားလုံးအတွက် တိုးတက်ဖွံ့ဖြိုးပြည့်စုံရန် လိုအပ်မယ့်အချက်တွေကို သတ်မှတ်ဖော်ထုတ်ခဲ့ပါတယ်။ အမှန်စင်စစ် တစ်ချိန်က လက်ခံထားတဲ့ ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး တိုင်းထွာတဲ့ပေတံကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်တာဖြစ်တယ်။ ဖွံ့ဖြိုးမှုလို့ပြောရင် သာမန်အားဖြင့် ဝင်ငွေပေတံကိုသာ သုံးကြတယ်။ ၁၉၉၀ ပြည့်နှစ်ကစပြီး ကုလသမဂ္ဂကအဖွဲ့အစည်းက လူသားဖွံ့ဖြိုးမှုပေတံကို ဖော်ထုတ်ခဲ့ပါတယ်။ ဒီပေတံမှာ ဝင်ငွေအပြင် ပညာရေးနဲ့ ကျန်းမာရေးပေတံကိုပါထည့်သွင်းခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ထောင်စုနှစ် ရည်မှန်းချက်၊ အခုတော့ စဉ်ဆက်မပြတ်ရည်မှန်းချက်စတဲ့ရည်မှန်းချက်အသစ်တွေကို ဖော်ထုတ်ခဲ့တယ်။

စဉ်ဆက်မပြတ် ရည်မှန်းချက်ရဲ့အခြေခံဟာ မျိုးရိုးစဉ်ဆက် ကြွယ်ဝမှုဖြစ်ပါတယ်။ မျက်မှောက်ကာလ လူသားတွေအတွက် အဆင်ပြေရုံမက အနာဂတ်ကာလမှာရှိတဲ့ လူ့အဖွဲ့အစည်းအတွက်လည်း အကျိုးမယုတ်အောင် စဉ်းစားဆုံးဖြတ်ရမှာဖြစ်တယ်။ အသက်ရှင်နေသူတွေအတွက် ထည့်တွက်ဖို့လိုအပ်သလို မမွေးသေးသူတွေရဲ့ အနာဂတ်ကိုလှပအောင် ဂရုစိုက်ဖို့လိုအပ်တယ်။ သက်ရှိထင်ရှားရှိသူတွေဟာ တစ်ကိုယ်ကောင်းဆန်ပြီး အနာဂတ်မှာ လှုပ်ရှားရှင်သန်မယ့်သူတွေကို မျက်ကွယ်ပြုလို့မဖြစ်ပါဘူး။ ဒါကြောင့်လည်း အင်မတန်မှ သိမ်မွေ့နူးညံ့တဲ့ ရွေးချယ်မှုတွေကို ပြုလုပ်သွားရမှာဖြစ်တယ်။ မျှမျှတတစဉ်းစားတတ်ဖို့လိုအပ်ပါတယ်။

ခုလိုစဉ်းစားနိုင်ဖို့ ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ရမှာဖြစ်တယ်။ လက်ရှိကျင့်သုံးနေတဲ့ သင်ရိုးညွှန်းတမ်းတွေဟာ ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မှု ဒီအကြောင်းတွေကို သင်ကြားမှုမရှိတာတွေ့ရတယ်။ ဒါကြောင့် သင်ရိုးညွှန်းတမ်းတွေ ပြုပြင်ပြောင်းလဲရုံမက ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်နိုင်မှုကို အားပေးရမှာ ဖြစ်တယ်။ ပညာဆိုတာ အမှန်စင်စစ်တွေးခေါ်မြော်မြင်မှုကို အထောက်အကူဖြစ်စေတဲ့အရာသာ ဖြစ်တယ်။ ကလေးလူငယ်တွေကို ကျဉ်းမြောင်းတဲ့သုံးသပ်မှုတွေအစား ရှင်သန်တဲ့အမြင်ကျယ်မှုတွေကို လေ့ကျင့်ပေးရမှာဖြစ်တယ်။ ဒီနေရာမှာ ဆရာ ဆရာမတွေရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးလှပါတယ်။ ဆရာဆရာမတွေဟာ သင်ကြားတဲ့တာဝန်သာယူတာမဟုတ်ဘဲ ကျောင်းသားများရဲ့ အမြင် အတွေးတွေကို ဖွင့်ပေးသူတွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်တင်ပြချင်တာ၊ ကိုယ်မျှဝေချင်တာတွေကို တင်ပြခွင့် ရခဲ့ပါတယ်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် သင်ယူခံယူရာမှာ အခြေခံ(၄)ရပ်ရှိပါတယ်။ ဒါတွေကတော့ (၁) သိနားလည်မှု၊ (၂) လက်တွေ့ကျကျ ဆောင်ရွက်လုပ်ကိုင်နိုင်မှု၊ (၃) အတူတကွ နားလည်မှုအပြည့်နဲ့ နေထိုင်ဆက်ဆံနိုင်မှုနဲ့ (၄) သိက္ခာသမာဓိ ရှိမှုတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိနစ် ၂၀ ခန့်ဟောပြောပြီး ခန်းမကထွက်ခွာခဲ့ပါတယ်။ နောက်တစ်နေ့ မနက်အစောကြီး ကျွန်တော် လေယာဉ်ပျံနဲ့ မန္တလေးမြို့ကို ခရီးထွက်ခွာခဲ့ပါတယ်။ ဟောပြောပွဲလုပ်ပေးဖို့ ကိုရဲမြတ်သူနဲ့ ဦးကျော်မင်းတို့က စီစဉ်ခဲ့ကြတာဖြစ်တယ်။ လုပ်မယ့်နေ့ကလည်း မတ်လ ၂၇ ရက် တပ်မတော်နေ့။ လုပ်မယ့်နေရာကလည်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းချုပ်ခန်းမဆောင်။ သူတို့နှစ်ဦးက မန္တလေးမှာ ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းနဲ့ ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့တဲ့ အမ်ဘီအေသင်တန်းဆင်း ကျောင်းသားတွေအတွက် အဓိကရည်ရွယ်ပြီး ကျွန်တော့်ကို ဟောပြောစေခြင်းဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်က ပြောရမယ့်ခေါင်းစဉ်ကို အသေအချာရွေးချယ်ပြီး ကိုရဲမြတ်သူနဲ့ ဦးကျော်မင်းတို့နဲ့ တိုင်ပင်ခဲ့ပါတယ်။ ကျွန်တော်ရွေးချယ်တဲ့ခေါင်းစဉ်က "Rethinking Business Education" ဖြစ်တယ်။ ဘာသာပြန်တဲ့နေရာမှာ အခက်အခဲရှိပါတယ်။ အင်္ဂလိပ်အသုံးအနှုန်းအရ Business နဲ့ Economics ဟာ မတူပါဘူး။

ဒါပေမယ့် မြန်မာစကားမှာ စီးပွားရေးဆိုတဲ့ ဝေါဟာရကိုပဲ နှစ်နေရာစလုံးမှာ သုံးပါတယ်။ ဘောဂဗေဒလို့ ပြောပြန်ရင် စီးပွားရေးနဲ့မတူညီသလို ဖြစ်နေပါတယ်။ Business Education က စီးပွားရေးလုပ်ငန်းများကို ဦးဆောင်လှုပ်ရှားရာမှာ လိုအပ်တဲ့ ပညာရေးလို့ပြောနိုင်မှာ ဖြစ်ပါတယ်။

Business Education ကို အရင်ဆုံးအထူးပြုပြီး သင်ကြားပေးခဲ့တဲ့နိုင်ငံက အမေရိကန်ပြည်ထောင်စုဖြစ်ပါတယ်။ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်မှာ ဘွဲ့လွန်အမ်ဘီအေဘွဲ့ကို ပေးအပ်ခဲ့တယ်။ ဒီအမ်ဘီအေသင်တန်းဟာ နှစ်နှစ်ခန့်ကြာမြင့်ပြီး ဘွဲ့ရပြီးသူတွေဟာ စီးပွားရေးလုပ်ငန်းတွေမှာ တာဝန်ယူကြတယ်။ ဒါကြောင့် အမ်ဘီအေဘွဲ့ရသူတွေကို လုပ်ငန်းအဖွဲ့အစည်းများက တန်ဖိုးထားကြတယ်။ ထူးခြားချက်တစ်ခုက ဒီအမ်ဘီအေဘွဲ့ပေးတဲ့ တက္ကသိုလ်ရဲ့ဌာနကို သာမန်ဘွဲ့လွန်ပေးတဲ့ဌာနတွေအဖြစ် မသတ်မှတ်ဘဲ Business School ဆိုပြီး ခေါ်ဝေါ်ကြပါတယ်။ အများသိတဲ့ Harvard Business School ဟာကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး Business School ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမ်ဘီအေဘွဲ့ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နဲ့ မုံရွာစီးပွားရေးတက္ကသိုလ်တွေမှာ ပေးအပ် နေကြတယ်။ ဒါပေမယ့် Business School လို့မခေါ်ကြဘူး။ အခေါ်အဝေါ်ပြောင်းဖို့ ကျွန်တော် တင်ပြခဲ့ပါတယ်။ ဒါပေမယ့် School ဆိုတာကို ကျောင်းလို့ယူဆပြီး လက်မခံခဲ့ပါဘူး။ လုပ်သင့်တဲ့ကိစ္စတစ်ခုကို မလုပ်နိုင်ခဲ့ပါဘူး။

တံတားဦးလေဆိပ်ရောက်ပြီး ဟောပြောပွဲကျင်းပမယ့်ခန်းမကိုသွားဖို့ တစ်နာရီလောက် အချိန်ကြာခဲ့တယ်။ ရန်ကုန်-မန္တလေး ခရီးစဉ်အချိန်ထက်တောင် ပိုသေးတယ်။ အသင်းကြီးရဲ့ခန်းမရှိရာ အဆောက်အအုံကို ရောက်တော့ ၉ နာရီ မိနစ် ၂၀ လောက်ရှိပြီ။ ကိုရဲမြတ်သူက ကျွန်တော့်ကို လေယာဉ်ကွင်းမှာ လာကြိုခဲ့တယ်။ ခန်းမထဲရောက်တော့ အသင်းဥက္ကဋ္ဌကြီးနဲ့ တာဝန်ရှိသူတွေက ဧည့်ခံတယ်။ အခမ်းအနားမစမီ ရုပ်မြင်သံကြားအဖွဲ့တွေ အင်တာဗျူးလုပ်ပေးဖို့ ကျွန်တော်က ဧည့်ခန်းထဲမှာ ကျန်ခဲ့ပြီး တာဝန်ရှိသူတွေက အစီအစဉ်အတိုင်း ဖွင့်ပွဲအခမ်းအနားတွေကို ကျင်းပခဲ့ကြတယ်။ ကျွန်တော့်ကို ကြိုဆိုတဲ့သူတွေအထဲမှာ အောင်သမာဓိက ကိုအောင်လည်း ပါဝင်ခဲ့တယ်။ အမ်ဘီအေသင်တန်းပြီးတဲ့သူတွေအထဲ သူ့ရဲ့သားလည်းပါသလို ဦးကျော်မင်းရဲ့သမီးလည်း ပါဝင်ခဲ့တယ်။ ဒီအချက်က အားရစရာပါပဲ။ စီးပွားရေးလောကမှာ နာမည်ရနေတဲ့ ကိုအောင်တို့၊ ဦးကျော်မင်းတို့ဟာ သူတို့ရဲ့ သားသမီးတွေကို အခုလို အမ်ဘီအေသင်တန်းတွေတက်စေပြီး ဘွဲ့လွန်ဒီဂရီယူစေတာဟာ အလွန်ကောင်းတဲ့လက္ခဏာတစ်ရပ်ဖြစ်တယ်။

*စာမျက်နှာ ၁၇ သို့*

# ရေတွင်းများတွင် ရေလျော့နည်းထွက်ရှိ၍ စပျစ်စိုက်သူများ မိုးမျှော်

**ရမည်းသင်း ဧပြီ ၂၄**

ယခုနှစ်တွင် မြေအောက်ရေ အရင်းအမြစ်ပြောင်းလဲ၍ ရေတွင်းများ ရေထွက်နည်းသောကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းတိုက်နယ်အတွင်း စပျစ်စိုက်သူများ စိုက်ပျိုးရေအခက်အခဲရှိကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ ရွာတန်းတိုက်နယ် ဝန်းကျင်ကျေးရွာများတွင် စပျစ်ကို အများအပြား စိုက်ပျိုးကြပြီး စိုက်ပျိုးရေအတွက် ရေတွင်းများတူး၍ စိုက်ပျိုးခြင်းဖြစ်သည်။ ထို့ကြောင့် စပျစ်ခြံတိုင်းတွင် ရေတွင်းများတူးကြရပြီး ယခင်က ရေတွင်းတူးရာတွင် အနက်ပေ ၄၀-၅၀ ဝန်းကျင်တူးလျှင် ရေအလျှံပယ် ရရှိနိုင်သည်ဖြစ်သော်လည်း ယခုအခါ ပေ ၁၂၀ ဝန်းကျင်အထိ တူးရပြီး ရေတွင်းအောက်ခြေတွင် မြေပြိုကျခြင်းမရှိစေရန်လည်း အောက်ခြေမှစ၍ ခုနစ်ပေအထိ အုတ်စီပေးရကြောင်း သိရသည်။

"နွေရာသီမှာ ငါးရက်တစ်ကြိမ်ရေ သွင်းပေးရတယ်။ စပျစ်ပင်အသီးရှိလာရင် အသီးအနုအရင့်ပေါ် မူတည်ပြီး ရှစ်ရက်ခြားတစ်ခါ ရေသွင်းပေးရတယ်။ တစ်နှစ်ထက်တစ်နှစ် ရေတွင်းတွေလည်း ရေအလိုက် နည်းလို့ ရေခရူတွင်းအောက်ထိချပြီး ရေတင်ပေးနေရတယ်။ စပျစ်ပင် ၃၀၀ ရှိတဲ့ ခြံတစ်ခြံဆိုရင်နေကုန် (နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ) စက်မောင်းပြီး ရေသွင်းပေးရတယ်။ တစ်နေ့ ဆီတစ်ဂါလန်ကျော်ကုန်တယ်။ အခုနှစ်မှာ မိုးကလည်းခေါင် သစ်ဆုံဆည်မှာလည်း ရေကနည်းတော့ စပျစ်စိုက်တဲ့သူတွေစိုက်ပျိုးရေအတွက် အခက်အခဲဖြစ်ပါတယ်" ဟု ရွာမရွာနေ စပျစ်စိုက်သူတစ်ဦးက ပြောသည်။

ထို့ကြောင့် စပျစ်စိုက်သူများ စိုက်ပျိုးရေရရှိရေးအတွက် ရေတွင်းများတွင် ရေထွက်နည်း၍ ခက်ခဲမှုကြောင့် သင်္ကြန်ပြီးကာလနောက်ပိုင်းရွာမည့်မိုးကို မျှော်လင့်နေရကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# နမ့်ပေါ့ချောင်းထွက် သဲဖြုန်းများအရောင်းအဝယ်သွက်

**သီပေါ ဧပြီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်နှင့်မြို့ပြများ ဖွံ့ဖြိုးတိုးတက်နေသဖြင့် နေအိမ်အဆောက်အအုံနှင့် ခြံဝင်းများကာရံရာတွင် အဓိကလိုအပ်သော သဲဖြုန်းများ ရောင်းအားမြင့်လျက်ရှိကြောင်း သိရသည်။



ဖာဖိတ်ဆည်ကြီးမှ နမ့်ပေါ့ချောင်းအတွင်းသို့ စီးဆင်းသောရေနှင့်အတူ သဲဖြုန်းများသည် နမ့်ပေါ့ချောင်းတံတားကြီးအောက်ဝန်းကျင်၌ စုပုံလျက်ရှိနေရာ ထော်လာဂျီ၊ မော်တော်ယာဉ်များဖြင့် နေ့စဉ်တင်ယူရောင်းဝယ်နေကြသော်လည်း ကုန်ခန်းသွားခြင်းမရှိ စုပုံမြဲစုပုံလျက်ရှိသည်ကို တွေ့ရသည်။ ထော်လာဂျီသဲတစ်စီးလျှင် ငွေကျပ် တစ်သောင်းနှင့် ဖြုန်းတစ်စီးငွေကျပ် ၇၅၀၀ ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

သတင်းတိုထွာ

## မြနန်းစံကျော်ရွှေနန်းတော်သန့်ရှင်းရေးဆောင်ရွက်

ရပ်ရွာသန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေးရည်ရွယ်၍ ရှေးဟောင်းသုတေသနဝန်ထမ်းများနှင့် Together Photo Studio အဖွဲ့တို့မှ ဧပြီ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်အတွင်း၊ အပြင် သန့်ရှင်းရေးနှင့် အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် လစဉ် လတိုင်း တစ်ကြိမ် နှစ်ကြိမ်ခန့် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကာ ဦးပိန်၊ တောင်သမန်အင်း၊ ကုသိုလ်တော်ဘုရားဝန်းကျင်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြင်ဦးလွင်၌ နွေရာသီလူငယ်ကရာတေးသင်တန်းဆင်း

ပြင်ဦးလွင်မြို့နယ် နွေရာသီလူငယ်ကရာတေးသင်တန်းဆင်းပွဲကို ဧပြီ ၂၀ ရက်က ပြင်ဦးလွင်မြို့ YMCA အသင်းတိုက်ခန်းမ၌ ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှု၊ အားကစားနှင့် ကျန်းမာရေးကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်းတက်ရောက်၍ သင်တန်းဆင်းလက်မှတ်နှင့် ခါးပတ်များပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကရာတေးအသင်းအနေဖြင့်လည်း မန္တလေး-လားရှိုး-မိုးကုတ်မြို့တို့မှ ကရာတေးအသင်းများနှင့်ပူးပေါင်း၍ သင်တန်းသားများထဲမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သင်တန်းသားအားကစားသမားတစ်ဦးကို ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့ သရုပ်ပြ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ငဖြူလေးကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ကျေးရွာများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် လျင်မြန်စွာ မီးငြိမ်းသတ်ရေးအတွက် ရည်ရွယ်ကာ မီးငြိမ်းသတ်ရေးယာဉ်တစ်စီးပေးအပ်ပြီး သရုပ်ပြမီးငြိမ်းသတ်ရေးကို ဧပြီ ၂၀ ရက်က ငဖြူလေးကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငဖြူလေးကျေးရွာအုပ်စုတွင် မီးသတ်အဆောက်အအုံဆောက်လုပ်ရန် ငဖြူလေးကျေးရွာမှ စုဆောင်းငွေကျပ် သိန်း ၅၀ အကုန်အကျခံကာ မြေနေရာဝယ်ယူပြီးဖြစ်သော်လည်း အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကြေးအခက်အခဲများရှိနေကြောင်း သိရသည်။

**သန်းမောင်(ရန်ကင်း)**

## ရေရှားပါးသည့်ကျေးရွာအား သောက်သုံးရေဖြန့်ဝေပေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျောက်လက်ခတ်ကျေးရွာအုပ်စု ကင်ပွန်းခြံကျေးရွာတွင် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်နေသာကြောင့် ဧပြီလ တတိယပတ်က မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

*စာမျက်နှာ ၁၆ မှ*

ကျွန်တော်က ထုံးစံအတိုင်းဟောပြောဖို့ Slides တွေ ပြင်ခဲ့တာ။ ဒါကြောင့် ကွန်ပျူတာစနစ်ကို အမြဲသတိထားရတာ။ စင်မြင့်ပေါ်မတက်မီ အိုင်တီတာဝန်ယူခဲ့သူကို ကျွန်တော် ပြင်ဆင်ထားတဲ့ Slides တွေပါဝင်တဲ့ Memory Stick ကို ပေးလိုက်ပြီး ဖွင့်စေခဲ့ပါတယ်။ ကျွန်တော်ရဲ့ အားနည်းချက်က ကိုယ်တိုင်ကွန်ပျူတာကိုကိုင်ရမှ အားရတာ။ ဒါကြောင့် ခလုတ်ကို ကိုယ်တိုင်နှိပ်မှ အားရတာ။ အစကတည်းက ပြဿနာစတော့တာပါဘဲ။ စီစဉ်တဲ့သူတွေက စေတနာနဲ့ခလုတ်ကို နှိပ်ပေးမယ့်သူကို တာဝန်ပေးထားတာ။ ကျွန်တော်ကိုယ်တိုင်နှိပ်မယ်ဆိုတော့ ခက်သွားတာ။ ကျွန်တော်က သူတို့လုပ်ရင် ပြောတာနဲ့ပြတာနဲ့မကိုက်မှာ စိတ်ပူတာ။ စီစဉ်သူတွေကလည်း အကောင်းဆုံးဖြစ်အောင် အပံ့စားပြင်ဆင်ထားတာ။ ခက်တာက စက်ကချွတ်ယွင်းပြီးလုပ်လို့မရဘူး။ ကြိုးစားပြီးလုပ်ကြည့်တယ်။ ခဏတာအဆင်ပြေပြီး ခဏကြာပြန်တော့ မဖြစ်ပြန်ဘူး။ ကျွန်တော်က စိတ်ရှည်နိုင်အောင် ကြိုးစားပါတယ်။ ကျွန်တော့်အတွက် အရေးမကြီးပါဘူး။ ပရိသတ်တွေအတွက် သူတို့ခမျာ အချိန်ပေးပြီးလာခဲ့ကြတာ။ အချိန်သာမက ငွေလည်းကုန်မှာ။ ဒီတော့ သူတို့အတွက် အစစအရာရာ ချောချောမွေ့မွေ့ ဖြစ်စေချင်တာ။ အခုလိုဖြစ်တော့ စိတ်အနှောင့်အယှက် ဖြစ်ရတာပေါ့။ နောက်ဆုံး မတတ်နိုင်တဲ့အဆုံး ပြင်ဆင်တာတွေကို မသုံးတော့ဘဲ ပြောစရာရှိတာကို အလွတ်ပြောခဲ့ရတယ်။ သိပ်တော့အားမရပေမယ့် ဘယ်တတ်နိုင်မလဲ။ ရှိတဲ့အနေအထားမှာ အကောင်းဆုံးဖြစ်အောင်သာ ကြိုးစားရမှာသာ ဖြစ်ပါတယ်။ ဒီခန်းမမှာ အခုလိုဖြစ်တာ ဒုတိယအကြိမ်၊ ပထမအကြိမ်တုန်းကလည်း အခုလိုပဲ စက်ချွတ်ယွင်းခဲ့တယ်။ ဒီတုန်းကလည်း အမျိုးမျိုးကြိုးစားပြီး နောက်ဆုံးမတတ်နိုင်တာမို့ ခေတ္တအနားပေးပြီး ပရိသတ်တွေကို လက်ဖက်ရည်တိုက်ခဲ့ရတယ်။ ခေတ္တအနားပေးပြီး လုပ်ကြည့်တော့ အဆင်ပြေသွားတယ်။ အခုလို ပရိသတ်တွေ လက်ဖက်ရည်သောက်ရင်း အိုင်တီတာဝန်ခံကို မေးကြည့်တယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ ကြိုတင်ပြီး မစမ်းသပ်ဘူးလား။ ကလေးက ကျွန်တော့်ကို ပြောပါတယ်။ ဒီလိုဖြစ်ရတာ ကျွန်တော်တို့ အုန်းပွဲမတင်မိလို့လို့ ဝန်ခံရှာတယ်။ ဒီတစ်ခေါက်အခုလိုဖြစ်တော့ စင်မြင့်ပေါ်မှာ အုန်းပွဲရှိ မရှိ ကျွန်တော်ကြည့်တော့ သေချာအောင်ထင်ပါရဲ့ အုန်းပွဲနှစ်ပွဲတောင် တင်ထားတာတွေ့ရတယ်။ ကျွန်တော်က ဥက္ကဋ္ဌကိုရော စီစဉ်ပေးတဲ့ ဦးကျော်မင်းတို့၊ ကိုရဲတို့၊ ကိုအောင်တို့ကို အားနာပါတယ်။ သူတို့အနေနဲ့ စေတနာအပြည့်နဲ့ ကြိုးစားခဲ့ပေမယ့် အခုလိုအထစ်အငေါ့ ဖြစ်ရတာ။ ကျွန်တော် ဟောပြောပြီးတာနဲ့ လေယာဉ်ကွင်းကို တိုက်ရိုက်သွားခဲ့တယ်။ လေယာဉ်စောင့်ရင်း ကိုရဲနဲ့ကိုအောင်နဲ့အတူ နေ့လယ်စာကို လေယာဉ်ကွင်းမှာရှိတဲ့ စားသောက်ဆိုင်မှာစားခဲ့တယ်။ ကျွန်တော်က မန္တလေးက နေ့လယ်ပြန်ပြီး နေ့လယ်မှာ ဟောပြောပွဲတစ်ခုလုပ်ပေးဖို့ စီစဉ်ထားတာ လေယာဉ်က တစ်နာရီနီးပါး နောက်ကျတယ်။ ဒါကြောင့် ရန်ကုန်မင်္ဂလာဒုံရောက်တာနဲ့ ဟောပြောမယ့် မင်းရဲကျော်စွာလမ်းမှာရှိတဲ့ ကုန်သည်ကြီးများအသင်းရှိခန်းမကို ရောက်အောင် သွားခဲ့တယ်။ အချိန်မီရောက်လို့ တော်သေးတာပေါ့။

အခမ်းအနားက မြန်မာနိုင်ငံ အိမ်ခြံမြေအကျိုးဆောင်အသင်းကြီးရဲ့ ဒုတိယကြိမ်အထွေထွေညီလာခံဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကျွန်တော့်ကို နှစ်ဦးကတည်းက ဖိတ်ကြားခဲ့တာ။ ကျွန်တော်က အသင်းကြီးရဲ့နာယကတစ်ဦး။ အသင်းတွေက မြန်မာပြည်အနှံ့က သူတို့ရဲ့အထွေထွေညီလာခံမှာ ကျွန်တော့်အနေနဲ့ အားပေးစကားပြောဖို့ စီစဉ်ခဲ့တယ်။ သူတို့အဖွဲ့ဟာ အိမ်ခြံမြေအကျိုးဆောင်အသင်းဖြစ်တာမို့ ကျွန်တော်အသင်းအဖွဲ့နဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။ သူတို့အသင်းကြီးဟာ အမှုဆောင်အဖွဲ့ဝင်တွေ အသင်းဝင်တွေနဲ့ စနစ်တကျဖွဲ့စည်းထားတာ။ ဒီအသင်းအဖွဲ့များဟာ ကျွန်တော်တို့နိုင်ငံမှာရှိသင့်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီပြီး အများအကျိုးအတွက် တာဝန်ယူပေးတဲ့ အသင်းများဟာ အမှန်လိုအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့က အကျိုးဆောင်ဆိုတဲ့ ကိစ္စကို ကျွန်တော်က ကျယ်ကျယ်ပြန့်ပြန့်တင်ပြခဲ့ပါတယ်။ အမှန်တော့ အကျိုးဆောင်ဆိုတာ အလုပ်အကျွေးပြုတာဖြစ်တယ်။ ရင့်ရင့်သီးသီးပြောရင် ကျွန်ခံတာဖြစ်တယ်။ မိမိရဲ့ဖောက်သည်တွေအတွက် တတ်အားသရွေ့လုပ်ဆောင်ပေးရမှာ။ ဒီကိစ္စနဲ့ ပတ်သက်ရင် အရေးအကြီးဆုံးကိစ္စက အရည်အသွေးပြည့်ဝတဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝန်ဆောင်မှုနဲ့ပတ်သက်လာရင် အားနည်းတယ်။ နေရာတိုင်းလိုလိုမှာပဲ။ ဖောက်သည်ကို ဂရုစိုက်ဖို့ လိုလေသေးမရှိအောင် ကြိုးစားပေးဖို့ သူတို့မျှော်လင့်တာထက်ကျော်ပြီး ဆောင်ရွက်ပေးနိုင်ဖို့ ဒါတွေဟာ သင်ကြားလို့မရဘဲ ရင်ထဲမှာကိန်းအောင်းတဲ့ နဂိုစိတ်တွေရှိမှုဖြစ်တာ။ ဒါပေမဲ့ တစ်ဖက်ကလည်း တတ်နိုင်သမျှ ဒီအရည်အသွေးပြည့်ဝတဲ့ ဝန်ဆောင်မှုပေးနိုင်အောင် အမြဲပြောနေဖို့လိုအပ်ပါတယ်။

အိမ်ခြံမြေအကျိုးဆောင်များအတွက် အဓိကလိုအပ်ချက်က သူတို့ဆောင်ရွက်တဲ့ လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့ဖြစ်တယ်။ မိရိုးဖလာလုပ်ငန်းတစ်ခုကို သင်ယူလေ့လာပြီးမှ ဆောင်ရွက်နိုင်မယ့် လုပ်ငန်းတစ်ခုဖြစ်တာကို နားလည်သဘောပေါက်ဖို့ လိုအပ်တယ်။ တစ်နည်းအားဖြင့် ဝန်ဆောင်မှုပေးသူတွေဟာ မိမိပညာနဲ့ အလုပ်လုပ်သူတွေဖြစ်ရမယ်။ ဆိုလိုတာက Professional ဖြစ်ဖို့။ ဒါကြောင့်လည်း အသင်းကြီးကို စနစ်တကျ သင်တန်းတွေပေးပြီး အဖွဲ့ဝင်တွေကို တရားဝင် အသိအမှတ်ပြုခြင်းကို လုပ်ပေးဖို့တိုက်တွန်းခဲ့ပါတယ်။ အခုခေတ်မှာ ခေတ်မီနည်းပညာတွေသုံးပြီး အိမ်ခြံမြေအရောင်းအဝယ်ကို ဆောင်ရွက်နိုင်တဲ့အခြေအနေရှိနေပါတယ်။ ခေတ်မီနည်းပညာတွေကို အားကိုးဖို့ တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအသင်းကြီးကို တိုးတက်ကြီးပွားစေချင်တာ အမှန်ပါ။ နှစ်ရက်ထဲ ဟောပြောပွဲလေးပွဲလုပ်ခဲ့ရတာ သိပ်မလွယ်လှပါဘူး။ ကိုယ်တင် မကစိတ်ကိုလည်း အားထည့်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အင်အားတွေက ပရိသတ်တွေဆီက ရလာခဲ့တာပါ။ ပရိသတ်တွေ အားပေးမှုရှိနေသရွေ့ ကျွန်တော်က ဒီဟောပြောပွဲတွေ ဆက်လုပ်မှာပါပဲ။

# ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းဝင်များနှင့် တိုင်းဒေသကြီးအစိုးရ တွေ့ဆုံဆွေးနွေး

**မကွေး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ မကွေးမြို့နယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များနှင့် မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းသားများ တွေ့ဆုံဆွေးနွေးပွဲကို သုခိတာလမ်းနှင့် ပြည်တော်သာလမ်းထောင့်ရှိ မကွေးကုန်စည်ဒိုင်ခန်းမ၌ ဧပြီ ၂၃ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာပေါ်တွင် ကွက်ကျော်မြင်တတ်ပြီး ထိုးထွင်းဉာဏ်အရှိဆုံး နံပါတ်တစ်ပုဂ္ဂိုလ်များမှာ ကုန်သည်ကြီးများဖြစ်သည့်အတွက် မိမိအနေဖြင့် ဩဝါဒလမ်းညွှန်ချက်ပေးရန်မရှိကြောင်း၊ မိမိတို့ လုပ်ငန်းများကို အောင်မြင်အောင်ကြိုးစားကြပြီး နိုင်ငံအတွက် သတ်မှတ်ထားသောအခွန်များကို ပေးဆောင်စေလိုကြောင်း၊ လုပ်ငန်းများလည်း အောင်မြင်ကြစေရန် ဆုမွန်ကောင်းတောင်းပါ ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းတို့က မိတ်ဆက်စကားနှင့် ၎င်းတို့၏ သဘောထားအမြင်များကို ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးနှင့် ဒေါ်ခင်ချိုလတ်တို့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းမည့် အကြံဉာဏ်များကို အစိုးရအဖွဲ့ထံ တင်ပြဆွေးနွေးခဲ့ကြသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# သူငယ်တန်းသင်ရိုးသစ်အတွက် ဆင့်ပွားသင်တန်း ပြန်လည်ဖွင့်လှစ်ပို့ချမည်

**မိတ္ထီလာ ဧပြီ ၂၄**

လာမည့်ပညာသင်နှစ် ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် သူငယ်တန်း+ ၁၂ တန်း(KG+12) ပညာရေးစနစ်အတွက် သူငယ်တန်း(KG)ကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနိုင်ရန် မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမ ၅၅၆ ဦးအား ဆင့်ပွားသင်တန်း ပြန်လည်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းထံမှ သိရသည်။



"မန္တလေးတိုင်းဒေသကြီးမှာ ဖွင့်လှစ်တဲ့ သူငယ်တန်း(KG) သင်ရိုးညွှန်းတမ်းသစ် သင်ကြားရေးသင်တန်းကို မိတ္ထီလာခရိုင် ပညာရေးမှူးရုံးနဲ့ မြို့နယ်ပညာရေးမှူးရုံးက စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်သင်ယူခဲ့ပါတယ်။ အခုတစ်ခါ သူတို့က ပြန်လည်ပြီးတော့ ဆင့်ပွားပို့ချတဲ့အနေနဲ့ မိတ္ထီလာမြို့နယ်အတွင်းက အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမ ၅၅၆ ဦးကို ပို့ချသင်ကြားပေးမှာပါ။ သင်တန်းကာလက ဧပြီ ၂၅ ရက်ကနေ မေ ၁၀ ရက်အထိ ဖြစ်ပြီး အထက(၂)မှာ ဖွင့်လှစ်သင်ကြား ပို့ချမှာဖြစ်ပါတယ်။ သူငယ်တန်း(KG) တက်ရောက်နိုင်မယ့် ကလေးငယ်က အသက်ငါးနှစ်အရွယ်ဖြစ်ပြီး သူတို့ကို ကဗျာ၊ သီချင်း စတာတွေနဲ့ ပညာပေး လေ့ကျင့်သင်ကြားပေးရမှာပါ။ စာသင်ကြားပေးမှာ မဟုတ်ပါ ဘူး။ ပုံပြင်တွေ၊ တေးကဗျာတွေ အပါအဝင် လေ့ကျင့်ခန်းများကို ပုံစက္ကူကတ်ပြားများ၊ လက်ထိုးရုပ်များ ပါဝင်တဲ့သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်း (KG Kit) များနဲ့ ကလေးဗဟိုပြု သင်ကြားပေးသွားနိုင်ဖို့အတွက် အခုသင်တန်းတက်မယ့် ဆရာ ဆရာမတွေကို ဆင့်ပွားပြန်လည် ပို့ချပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူးဦးအောင်မောင်းက ဆက်ပြောသည်။

သူငယ်တန်း(KG) သင်ရိုးညွှန်းတမ်းသစ်ကို သင်ကြားရာတွင် ကလေးငယ်များ မိမိကိုယ်ကို မိမိယုံကြည်အားကိုးတတ်ရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်စေရန်၊ စာရေးဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူလိုစိတ်ရှိလာစေရန် ၊ မိမိပတ်ဝန်းကျင်အကျိုးဆောင်ရွက်လိုစိတ်ရှိလာစေရန် ရည်မှန်းချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဗန်းမောက်မြို့ မြို့နယ်ခန်းမသစ်တည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီး

**ဗန်းမောက် ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့၌ မြို့နယ်ခန်းမဆောင်သစ်ကို ဗန်းမောက်မြို့နယ် ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် အောင်ဖြိုးယံကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ မကြာမီတည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



ဗန်းမောက်မြို့တွင် ယခင်ကရှိသော မြို့တော်ခန်းမမှာ ဟောင်းနွမ်းပြီး ကြံ့ခိုင်မှုအားနည်းလာသဖြင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ရွှေတူးဖော်ရေးကုမ္ပဏီလုပ်ငန်းရှင်များမှ ထောက်ပံ့လှူဒါန်းငွေကျပ် ၉၆၅ သိန်းဖြင့် မြို့နယ်ခန်းမဆောင်သစ်ကို ၂၀၁၅ ခုနှစ် မေ ၁၅ ရက်မှစတင်ကာ အောင်ဖြိုးယံ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၀၀၀ ကျော်ခန့်ရှိမည်ဖြစ်ပြီး ယခုအခါ အဆောက်အအုံမှာ ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးလျက်ရှိကြောင်း၊ မကြာမီ လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း ဗန်းမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်ခန်းမ အဆောက်အအုံသစ်မှာ အလျား ၁၃၅ ပေ၊ အနံ ပေ ၆၀၊ အမြင့် ၁၈ ပေ ရှိ အာရ်စီနံကပ်ဖြစ်ပြီး ခန်းမကြီးတည်ဆောက်ပြီးစီးသွားပါက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျောင်းသားစုံညီပွဲတော်များ၊ အလှူမင်္ဂလာပွဲများ၊ စာပေဟောပြောပွဲများ၊ လူထုအစည်းအဝေးပွဲများ စသည့် အခမ်းအနားများကို ကျင်းပနိုင်မည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဘွား(ဗန်းမောက်)**

## သူ့အတွေး သူ့အမြင်

# အမြင်မှန်သို့ မျှော်ကြည့်ခြင်း

အရိယာနွယ်ဝင်သူတော်စင်များသည် ဆံတစ်ပင်ဖြူရုံမျှဖြင့် သံဝေဂတရားရ၍ တောထွက်တရားကျင့်ခဲ့ကြသည်။ မိမိမှာမူ အသက် ၇၅ နှစ်နားနီးချိန် ဆံပင်တွေ တစ်ခေါင်းလုံးနီးပါး ဖြူနေသည့်တိုင် မည်သို့မျှ တရားမရနိုင်ဘဲ ဆံပင်ဆိုးဆေးများကို ဆိုး၍သာ အိုမင်းခြင်းကို ဆန့်ကျင်အံတုနေခဲ့ပါသည်။ ဆံပင်ဖြူခြင်းကို မိမိ၏ အိုမင်းလာခြင်းအဖြစ် လက်ခံသံဝေဂယူရန် အားမထုတ်မိသည်ကိုလည်း ရှက်နေမိပါသည်။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတာ သဘာဝတရား၊ မြတ်စွာဘုရားတောင်မှ ရှောင်လွှဲလို့ မရမှန်းသိသိကြီးနဲ့ မိမိကိုယ်ကို နုပျိုနေချင်သည်မှာ တရားသဘောကို နားမလည်ရာ ဖြစ်နေပါပကောလား။ သံဝေဂယူရမည့်အစား အဝိဇ္ဇာတဏှာတရားကို အားပေးပြီးပြုပြင်နေခြင်းကို ရှက်ရမှန်းမသိလေသူဖြစ်နေပါပကောလား။

နေဝင်ခါနီးဘဝဆည်းဆာမှာ ဇရာမှ ဗျာဓိ မရဏသို့ ရွေ့ရှူနေပြီ။ ရှောင်လွှဲ၍မရ။ 'ငါသည်မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးမီဉာဏ်ဦးဖို့' မိုးကုတ်ဆရာတော်ကြီး မိန့်ကြားခဲ့သည်ကို သညာသိနဲ့ သိနေခဲ့တာကြာပါပြီ။ တကယ့် ပညာသိမဟုတ်မှန်းလည်း သိနေခဲ့ပါသည်။

တစ်ရက်က ညနေခင်းတွင် စာရေးသူ ဆံပင်ဖြူကို ဆေးဆိုးနေစဉ် ဇနီးသည်က "တရားနာနေ၊ တရားအားထုတ်နေတယ်ဆိုပြီး ဘာတရားမှ မရသေးပါလား။ ဆံပင်ဖြူတာကိုဆေးဆိုးတာ မပြောလိုပေမယ့် မျက်ခုံးမွေးဆိုးတာကအန္တရာယ်များတယ်။ တော်တော်နုချင် လှချင်နေတာလား"ဟု မထိတထိပြောခဲ့သည်။ သူက သာမန် မကျေမနပ် ပြောခဲ့ခြင်းဖြစ်သော်လည်း မိမိနှလုံးသားကို ချိန်ကိုက်ဗုံးတစ်လုံး အနီးကပ်ဖောက်ခွဲလိုက်သလို ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ ဘာပြန်ပြောရမှန်း ရုတ်တရက်မသိတော့ဘဲ တွေဝေသွားခဲ့သည်။

သတိထား၍ ပြန်ဆင်ခြင်သုံးသပ်မိမှ "ဩော် သူပြောတာ အမှန်တရားပါလား။ ငါစိတ်ဆိုးစရာမဟုတ်။ ငါ့ကိုသတိပေးတဲ့ ကျေးဇူးရှင်ပါလား"ဆိုတာသဘောပေါက်ပြီး သံဝေဂယူမိခဲ့ပါသည်။

မိမိသည် ပင်စင်မယူမီ ၁၀ နှစ်လောက်မှစ၍ မိရိုးဖလာ ဗုဒ္ဓဘာသာမှ ပညာဗုဒ္ဓဘာသာသို့ အဆင့်ဆင့်ဗုဒ္ဓစာပေများ လေ့လာဖတ်ရှုခဲ့သလို ရတနာသုံးပါးအပေါ် မမိုတ်မသုန် ယုံကြည်စွဲမြဲစွာ သရဏဂုံတည်၍ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းခဲ့ပါသည်။ ပရိတ်ကြီး (၁၁)သုတ်လုံးကို ညစဉ်ရွတ်ပွားခြင်း၊ ဂုဏ်တော်ပုတီးစိတ်ခြင်းနှင့် တစ်နှစ်တစ်ကြိမ် နှစ်ကြိမ် တရားစခန်းဝင်ခြင်း၊ တရားနာခြင်း၊ တရားအားထုတ်ခြင်းများ ပြုလုပ်ခဲ့သူဖြစ်ပါသည်။

သို့သော်လည်း တရားကို သေသေချာချာ လေ့လာဆည်းပူးအားထုတ်လာရင်းမှ ဘဝအဆက်ဆက် ဖြည့်ဆည်းမှုပါရမီ နည်းခဲ့သူများအဖို့ တရားရဖို့မလွယ်ကူမှန်း သဘောပေါက်လာခဲ့ပါသည်။

မည်သို့ဆိုစေ ပန်းတိုင်တစ်ခုဆီသို့ရောက်ရန် ခြေလှမ်းပေါင်း ကုဋေချီနေပါစေ၊ ခြေတစ်လှမ်းမှ မလှမ်းသေးသူသည် လုံးဝရောက်နိုင်စရာမရှိ၊ ခြေတစ်လှမ်းမှသည် ကုဋေချီလှမ်းကြမည်ဆိုလျှင် တစ်နေ့နေ့ အနာဂတ်ဘဝတွေမှာ မျှော်လင့်နိုင်သေးသည် မဟုတ်ပါလား။

မိမိသည် နေဝင်ဆည်းဆာချိန်တစ်ခုလုံး စွမ်းနိုင်သမျှ သတိပညာတွဲ၍ တရားဓမ္မများကို ယုံကြည်ချက်အပြည့်ဖြင့် အားထုတ်နေခဲ့သည်အမှန်။ သို့သော်လည်း ပါရမီဆိုတဲ့ ဖြည့်ဆည်းမှုအားတွေ မပြည့်ဝသေးလေတော့ ရင့်ကျက်မှုအားနည်းနေသေးတယ်ဆိုတာ သုံးသပ်လို့ရနေပါပြီ။

တရားအားထုတ်တယ်ဆိုတာ မိမိအကြောင်း မိမိသိရန် အားထုတ်နေခြင်းဖြစ်သည်ကို သဘောပေါက်လာမိသည်။ မိမိ၏ အားနည်းချက်၊ အားသာချက်မိမိသာအသိဆုံးမဟုတ်ပါလား။

ရာဟုလာထုံးကို နှလုံးမူပြီး အပြစ်ပြဆုံးမသူ ဝေဖန်သူများကို ကျေးဇူးတင်ရမည်ဖြစ်ကာ၊ သတိပြုလာစေရန် တိုက်တွန်းနေသူများပါလားဟု အကောင်းမြင်စိတ်၊ ယောနိသော မနသိကာရ နှလုံးသွင်းမှန်အောင်ကြိုးစားပြီး ပြုပြင်ရမှာပါလားဆိုတာ သဘောပေါက်လာခဲ့ရပါသည်။

မိမိအသက်ကို ပြန်လည်ဆန်းစစ်ကြည့်တော့ ၇၅ နှစ်ပင် ပြည့်ဖို့နီးလာပြီ။ မြတ်စွာဘုရားပင်လျှင် အသက် ၈၀ တွင် ပရိနိဗ္ဗာန်စံဝင်ရသေးတာ၊ မိမိလည်း အသက် ၈၀ နေရဦးတော့ ငါးနှစ်ပိုပိုသာပဲ လူ့ဘဝနေရဖို့ ကျန်တော့တယ်။ တန်ဖိုးရှိတဲ့အချိန်တွေကို တန်ဖိုးရှိရှိအသုံးချပါမှ ဖြစ်ပေတော့မည်။ ကာမဂုဏ်အာရုံများအပေါ် တပ်မက်တွယ်တာနေလို့တော့ဖြင့် မဖြစ်သင့်တော့။

သဘာဝနိယာမအရ အိုလာနေတာကို ဖုံးဖိနေရုံမျှနှင့် ပျိုလာတော့မှာမဟုတ်။ သဘာဝတရားကို လက်ခံရမယ့် အရွယ်ရောက်နေတာကို သတိမူပြီး ဒိဋ္ဌမျိုး ပြန်ရမယ့်အဖြစ်မှ လွတ်ကင်းအောင် တရားဓမ္မကြိုးစားအားထုတ်ဖို့ အချိန်တွေအသုံးချမှ ဖြစ်တော့မည်။

သဘာဝကို သဘာဝအတိုင်းသိ၍ လက်ခံနိုင်အောင် စိတ်ကိုပြုပြင်ပြီး ဟန်ဆောင်ဖုံးကွယ်ဖို့ အချိန်မဖြုန်းသင့်တော့။ နေစဉ်နဲ့ နေ့စဉ် သတိယှဉ်လို့ သမ္မဇဉ်ဖြင့် ဣရိယာပုဒ်လေးပါးလုံး သတိကပ်နှလုံးသွင်းပြီး စိတ်ကိုဖြူစင်အောင် ထားရပေတော့မည်။

သတိအားလည်းနည်း၊ အသိအားလည်းနည်းခဲ့လို့ အတုကိုအစစ်ထင်နေခဲ့တဲ့စိတ်တွေ ပြုပြင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ သတိမမူစဉ်က ဂူမမြင်ခဲ့ပေမယ့် သတိမူလာပြီဖြစ်လို့ မြူပင်လျှင် မြင်နိုင်အောင်ကြိုးစားနေပြီ ဖြစ်တာမို့

"သတ္တဝါ ထိုထို
တစ်ကြိမ်အိုက
နောက်ကိုတလည်
ပျိုသည်မရှိ

သေသည့်ထိတည်း"ဟူသော (မာဃဒေဝလင်္ကာ) အဆုံးအမကို ခံယူရင်း ပြိုဆင်းနေတဲ့အကျလမ်းမှာ ပျိုခြင်းကို လည်ပြန်မကြည့်ဘဲ၊ အိုခြင်းကို လက်ခံကာ သတိပညာ၊ နှစ်ဖြာတွဲလို့ အားခဲပြုပြင်ရအုံးမှာပါလားဟု စိတ်ကိုဖြေသိမ့်လိုက်ရပါတော့သည်။ ॥

**ကျော်မြင့်မြတ်(ပျဉ်းမနား)**



## နယူးကာဆယ်ကို လီဗာပူးလိုအောင်မြင်အောင် ကြိုးစားမယ်ဆိုတဲ့ ဘင်နီတက်ဇ်

နယူးကာဆယ်အသင်းအနေနဲ့ လက်ရှိတန်းဆင်းလွတ်မြောက်ရေး ကြိုးပမ်းနေရပေမယ့် လီဗာပူးလို အောင်မြင်တဲ့အသင်းဖြစ်ဖို့ ကြိုးစားသွားမှာဖြစ်တယ်လို့ နည်းပြ ဘင်နီတက်ဇ်က ဆိုပါတယ်။ စပိန်နိုင်ငံသား နည်းပြ ဘင်နီတက်ဇ်ဟာ နယူးကာဆယ်အသင်းကို တန်းဆင်းလွတ်မြောက်ရေး ကြိုးစားနေသူပါ။ သူ့အနေနဲ့ နယူးကာဆယ်ကို အောင်မြင်တဲ့အသင်းတစ်သင်းအဖြစ် ပြန်လည်ရပ်တည်လာနိုင်ဖို့ ကြိုးစားနေပါတယ်။ ဘင်နီတက်ဇ်အနေနဲ့ နယူးကာဆယ်မှာ အေးစက်တဲ့နည်းပြအဖြစ် လုပ်နေတာမဟုတ်ဘူးလို့ ဆိုပါတယ်။ သူ့အနေနဲ့ လီဗာပူးမှာ အောင်မြင်ခဲ့တဲ့ နည်းပြပုံစံမျိုးဖြစ်အောင် ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးမှာ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်ခဲ့တဲ့ နည်းပြကောင်းတစ်ဦးဖြစ်ပါတယ်။ သူဟာ ရီးရဲမက်ဒရစ်နည်းပြအဖြစ်မှ အလုပ်ဖြုတ်ခံရပြီးနောက် နယူးကာဆယ်နည်းပြဖြစ်လာခဲ့တာပါ။

## အက်ဖ်အေဖလားထက် ထိပ်ဆုံးလေးနေရာက အရေးကြီးကြောင်း ဗန်ဟားလ်ဆို

မန်ယူအနေနဲ့ အက်ဖ်အေဖလားဆွတ်ခူးအောင်မြင်ခြင်းထက် ပရီမီယာလိဂ်မှာ ထိပ်ဆုံးနံပါတ်လေးနေရာရရှိရေးဟာ ပိုပြီးအရေးကြီးတယ်လို့ နည်းပြ ဗန်ဟားလ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ အက်ဖ်အေဖလားထက် လာမယ့်ရာသီချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးဟာ ပိုပြီးအရေးကြီးပါတယ်လို့ ဗန်ဟားလ်က ဆိုပါတယ်။ ဖာဂူဆန်ထွက်သွားပြီးနောက် နည်းပြရာထူးနေရာဆက်ခံခဲ့တဲ့ ဒေးဗစ်မိုယက်စ်လက်ထက်မှာ မန်ယူအသင်းအနေနဲ့ နံပါတ်လေးနေရာကို ရရှိခဲ့ပါတယ်။ သို့ပေမယ့် လက်ရှိနည်းပြဗန်ဟားလ်လက်ထက်မှာတော့ မန်ယူအသင်းနံပါတ်လေးနေရာရဖို့ မသေချာသေးဘဲဖြစ်နေပါတယ်။ လက်ကျန်လေးပွဲမှာ စောင့်ကြည့်ရမှာပါ။ မန်ယူ၊ ဝက်စ်ဟမ်းနဲ့ အာဆင်နယ်တို့ဟာ နံပါတ်လေးနေရာကို လုဖို့အားပြိုင်နေဆဲဖြစ်ပါတယ်။




# ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွေစပြီ

*ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၂၆ရက်နဲ့ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားတော့မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်စီးတီးနဲ့ ရီးရဲမက်ဒရစ်တို့ ဘယ်အသင်းအနိုင်ရမလဲဆိုတာ ပြတ်ပြတ်သားသားအဖြေထုတ်ဖို့ခက်ခဲနေသလို အက်သလက်တီကိုနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲစဉ်ကလည်း ဘယ်အသင်း အသာစီးရသွားမလဲဆိုတာကလည်း ရင်ခုန်လှိုက်မောဖွယ်ရာ ကောင်းနေပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကြားရက်မှာတော့ ချန်ပီယံလိဂ်ပွဲကောင်းတွေကို ရသမြောက်စွာ ခံစားအားပေးရဦးမှာဖြစ်ပါတယ်။*




### မန်စီးတီးနှင့် ရီးရဲမက်ဒရစ်

နှစ်သင်းစလုံး ကစားအားကွာဟမှု ကြီးကြီးမားမားမရှိတဲ့အသင်းတွေဖြစ်လို့ ပွဲကောင်းအဖြစ်မြင်တွေ့ရပါလိမ့်မယ်။ မန်စီးတီးရဲ့ ဒီနှစ်ချန်ပီယံလိဂ်ခရီးကိုကြည့်ရင် အုပ်စုပွဲစဉ်တွေမှာ ဂျူဗင်တပ်စ်ကို နှစ်ကျော့စလုံးရှုံးခဲ့ပြီး ဂလာဘတ်ကိုတော့ နှစ်ကျော့စလုံး နိုင်ပွဲရခဲ့ပါတယ်။ ဒ့ါအပြင် ဆီဗီလာကိုလည်း နှစ်ကျော့စလုံးနိုင်ခဲ့တာမို့ မန်စီးတီးတို့ ၁၆ သင်းအဆင့် တက်ရောက်ခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ ဒိုင်နမိုကိဗ်အသင်းကို အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အိမ်ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးနဲ့ မန်စီးတီးတို့ ကွာတားဖိုင်နယ် တက်လာပါတယ်။ ကွာတားဖိုင်နယ်မှာ ပီအက်စ်ဂျီအသင်းကို အဝေးကွင်းမှာ နှစ်ဂိုးစီသရေ၊ အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ခဲ့တာမို့ အခုလို အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ ဂိုးပေါင်း ၁၈ ဂိုးသွင်းယူခဲ့ပြီး ပေးဂိုး ၁၁ ဂိုးရှိခဲ့ပါတယ်။ လက်ရှိနောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင်လည်း ရှုံးပွဲမရှိတာမို့ မန်စီးတီးဟာ ပုံမှန်ခြေစွမ်းရရှိနေပြီး ကစားသမားကောင်းတွေ ဒဏ်ရာရမှုလည်း မရှိထားပါဘူး။ ရီးရဲမက်ဒရစ်တို့ကတော့ ဒီနှစ်ချန်ပီယံလိဂ် ဖြတ်သန်းမှုကိုကြည့်ရင် အုပ်စုပွဲစဉ်တွေမှာ ရှက်တာဒိုနက်ကို နှစ်ကျော့စလုံးအနိုင်ရခဲ့ပြီး မယ်လ်မိုအသင်းကိုလည်း နှစ်ကျော့စလုံးနိုင်ခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းကိုတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အုပ်စုအဆင့်မှာ ရှုံးပွဲမရှိဘဲ ၁၆ သင်းအဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာ ရိုးမားအသင်းကို နှစ်ကျော့စလုံး ဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့ကာ ကွာတားဖိုင်နယ်ကိုတက်ရောက်လာခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာ ဝုဖ်ဘတ်အသင်းကို တစ်ပွဲရှုံး၊ တစ်ပွဲနိုင်နဲ့ ဂိုးကွာခြားမှုအရ အခုလို အကြိုဗိုလ်လုပွဲတက်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်မှာ ရီးရဲမက်ဒရစ်တို့က ဂိုးပေါင်း ၂၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပေးဂိုး ငါးဂိုးသာရှိခဲ့ပါတယ်။ အခုတလော နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း ရှုံးပွဲ၊ သရေပွဲမရှိဘဲ နိုင်ပွဲတွေချည်းရယူထားနိုင်တာမို့ အခုအကြိုဗိုလ်လုပွဲမှာ အဝေးကွင်းဆိုပေမယ့် မန်စီးတီးကို နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒိုဒဏ်ရာရရှိနေတာကြောင့် ပါဝင်နိုင်ဖို့ မသေချာနေတာဟာ မန်စီးတီးအတွက်ကတော့ အခွင့်အရေးတစ်ရပ်ဖြစ်သွားနိုင်ပါတယ်။ ဒီပွဲမှာ ချန်ပီယံလိဂ် အတွေ့အကြုံရင့်ကျက်တဲ့ ရီးရဲမက်ဒရစ်တို့ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။ မန်စီးတီးနဲ့ နောက်ဆုံး သုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ အခုပွဲမှာလည်း ရီးရဲမက်ဒရစ်တို့ အစဉ်အလာကောင်းကို ထိန်းသိမ်းဖို့ကြိုးစားပါလိမ့်မယ်။

### အက်သလက်တီကိုနှင့် ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်က တိုက်စစ်အားသန်တဲ့ အသင်းဖြစ်သလို အက်သလက်တီကိုတို့ကလည်း ခံစစ်ပိုင်းကောင်းမွန်တဲ့ စုဖွဲ့မှုရှိထားပါတယ်။ အသင်းလိုက်ကစားအားတူညီနေပြီး နိုင်ပွဲရလိုမှုနဲ့ အားထုတ်မှုအပိုင်းတွေမှာလည်း ကွာဟမှုမရှိကြတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာပါလိမ့်မယ်။ ဒီနှစ်ချန်ပီယံလိဂ်ခရီးဖြတ်သန်းမှုကိုကြည့်ရင် အက်သလက်တီကိုတို့က ဘင်ဖီကာကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ အက်စ်တာနာကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ဂါလာတာစာရေးကို နှစ်ကျော့စလုံး အနိုင်ရခဲ့ပြီး ၁၆ သင်းအဆင့်တက်ရောက်ခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာတော့ ပီအက်စ်ဗွီအသင်းကို နှစ်ကျော့စလုံး သရေကစားခဲ့ပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ဘာစီလိုနာကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ ဂိုးကွာခြားချက်အရ အခုလို အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ အက်သလက်တီကိုရဲ့ လောလောဆယ်နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ရှုံးပွဲမရှိခဲ့တာမို့ ဘိုင်ယန်မြူးနစ်တို့ ပွဲမချောင်ပါဘူး။ ဘိုင်ယန်မြူးနစ်တို့ကတော့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ အိုလံပီယာကို့စ်၊ ဒိုင်နမိုဇာဂရက်တို့ကို နှစ်ကျော့စလုံးနိုင်ခဲ့ပြီး အာဆင်နယ်ကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ၁၆ သင်းအဆင့် တက်ရောက်ခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ ဂျူဗင်တပ်စ်ကို နှစ်ကျော့စလုံး သရေပွဲဖြစ်ခဲ့ပေမယ့် ဂိုးအရေအတွက်အရ ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီး ကွာတားဖိုင်နယ်မှာ ဘင်ဖီကာကို တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အခုလို အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေသလို တိုက်စစ်အားကလည်း ထက်မြက်နေတာမို့ ရလဒ်ပြတ်သားဖို့တော့ မလွယ်ပါဘူး။ သရေရလဒ်ထွက်ပေါ်နိုင်တဲ့ပွဲပါပဲ။ ။

**မိုးမြင့်လင်းလက်**

## ဆွမ်ဆီးနည်းပြအဖြစ် ပြန်လာမယ့် ဘရီဒန်းရော်ဂျာ

ဘရီဒန်းရော်ဂျာဟာ ဆွမ်ဆီးနည်းပြအဖြစ် ပြန်လာဖို့ နီးစပ်နေပါတယ်။ လီဗာပူးက အလုပ်ဖြုတ်လိုက်ပြီးနောက် အလုပ်လက်မဲ့ဖြစ်နေရာမှ ဆွမ်ဆီးနည်းပြအဖြစ် ပြန်လာဖို့ရှိနေပါတယ်။ ဇန်နဝါရီလက ဆွမ်ဆီးကို ကိုင်တွယ်ခဲ့တဲ့ ဖရန်ဆက်ကို ဂိုက်ဒိုလင်အနေနဲ့ ရာသီအကုန်မှာ ဆွမ်ဆီးကနေ ထွက်ခွာဖွယ်ရှိနေပါတယ်။

ရော်ဂျာဟာ လီဗာပူးမှာ သုံးနှစ်ကြာကိုင်တွယ်ခဲ့ပြီး အောင်မြင်တဲ့နည်းပြတစ်ဦးဖြစ်ခဲ့တာပါ။ ဆွမ်ဆီးအသင်းအနေနဲ့ ဒီဇင်ဘာလက ဂါရီမောင့်ကို ဖြုတ်ချပြီး အောင်မြင်တဲ့အသင်းဖြစ်ဖို့ ကြိုးစားခဲ့တာပါ။ သို့ပေမယ့် ထင်သလောက်မအောင်မြင်ခဲ့ပါဘူး။ အသက် ၄၃ နှစ်အရွယ်ရှိတဲ့ ရော်ဂျာအနေနဲ့ ဥရောပအသင်းတစ်သင်းမှာ ထိပ်တန်းအသင်းတစ်သင်းရဲ့ နည်းပြဖြစ်လာဖို့ ကြိုးစားနေတာပါ။ လက်ရှိအချိန်မှာတော့ ဆွမ်ဆီးနည်းပြဖြစ်လာဖို့တော့ နီးစပ်နေပါတယ်။ ဘရီဒန်းရော်ဂျာဟာ ရာသီအစမှာ ရလဒ်တွေမကောင်းခဲ့တဲ့အတွက် လီဗာပူးမှ အလုပ်ဖြုတ်ခြင်းကို ခံခဲ့ရသူပါ။

**ကောင်းမြတ်သူ - စုစည်းသည်။**

# လေပြင်းကြောင့် ဓာတ်အားလိုင်းကြိုးပြတ်ကျပြီးနောက် အမြန်ဆုံးလျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ခင်ဦး ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဧပြီ ၂၂ ရက် ညနေ ၂ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသီးများပါရွာသွန်းခဲ့သဖြင့် ရွှေဘို-မြစ်ကြီးနား ကားလမ်းတစ်လျှောက်တွင် သွယ်တန်းထားသော ငှက်ပျောတိုင်း-ရွှေဘို ၃၃ ကေဗွီဓာတ်အားလိုင်းမှ ဓာတ်ကြိုးတစ်ချောင်းပြတ်ကျခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့ရာ အမြန်ဆုံး မီးပြန်လင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခိုက်ခဲ့သဖြင့် ကန့်ဘလူမြို့နယ် ရေကြည်ဦး ကျေးရွာအနီးမှ ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာ လမ်းခွဲအနီးထိ ဓာတ်တိုင် ၆၆ ခန်းရှိ မိုင်အားဖြင့် ၆ မိုင်ကျော် ဓာတ်ကြိုးတစ်ချောင်း မြေပြင်သို့ ပြုတ်ကျနေပြီး ကျန်ဓာတ်ကြိုး နှစ်ချောင်းမှာ သံလက်တန်းပေါ်တွင် ကျန်ရှိကြောင်း၊ ယခုအချိန်တွင် အမြန်ဆုံး မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နှစ်ရက်ခန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးက ပြောသည်။



ငှက်ပျောတိုင်း-ရွှေဘို ဓာတ်အားလိုင်းမှ ပြုတ်ကျနေသော ဓာတ်ကြိုး

အဆိုပါလျှပ်စစ်ဓာတ်ကြိုးပြုတ်ကျသဖြင့် ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ဒီပဲယင်းမြို့နယ်များအတွင်းနှင့် ကန့်ဘလူမြို့နယ်အတွင်းရှိ ဇီးကုန်းကျေးရွာတို့တွင် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။ ဓာတ်ကြိုးပြုတ်ကျပြီး ဓာတ်အားပြတ်တောက်မှုဖြစ်ပွားရာသို့ ရွှေဘိုခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဝင်းနှင့် လျှပ်စစ်ဝန်ထမ်းများ၊ ခင်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဝန်ထမ်းများက ချက်ချင်းသွားရောက်ကာ အမြန်ဆုံးမီးလင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

**ခင်ဦးစိုးဝေ**

## သတင်းတိုများ

### အသည်းရောင်ဘီပိုးကာကွယ်ဆေးအခမဲ့ထိုးပေး

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဗိုလ်ချုပ်လမ်းရှိ ကွမ်အင်မင်္ဂလာခန်းမ၌ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက်နှင့် အသည်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို ဧပြီ ၂၃ ရက်က အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဦးဆောင်၍ စေတနာ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြပြီး ပြည်သူ ၆၀၀ ကို ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ မဒေါက်မြို့နှင့် ပိန်းဇလုပ်မြို့များတွင်လည်း လူဦးရေ ၂၀၀ စီကို ဘီပိုးကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ရာ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် လူဦးရေ ၁၀၀၀ ကို ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ ညောင်လေးပင်မြို့နယ်အတွင်း အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းသည် ပထမအကြိမ် ထိုးပေးခြင်းဖြစ်ကာ သုံးကြိမ်အထိ ဆက်လက်ထိုးပေးသွားမည်ဖြစ်သည်။ **နေလင်း(ညောင်လေးပင်)**

### ရွှေဆံတော်ဗုဒ္ဓပူဇနိယပွဲတော်စည်ကားစွာကျင်းပ

ဓာတုဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော တွံတေးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်မြတ်ကြီး၏ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဘုရားပွဲကို ယခင်နှစ်များနှင့်မတူဘဲ ဧပြီ ၂၀ ရက်မှ မေ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဘုရားပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ဧပြီ ၂၀ ရက်မှ ၂၂ ရက်ထိ ဗိုလ်ညီကို၊ ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ မင်းမြတ်စွမ်း၊ ဧပြီ ၂၉ ရက်မှ မေ ၂ ရက်အထိ ဟန်ဇာမိုးဝင်ဇာတ်များဖြင့် ကပြဖျော်ဖြေပေးသွားမည့်အပြင် ကလေးကစားကွင်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ထို့အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသော ပြည်သူများအား တန်ခူးလပြည့်နေ့က ထမင်းနှင့် အအေးများဖြင့် ညှော်ခံကျွေးမွေးခဲ့ကြောင်းလည်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ရေအခက်တွေ့နေသည့် ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ကော့သောင်း ဧပြီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် ရပ်ကွက်ကျေးရွာများ ပြည်သူများအတွက် သောက်သုံးရေများကို ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ဧပြီ ၂၀ ရက်က လိုက်လံ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝန်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် ပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ ပင်လယ်ဝန်းရံလျက်ရှိသည့် ကော့သောင်းမြို့သည်လည်း အပါအဝင်ဖြစ်သည်။ ရေများဖြန့်ဝေပေးရာတွင် သောက်သုံးရေပြတ်လပ်နေသော ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်အတွင်းရှိ အကွက်(၇) ကံပွင့်လမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်အောင်ကျော်လမ်းများမှ ရပ်ကွက်နေပြည်သူများအတွက် ရေဂါလန် ၈၂၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



# ကျေးရွာပတ်လမ်းသန့်ရှင်းရေး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်

**ကျွန်းလှ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပတ်လမ်းကို ဒေသခံပြည်သူများက ဧပြီ ၂၂ ရက်က ကိုယ့်အားကိုယ်ကိုး သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ မြို့အဝင် ရထားသံလမ်းအနောက်ဘက် သစ်ရာမြိုင်ရပ်ကွက်ဈေးအနီးနှင့် သဖန်းဆိပ်ဆည်သွားသံလမ်းကျော်အနီးတွင်ရှိပြီး ကျေးရွာပတ်လမ်းဖြစ်သော်လည်း အသုံးမပြုကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ လမ်းကို ကိုယ့်အားကိုယ်ကိုး လမ်းညှိခြင်း၊ ချုံနွယ်များနှင့် အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းဖြင့် လမ်းရှင်းလင်းကာ ပြည်သူများ သွားလာရေးလွယ်ကူစေမည်ဖြစ်သကဲ့သို့ ရထားသံလမ်းကူးရာတွင် အန္တရာယ်ကင်းစွာ ကူးနိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုး နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**မလှိုင် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးခြင်းကို မလှိုင်မြို့ မော်တော်ယာဉ်လိုင်းပေါင်းစုရုံး၌ မိတ္ထီလာခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဧပြီ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး လိုင်စင်သက်တမ်းတိုးများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများပူးပေါင်း၍ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ဆိုင်ကယ် ၂၈ စီး၊ ကားခြောက်စီးနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး နှစ်စောင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီလို ကျွန်တော်တို့ လာရောက်လုပ်ကိုင်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ နောက်လတွေဆိုရင် မိတ္ထီလာခရိုင်အတွင်းမှာပါတဲ့ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်တွေကို အခုလိုကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု မိတ္ထီလာခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးစန်းငွေက ပြောသည်။

ယခင်က လိုင်စင်သက်တမ်းတိုးရာတွင် မလှိုင်မြို့နယ်မှ မိတ္ထီလာမြို့အထိ သွားရောက်လုပ်ကြရသဖြင့် စရိတ်စကကုန်သလို အချိန်ကုန်ပြီး လူလည်း ပင်ပန်းကြောင်း၊ ယခုကဲ့သို့ မြို့နယ်အထိ သက်ဆိုင်ရာဌာနများက ကွင်းဆင်းကာ နေ့ချင်းပြီးလာရောက်လုပ်ကိုင်ပေးသဖြင့် များစွာအဆင်ပြေပြီး ကျေးဇူးတင်ကြောင်း လိုင်စင်သက်တမ်းတိုး လာရောက်ပြုလုပ်သူတစ်ဦးက ပြောသည်။ **ကျော်ကျော်(မလှိုင်)**

# မိုးကိုမမျှော်တော့ဘဲ မြေအောက်ရေဖြင့် မိုးဦးနှမ်းများစိုက်ရန် တောင်သူများ ပြင်ဆင်

**သာစည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများမှာ မိုးဦးနှမ်းစိုက်ရန်အတွက် နွေထယ်ရေးများ ကြိုတင်ပြင်ဆင်ထားသော်လည်း ယနေ့အထိ မိုးရွာသွန်းမှုမရှိသေးသည့်အတွက် မိုးဦးနှမ်းစိုက်ပျိုးရန် ရေအခက်အခဲနှင့် ကြုံတွေ့နေကြရပြီး တောင်သူအချို့မှာ လယ်ယာမြေအတွင်းရှိ နိုင်ငံတော်မှတူးဖော်ပေးထားသော မြေအောက်စက်ရေတွင်းများမှရေဖြင့် မိုးဦးနှမ်းများကို အရစိုက်ပျိုးရန် စီစဉ်နေကြသည်။

"ဒီနှစ် ကျွန်တော်တို့မြို့နယ်မှာ အခုအထိ မိုးဦးမကျသေးဘူး။ သင်္ကြန်မိုးပြေးတောင် မရွာပါဘူး။ ကျွန်တော်တို့တောင်သူဆိုတာ သီးနှံတစ်ခုတော့ရမှဖြစ်မှာ။ မနှစ်ကလည်း မိုးစပါးမစိုက်ရဘူး။ ဒီနှစ်နွေကျတော့လည်း နွေစပါးမစိုက်ရပြန်ဘူး။ ကျွန်တော်တို့မြို့နယ်က ညောင်ရမ်းမင်းလှကန်ကြီးထဲမှာ ရေကလုံးဝမရှိတော့ တောင်သူတွေ စိုက်ပျိုးရေးမှာ အခက်အခဲ ကြုံတွေ့ကြရတော့မှာပါ"ဟု မကျီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **မောင်ကို(သာစည်)**

# သကြၤန်အလွန်ကာလတွင် သားငါးဈေးများ မြင့်တက်နေ

**ရေး မေ ၂၄**
မွန်ပြည်နယ် ရေးမြို့ မြသီတာဈေး၌ လက်လီလက်ကား ရောင်းချလျက်ရှိသော အခြေခံစားသောက်ကုန်များအနက် သကြၤန်လွန်ကာလတွင် သားငါးဈေးများ မြင့်တက်နေကြောင်း သိရသည်။

ကြက်သားဈေးနှုန်းသည် ယခင်က တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ အထိဖြစ်လာပြီး အိမ်ကြက်များမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ အထိ မြင့်တက်လာကြောင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့လာပြီး ရေလည်း ရှားပါးလာ၍ ကြက်များကို မွေးမြူထုတ်လုပ်ရာတွင် အခက်အခဲများကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း ရေးမြို့ မြသီတာဈေးမှ ကြက်သားသည်တစ်ဦးက ပြောသည်။



မြသီတာဈေးမှ ကုန်စုံဆိုင်တစ်ဆိုင်

အခြားသားငါးများမှာလည်း ဈေးနှုန်းများမြင့်တက်လျက်ရှိရာ ဝက်သားမှာ ယခင်က ရှယ်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေးမှ ယခုအခါ ကျပ် ၁၂၀၀၀ အထိဖြစ်လာပြီး အမဲသားမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ မှ ၁၃၅၀၀ ကျပ်အထိ ဖြစ်လာကြောင်း သိရသည်။ ငါးပုစွန်ဈေးကွက်တွင်လည်း ဈေးနှုန်းများ မြင့်တက်နေပြီး ပုစွန်တုပ်တစ်ပိဿာလျှင် ယခင်က ကျပ် ၁၈၀၀၀ ခန့်မှ ယခုအခါ ကျပ် ၃၀၀၀၀ ခန့်အထိ မြင့်တက်လာကြောင်း သိရသည်။ ဈေးကွက်အတွင်း သားငါးကုန်ကြမ်း ရှားပါးလာသော်လည်း စားသုံးသူများရှိနေ၍ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း သားငါးများ ရောင်းချနေသူများက ပြောသည်။

သကြၤန်လွန်ကာလ၌ ရေးမြို့နယ် ဈေးကွက်အတွင်း ရောင်းချနေသော အခြေခံစားသောက်ကုန်များအနက် သားငါးများမှာ ပုံမှန်ထက် ဈေးနှုန်းတက်လာသော်လည်း ပြည်တွင်းပြည်ပမှ ဝင်ရောက်လာသော အခြားကုန်စည်များ၊ ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် မီးဖိုဆောင်သုံး စားသောက်ကုန်များ၊ အခြားလူသုံးကုန်များမှာမူ အနည်းငယ်သာ ဈေးနှုန်းပြောင်းလဲကာ ပုံမှန်ဈေးတွင် ရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ရှစ်မျက်နှာစေတီတော် ဌာပနာတော်သွင်းနှင့် ထီးတော်တင်ပွဲ ကျင်းပ

**ကနီ မေ ၂၄**
ပြီးခဲ့သည့်နှစ်အတွင်းက ငလျင်ဒဏ်ကြောင့် ထီးတော်များပျက်စီးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် နတ်ရဲတောင်ကျေးရွာအုပ်စု နတ်ကောင်းစဉ်ကျေးရွာရှိ ရှစ်မျက်နှာစေတီတော်၊ ရွှေကိုယ်ကြီးစေတီတော်နှင့် ရွှေကိုယ်လေးစေတီတော်များအား အထက်ဌာပနာတော်သွင်းလှူခြင်းနှင့် ထီးတော်တင်လှူပွဲကို မေ ၂၂ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပျက်စီးခဲ့သောစေတီတော်များကို ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ လှူဒါန်းထောက်ပံ့မှုနှင့် နတ်ကောင်းစဉ်ကျေးရွာနေ ပြည်သူများ၏စုပေါင်းလှူဒါန်းမှုများဖြင့် ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကာ ထီးတော်များကို မုံရွာမြို့နေ ဦးခင်မောင်ညွှန့်နှင့်ဇနီး ဒေါ်ထားမြင့်မိသားစု၊ ဗိုလ်ချုပ်ဉာဏ်ထွန်း(ငြိမ်း)နှင့်ဇနီးဒေါ်စိုးစိုးဟန်မိသားစုနှင့် ဦးစောမောင်နှင့် ဇနီးဒေါ်အုန်းကြည်မိသားစုတို့က လှူဒါန်းခဲ့သဖြင့် စေတီတော်များ အထက်ဌာပနာတော်သွင်းလှူခြင်းနှင့် ထီးတော်တင်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။ ထီးတော်တင်လှူပူဇော်သော ရှစ်မျက်နှာစေတီတော်၊ ရွှေကိုယ်ကြီးစေတီတော်နှင့် ရွှေကိုယ်လေးစေတီတော်များမှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က လှုပ်ခဲ့သော အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ ငလျင်ကြောင့် စေတီလုံးတော် ငှက်ပျောဖူးတော်မှ အက်ကွဲပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



# ဆားလင်းကြီးမြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေများ အဆက်မပြတ် လှူဒါန်းလျက်ရှိ

**ဆားလင်းကြီး မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ပြီး မိုးရေလှောင်ကန်များတွင် ရေခန်းခြောက်ခြင်းများဖြစ်ပေါ်လျက်ရှိရာ စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေများကို မှီခိုအသုံးပြုနေကြရပြီး အဆိုပါကျေးရွာများတွင် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေးအတွက် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သောက်သုံးရေများ အဆက်မပြတ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။



မေ ၂၂ ရက်နှင့် ၂၃ ရက်တွင်လည်း ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးပရဟိတအဖွဲ့များပူးပေါင်း၍ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော မကျီးတစ်ထောင်(ရွာသစ်)၊ သာယာကိုင်းကျေးရွာ၊ ကျောက်မှော်ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့်လည်းကောင်း၊ သောက်ရေသန့်ဘူးကြီးများဖြင့်လည်းကောင်း သောက်သုံးရေများကို သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ရိုးမတောင်ပေါ် သိုင်းနယ်ကျေးရွာများတွင် သောက်သုံးရေအခက်အခဲဖြစ်နေ

**ရေတာရှည် မေ ၂၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အနောက်ဘက်ခြမ်း ရိုးမတောင်ပေါ် ကျေးရွာများ၌ နေ့အပူချိန်မြင့်တက်ခြင်းကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာရကြောင်း သိရသည်။ ဆံတော်ပို့ကျေးရွာအုပ်စု ဇဝင်းကျေးရွာအနီးရှိ လုံးရမ်းချောင်းမှာ ရေခန်းခြောက်၍ သဲသောင်ပြင်အတိသာရှိတော့သည်ကို မြင်တွေ့ရသည်။

သောက်သုံးရေ ရှားပါးပြတ်လပ်လာသည့်အချိန်တွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ရေအကူအညီရရန်လည်း မလွယ်ကူဘဲဖြစ်နေကြောင်း သိရသည်။ ဒေသခံကျေးရွာသားများအနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများဖောက်လုပ်ရန် ဆန္ဒရှိကြသော်လည်း ငွေကြေးမတတ်နိုင်သည့်အတွက် အခက်အခဲများစွာဖြစ်ပေါ်နေရသည်ဟု ပြောကြားသည်။ “မိုးရာသီဆို လုံးရမ်းချောင်းက ရေစီးအလွန်သန်တော့ ရေအကျကိုစောင့်ရတယ်။ ကျန်းမာရေးမကောင်းလို့ မြို့ဆေးရုံကိုပို့ရမယ်ဆိုရင် ကားလမ်းရောက်အောင် ပုခက်နဲ့ထမ်းကြရတယ်။ ခုလည်း ရေရှားပါးလို့ ဘယ်ကမှလာကူညီလို့မရဘူး”ဟု အဆိုပါကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။ သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော်ကားလမ်း မိုင်တိုင် ၂၄ မှ တောင်ဘက်သို့ နှစ်မိုင်ခန့်ဆက်သွားရသည့် အဆိုပါကျေးရွာသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်အပြင် ကျေးရွာအတွင်း၌ ယင်လုံအိမ်သာ မရှိသလောက်နည်းပါးလွန်းခြင်းသည် ကျန်းမာရေးအတွက် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မဲဆန္ဒရှင်ပြည်သူများနှင့်လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲပြုလုပ်

**ကသာ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက်တွင် ကသာမြို့နယ် ရောဝတီမြစ် အရှေ့ဘက်ကမ်း ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံမိတ်ဆက်ကာ ဒေသခံတောင်သူများ မြေယာလုပ်ပိုင်ခွင့်အပြည့်အဝရရှိရေး၊ စိုက်ပျိုးရေး၊ လူမှုရေး ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်ချောမွေ့စေရေး၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မေ ၂၂ ရက်တွင် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ကျင်းပခဲ့သော တွေ့ဆုံမိတ်ဆက်ပွဲတွင် လာဘ်စားမှုကင်းစင်ပပျောက်ရေး၊ သစ်တောသစ်ပင်များ ပြုန်းတီးလာမှုကို အထူးကြပ်မတ် ထိန်းသိမ်းကာကွယ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် တရားမဝင် သတ္တုတူးဖော်မှုများကို ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများ မရှိစေရန် တားဆီးကာကွယ်ရေးတို့အပြင် မဖွံ့ဖြိုးသေးသော မြို့ရွာဒေသ အသီးသီးရှိ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များအားလုံးကို ပိုမိုကောင်းမွန်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၊ ကသာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် သတင်းမီဒီယာအဖွဲ့များတက်ရောက်ခဲ့ကြသည်။



**ဖိုးနိုင်(ကသာ)**

# မီးလောင်မှုများ၏ တစ်ဝက်နီးပါးမှာ ပေါ့ဆမီးကြောင့်ဖြစ်

**နေပြည်တော် မေ ၂၄**

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီ ၂၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု ၈၇၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်မှုများတွင် တစ်ဝက်နီးပါးဖြစ်သော ၄၂၇ ကြိမ်မှာ မီးဖိုမီးအပါအဝင် မီးကို မဆင်မခြင်ပေါ့ဆစွာသုံးစွဲခြင်းကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်ဖြစ်ပွားသည့် မီးလောင်မှုများတွင် မီးဖိုမီးပေါ့ဆမီး ၄၂၇ ကြိမ်၊ တောမီး ၁၈၂ ကြိမ်၊ လျှပ်စစ်မီး ၁၆၈ ကြိမ်၊ မသမာသူရှို့မီး အကြိမ် ၇၀၊ အလိုအလျောက်မီး ၂၁ ကြိမ်နှင့် စုံစမ်းဆဲ လေးကြိမ်ဖြစ်ကာ စုစုပေါင်း မီးလောင်မှု ၈၇၂ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုများကြောင့် စုစုပေါင်း အိမ်ခြေအဆောက်အအုံ ၄၂၀၈ လုံး၊ စက်ရုံ၊ အလုပ်ရုံ ခုနစ်ခုနှင့် ဂိုဒေါင် ၃၁ လုံး မီးလောင်ခံရပြီး ငွေကျပ် ၃၉၃၈၃ ဒသမ ၈၆ သန်း ဆုံးရှုံးခဲ့သည်။ မီးဘေးကြောင့် လူ ၂၃ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရရှိကာ ၈၂၄၄ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မီးလောင်မှုများဖြစ်ပွားမှုနှုန်းအရ ရှမ်းပြည်နယ်တွင် အများဆုံးဖြစ်ပွားခဲ့ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒုတိယအများဆုံး ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ မီးလောင်မှုစုစုပေါင်း ၈၇၂ ကြိမ်အနက် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ဖြစ်ပွားခဲ့သောမီးလောင်မှုမှာ ၄၀၂ ကြိမ်ရှိခဲ့ရာ ကျေးရွာမီးလောင်မှုသည် ၄၆ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ သို့သော် ကျေးရွာများမီးလောင်မှုမှ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၅၉၆ ဒသမ ၄၁ သန်းခန့်သာရှိရာ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သော ဆုံးရှုံးမှုတန်ဖိုး၏ ၁ ဒသမ ၅၁ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်ကို တွေ့ရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများသိရှိကာ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသလို မြို့နယ်အလိုက် ရပ်ကွက်ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းစသည်တို့ကို ဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြောင်းကိုလည်း ဖော်ပြထားသည်။

ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာများအရောက် ကျယ်ကျယ်ပြန့်ပြန့်၊ အရှိန်အဟုန်မြှင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်ဦးလှျှမ်**

**၂၀၁၆ခုနှစ် ဇန်နဝါရီလမှ ဧပြီလ ၂၀ ရက်နေ့အထိ လအလိုက် မီးလောင်မှုဇယား**

| စဉ် | လအလိုက် မီးလောင်မှုအကြိမ်ရေ | | ဆုံးရှုံးမှုတန်ဖိုး (ငွေကျပ်သန်း) |
|---|---|---|---|
| ၁။ | ဇန်နဝါရီလ | ၁၇၈ | ၃၆၂၇၀. ၄၉ |
| ၂။ | ဖေဖော်ဝါရီလ | ၂၃၀ | ၁၅၃၇. ၈၂ |
| ၃။ | မတ်လ | ၂၈၄ | ၁၃၁၀. ၁၃ |
| ၄။ | ဧပြီလ ၂၀ ရက်ထိ | ၁၈၀ | ၂၆၅. ၄၂ |
| | စုစုပေါင်း | ၈၇၂ | ၃၉၃၈၃. ၈၆ |

# သောက်သုံးရေပြတ်လပ်သောနေရာများသို့ ရေဖြန့်ဝေပေးနိုင်ရန် စီစဉ်ထား

**ပုလဲ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၂၁ ရက်က ကြက်ရင်းကျေးရွာအုပ်စု အောင်ငြိမ်းချမ်းကျေးရွာနေ အိမ်ထောင်စုများအတွက် သောက်သုံးရေ ဂါလန် ၂၄၀၀ ကို ရေသယ်ယာဉ်များဖြင့် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဦးဖြိုးဖြိုးကျော်က "အောင်ငြိမ်းချမ်းကျေးရွာ မိုင်တိုင်(၅၉)မှာ သောက်သုံးရေပြတ်လပ်နေကြောင်း သိရတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်တို့နဲ့အတူ သွားရောက်ခဲ့ပြီး အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၂၀၀ ကျော်အတွက် မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်နဲ့ ရေဂါလန် ၂၄၀၀ ကို ဖြန့်ဝေပေးခဲ့ပါတယ်။ မိုင်တိုင်(၅၉)နေ အိမ်ထောင်စုများအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီး မေ ၉ ရက်မှာ ရေဂါလန် ၂၀၀၀ နဲ့ မေ ၁၃ ရက်မှာ ဆားလင်းကြီးမြို့နယ် ရွာသမင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးကုဝေရနဲ့အတူ ရေဂါလန်၂၀၀၀ ကို သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ဖြန့်ဝေပေးခဲ့ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်း၍ နွေရာသီကာလအတွင်း ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများသို့ သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ ရေသယ်ယာဉ်များဖြင့် သယ်ယူဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ဖုန်း-၀၇၁-၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

KBZSC
KBZ STIRLING COLEMAN SECURITIES CO., LTD

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏**
**စတော့ရှယ်ယာ ရောင်းဝယ်လိုသူများအား ဖိတ်ခေါ်ခြင်း**

၁။ မြန်မာနိုင်ငံ၌ ပထမဆုံးပေါ်ထွက်ခဲ့သည့် ရန်ကုန်စတော့ အိတ်ချိန်း၌ စတော့ရှယ်ယာ ရောင်းဝယ်ခြင်းအား ၂၅. ၃. ၂၀၁၆ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခွင့်ပြုခဲ့ရာ မကြာမီကာလတွင် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ စတော့ရှယ်ယာများအား ရင်းနှီးမြှုပ်နှံလိုသူ ပြည်သူအများသို့ ရောင်းဝယ်ခွင့်ပြုသွားတော့မည်ဖြစ်ပါသည်။

၂။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်စာရင်း ( Trading Account ) တစ်ခုဖွင့်လှစ်ရန် မလွဲမသွေ လိုအပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ KBZ ဘဏ်ခွဲအသီးသီးသို့ ဆက်သွယ်ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | မြန်မာစင်တာဘဏ်ခွဲ ၊ အင်းယားလမ်းဘဏ်ခွဲ ၊ ရန်ကင်းဘဏ်ခွဲ ၊ တက္ကသိုလ်လမ်းဘဏ်ခွဲ (၂) ၊ ဗိုလ်မြတ်ထွန်းလမ်းဘဏ်ခွဲ ၊ ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ ၊ ဒဂုံစင်တာဘဏ်ခွဲ ၊ ၇ မိုင်ဘဏ်ခွဲ ၊ ၉ မိုင်ဘဏ်ခွဲ ၊ ခိုင်ရွှေဝါလမ်းဘဏ်ခွဲ ၊ လမင်းသာယာကွန်ဒိုဘဏ်ခွဲ ၊ ထော်လီကွေ့ဘဏ်ခွဲ ၊ ထီးတန်းဘဏ်ခွဲ ၊ သစ္စာလမ်းဘဏ်ခွဲ သုမင်္ဂလာလမ်းဘဏ်ခွဲ ၊ မြောက်ဥက္ကလာဘဏ်ခွဲ(၂) ၊ စံပြဈေးဘဏ်ခွဲ ၊ မြောက်ဒဂုံဘဏ်ခွဲ(၃) ၊ လှိုင်သာယာဘဏ်ခွဲ(၄) ၊ လှိုင်သာယာဘဏ်ခွဲ(၅) ၊ |
| **မန္တလေးတိုင်းဒေသကြီး** | မန္တလေးဘဏ်ခွဲ(၁) ၊ မန္တလေးဘဏ်ခွဲ(၂) ၊ မန္တလေးဘဏ်ခွဲ(၃) ၊ မန္တလေးဘဏ်ခွဲ(၄) ၊ မင်္ဂလာဈေးဘဏ်ခွဲ ၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ ၊ မန္တလေးဘဏ်ခွဲ(၇) ၊ မန္တလေးဘဏ်ခွဲ(၈)၊ မန္တလေးဘဏ်ခွဲ(၉)၊ မန္တလေး ဘဏ်ခွဲ(၁၀)၊ မိတ္ထီလာဘဏ်ခွဲ(၁)၊ မိတ္ထီလာဘဏ်ခွဲ(၂)၊ မိတ္ထီလာဘဏ်ခွဲ(၃)၊ မိတ္ထီလာဘဏ်ခွဲ(၄)၊ မိတ္ထီလာဘဏ်ခွဲ(၅)၊ |
| **ပဲခူးတိုင်းဒေသကြီး** | ပဲခူးဘဏ်ခွဲ(၂) ၊ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | မုံရွာဘဏ်ခွဲ(၁) ၊ မုံရွာဘဏ်ခွဲ(၂)၊ |
| **မကွေးတိုင်းဒေသကြီး** | မကွေးဘဏ်ခွဲ(၁) ၊ မကွေးဘဏ်ခွဲ(၂)၊ |
| **နေပြည်တော်တိုင်းဒေသကြီး** | နေပြည်တော်ဘဏ်ခွဲ(၁) ၊ နေပြည်တော်ဘဏ်ခွဲ(၂) ၊ နေပြည်တော်ဘဏ်ခွဲ(၃) ၊ နေပြည်တော်ဘဏ်ခွဲ(၄) ၊ |
| **ဧရာဝတီတိုင်းဒေသကြီး** | ပုသိမ်ဘဏ်ခွဲ(၁) ၊ ပုသိမ်ဘဏ်ခွဲ(၂) ၊ |
| **ရှမ်းပြည်နယ်တောင်ပိုင်း** | တောင်ကြီးဘဏ်ခွဲ(၁) ၊ တောင်ကြီးဘဏ်ခွဲ(၂) ၊ တောင်ကြီးဘဏ်ခွဲ(၃) ၊ |
| **ရှမ်းပြည်နယ်မြောက်ပိုင်း** | မူဆယ်ဘဏ်ခွဲ(၁) ၊ |
| **မွန်ပြည်နယ်** | မော်လမြိုင်ဘဏ်ခွဲ(၁) ၊ မော်လမြိုင်ဘဏ်ခွဲ(၂) ၊ မော်လမြိုင်ဘဏ်ခွဲ(၃) ၊ |

၃။ Trading Account ဖွင့်လှစ်လိုသူမည်သူမဆို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဘဏ်စာရင်း ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် အထက်ပါဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

၄။ လူကြီးမင်းတို့အနေဖြင့် မြန်မာ့နှစ်ကူးအခါသမယ၌ စတော့ရှယ်ယာရောင်းချခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းကာ စီးပွားလာဘ်လာဘများ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

KBZ Stirting Coleman Co.,Ltd.
အခန်းအမှတ် (၁၀၅)၊ မြေညီထပ်၊ Strand Square ၊ အမှတ်(၅၃)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

# အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကြေးကုန်းကျောက်တန်းရွာတွင် သောက်သုံးရေ ခက်ခဲမှုကြောင့် ရွာသူရွာသားများကြုံတွေ့ရသည့် သောက်သုံးရေရှားပါးခြင်းဒုက္ခကို ကြီးမားသည့် မေတ္တာ စေတနာတို့ဖြင့် စက်ရေတွင်းနှင့်ရေလှောင်ကန်တို့ကို တူးဖော်တည်ဆောက်လှူဒါန်းပေးပါသော **"ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ တာဝန်ရှိသူ အားလုံးတို့အား ရွာဦးကျောင်းဆရာတော် နှင့်တကွ ကျေးရွာသူကျေးရွာသားအားလုံးတို့က အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြ အပ်ပါသည်။

**ရွာဦးကျောင်းဆရာတော် ဥူးသာဂရနှင့် ကျေးရွာသူ၊ ကျေးရွာသားများ**
**ကြေးကုန်းကျောက်တန်းရွာ၊ ကလောမြို့နယ်**

# ကမ္ဘောဇဘဏ်မိသားစုသို့ နှစ်ဦးဆုမွန်နှင့် အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၂၁၉)ပေတွင် တည်ရှိသော တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သောက်သုံးရေအခက်အခဲကို အစဉ်ကြုံတွေ့ရပါသည်။

ထိုအခက်အခဲများကို ပြေလည်စေရန်အတွက် မေတ္တာ၊ စေတနာအပြည့်ဖြင့် **"ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ အောက်ပါအတိုင်း လှူဒါန်းဆောင်ရွက်ပေးခဲ့ပါသည်။

(က) မင်္ဂလာကန်အား ကန်ဆယ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ နန်းစစ်ကန်များဆောက်လုပ်ခြင်းနှင့် ရေရှည်တည်တံ့စေရန် ကန်ပေါင်အား ကျောက်စီပေးခြင်း၊

(ခ) အောင်ပန်းမြို့ မဟာစည်သာသနာ့ရိပ်သာတွင် စက်ရေတွင်းတူးဖော်ပေးခြင်း၊

(ဂ) အောင်ပန်းမြို့၊ မင်္ဂလာကန်ရှေ့ ပြည်သူ့ဆေးရုံအနီးတွင်လည်းကောင်း၊ အောင်ပန်းပင်မှီ ဂေါက်ကလပ်အတွင်းတွင်လည်းကောင်း၊ အေးမြင့်သာယာရပ်ကွက်တွင်လည်းကောင်း စက်ရေ တွင်းများတူးဖော်ပေးခြင်းနှင့် ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း။

ဖော်ပြပါလှူဒါန်းမှုများ၏ အကျိုးကျေးဇူးကို အောင်ပန်းမြို့ ရဟန်းသံဃာများနှင့် မြို့နေပြည်သူ လူထုတို့ခံစားရသည့်အတွက် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** နှင့်တကွ ကမ္ဘောဇ ဝန်ထမ်းမိသားစုတို့အား အောင်ပန်းမြို့မှ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများမှ အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် ရေအကျိုးဆယ်ပါးတို့အား အစဉ်ခံစားစံစားရပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုး၊ သာသနာ အကျိုးတို့အား ဆတက်တိုး၍ သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း နှစ်ဦးအခါသမယတွင် ဆုမွန် ကောင်းတောင်းအပ်ပါသည်။

**မြို့မိ၊ မြို့ဖများနှင့် မြို့နေပြည်သူများ**
**အောင်ပန်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ အမှတ်(၂) ဒဂုံမြောက်မြို့နယ်တွင် အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် (၂)ကို ၃-၅-၂၀၁၆ ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၈၀၈၆၄၀၊**
**၀၉-၄၂၁၁၂၄၉၆၇**
**အမှတ် ၁-၈၊ မြဝတီမင်းကြီးလမ်း၊ ၅၁ ရပ်ကွက်၊**
**မြောက်ဒဂုံ**

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည်လည်း တစ်ရှိန်ထိုးတိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်ဟိုတယ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပေးလျက်ရှိပါသည်။ လုပ်ကိုင်ခွင့်ရရှိသူများအနက် အချို့မှာ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိသော်လည်း အချို့မှာ စာချုပ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ယခုအခါ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေရရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေလိုပါသည်။ ထို့အတွက် တင်ဒါတင်သွင်းသူမှ အောက်ပါအချက်များအား ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါသည်-

(က) အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်
(ခ) သက်ဆိုင်ရာကုမ္ပဏီ၏ ရာဇဝင်အချက်အလက်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ
(ဂ) ဟိုတယ်အားရင်းနှီးမြှုပ်နှံတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်
(ဃ) မိမိနှင့် လုပ်ငန်းဆောင်ရွက်နေသောဘဏ်မှ မိမိ၏ဘဏ်စာရင်းနှင့် မိမိအဆိုပြုဈေးနှုန်းအား ငှားရမ်းသူမှ မပေးသွင်းပါက အဆိုပါဘဏ်မှပေးသွင်းမည့် အကြောင်း အာမခံချက်
(င) မိမိတင်သွင်းထားသော အဆိုပြုဈေးနှုန်းအပေါ် အရင်းကျေကာလနှင့် အကျိုးအမြတ် ရရှိမှုအခြေအနေဖော်ပြချက်
(စ) ဌာနပိုင်ဟိုတယ်များအား လက်ရှိငှားရမ်းထားသူများသည် အမည်ပြောင်းပြီး ထပ်မံလျှောက်ထားခြင်းမပြုရန်။

၃။ သို့ပါ၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင် အောက်ဖော်ပြပါ ဟိုတယ်နှစ်လုံးအား ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်-

(က) မြောက်ဦးဟိုတယ် အခန်း(၂၄)ခန်း၊ မြေဧရိယာ ၅ဒသမ၅၄ဧက၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
(ခ) ဂန္ဓမာမြိုင်ဟိုတယ်အခန်း (၅)ခန်း၊ မြေဧရိယာ ၂ဒသမ ၉၆ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ တင်ဒါစည်းကမ်းချက်အသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၆ခုနှစ် မေ ၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီတွင် အသေးစိတ်ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ယင်းသို့ ရှင်းလင်းပြောကြားရာ၌ တင်ဒါတင်သွင်းသူကိုယ်တိုင် (သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်သာ တက်ရောက်ခွင့်ရှိပါမည်။ တင်ဒါစည်းကမ်းများ ရှင်းလင်းပွဲသို့ တက်ရောက်သူသာလျှင် အဆိုပြုတင်သွင်းလွှာများ တင်သွင်းခွင့်ရှိပါမည်။

၅။ တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများကို ၆-၅-၂၀၁၆ရက် (သောကြာနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ယင်းနေ့ ၁၄း၀၀နာရီတွင် လူတွေ့မေးမြန်းခြင်း ဆောင်ရွက်သွားပါမည်။

၆။ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၆၇- ၄၀၆၁၇၂၊ ၄၀၆၁၃၁သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ရွှေဥက္ကလာရေသန့်စက်ရုံမှ အလိုရှိသည်

ယာဉ်မောင်း ၁ ဦး၊ ဝန်ထမ်း ကျား ၅ ဦး မ ၄ ဦး
နယ်ဝန်ထမ်းဦးစားပေးမည်။ နေရန်၊ စားရန် စီစဉ်ပေးမည်။
အမှတ် ၁၉၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ ည+၄တိုးချဲ့၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့၊
**ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄**

**Swan Htet Yee Construction Co.,Ltd. တွင်ခန့်အပ်ရန်**
## အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်

(က) HR မန်နေဂျာ(ကျား) ၁ ဦး
(ခ) Operation မန်နေဂျာ(ကျား) ၁ ဦး
(ဂ) Office Staff (ကျား၊ မ) ၁ ဦး
(ဃ) Accountant ၂ ဦး
(င) Cashiser ၁ ဦး

**ဆက်သွယ်ရန်လိပ်စာ-အမှတ် ၂၀၃၊ မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၉၀၁၀၁၇၉**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၅)ခုအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း/ အရှေ့ပိုင်း/တောင်ပိုင်း)ဒေသများအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၅-၂၀၁၆ရက်၊ တနင်္ဂနွေနေ့
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၀-၅-၂၀၁၆ရက်၊ သောကြာနေ့
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၂၃-၅-၂၀၁၆ရက်၊ တနင်္လာနေ့

၂။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ဖုန်း-၀၈၁-၂၀၈၅၂၃၊ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး) ဖုန်း-၀၈၂-၂၃၇၈၉၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၆၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်အတွင်းရှိ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ ရေသဲ၊ သံချောင်းလုံးရှယ်စုံ၊ ဒီဇယ်ဆီ စသည့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ ဝယ်ယူလိုသည့်လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့တွင် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)
၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၅-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၅-၂၀၁၆ရက်၊ ၀၉း၃၀ နာရီ
၆။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ ဖုန်း-၀၈၆-၄၅၄၀၇

၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဘွဲ့ရအမျိုးသားဝန်ထမ်း(၁)ဦး အလိုရှိသည်

ပုံသေလစာ-၁၅၀၀၀၀/-

ဆက်သွယ်ရန်လိပ်စာ
**ဥက္ကဋ္ဌ**
**တောင်ကြီးခရိုင် G.E.C**
**ဖုန်း-၀၈၁-၂၁၂၃၀၁**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

**International Freight Forwarding & Logistics Co.,Ltd** တွင်အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

(၁)**Office & Operation Staff** ကျား/မ(၁၀)ဦး
- အနည်းဆုံး(၁၀)တန်းအောင်/တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်။
- အသက်(၃၀)နှစ်ထက်မကြီးရ။
- Microsoft Word/Excel အသုံးပြုနိုင်ရမည်။
- ရုံးလုပ်ငန်းအတွေ့အကြုံရှိသူဦး စားပေးမည်။

(၂)**Warehouse Staff** ကျား(၅)ဦး
- အနည်းဆုံးအခြေခံပညာအလယ်တန်းအောင်ရမည်။
- အသက်(၃၀)နှစ်ထက်မကြီးရ။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။
- ဂိုဒေါင်တွင်နေ့/ညတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၁)နှင့်(၂)အတွက် လျှောက်ထားလိုသူများသည် ဓါတ်ပုံတစ်ပုံ၊ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမိတ္တူနှင့်အတူ ပူးတွဲ၍ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လူကိုယ်တိုင် အောက်ပါလိပ်စာအတိုင်းပေးပို့ လျှောက်ထားနိုင်ပါသည်။
အခန်း(203)၊ တာဝါ(A) Junction(8)၊ မြိုင်ဟေဝန်အဆင့်မြင့်အိမ်ရာ၊ စမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 1-1(T)/MESC/2016-2017 | ရုံးသုံးစက်ကိရိယာ(၃)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၄-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (ခ) | 1-2(T)/MESC/2016-2017 | အခြားရုံးသုံးပစ္စည်း(၇)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |
| (ဂ) | 1-3(T)/MESC/2016-2017 | ရုံးသုံးပရိဘောဂ(၁၈)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |
| (ဃ) | 1-4(T)/MESC/2016-2017 | တာယာ(၉)မျိုးနှင့်ဘက်ထရီ(၄)မျိုး ဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၅-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (င) | 1-5(T)/MESC/2016-2017 | လျှပ်စစ်ပုံစံ(၂၂)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
